# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၆ ခုနှစ် ၊ ပြာသိုလပြည့်ကျော် (၅)ရက် ၊ စနေနေ့ ၊ (18-1-2025) ၊ အတွဲ (၃၃) ၊ အမှတ် (၂၆၃)

**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

## အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုများကြောင့် ယာယီနေရပ်စွန့်ခွာနေကြရသည့် ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးရန်ပုံငွေမှ လိုအပ်သည့် ထောက်ပံ့မှုများဆောင်ရွက်ပေးရန် စီစဉ်ဆောင်ရွက်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၇**

ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

> **နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာ၌ မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ တာဝန်ယူဆောင်ရွက်ချိန်တွင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ်များနှင့်

စာမျက်နှာ ၁၆ ကော်လံ ၁



ရတနာပုံ
၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၈ ရက်

**အယ်ဒီတာ့အာဘော်**

# ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ဖို့ ဝိုင်းဝန်းဆောင်ရွက်စို့

ခရီးသွားလုပ်ငန်းသည် ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်ရေးကို များစွာအထောက်အကူပြုလျက်ရှိ၍ မီးခိုးမထွက်သောစက်ရုံဟု တင်စားသတ်မှတ်ထားသည့် အစိမ်းရောင်စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည်။ ခရီးသွားလုပ်ငန်းသည် နိုင်ငံခြားဝင်ငွေရှာဖွေပေးပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုသည့်လုပ်ငန်းဖြစ်သည့်အပြင် ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးနိုင်သောကြောင့် ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ကြရမည်ဖြစ်သည်။ ထို့ပြင် ခရီးသွားလုပ်ငန်းကို စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများတွင် အရေးပါသည့်လုပ်ငန်းအဖြစ် ဆောင်ရွက်သကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများတွင်လည်း ပြည်တွင်း၊ ပြည်ပခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်နေသည်ကိုတွေ့ရသည်။

ခရီးသွားကာလသို့ စတင်ရောက်ရှိလာပြီဖြစ်သဖြင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုရှိစေရေး တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မိမိဒေသနှင့် ပတ်ဝန်းကျင်မျက်စိပသာဒရှိစေရေး၊ စိမ်းလန်းစိုပြည်ပြီး သန့်ရှင်းလှပစေရေး ဆောင်ရွက်ကြရမည်ဖြစ်သည်။ဒေသခံပြည်သူများ၏ ရိုးသားပွင့်လင်းဖော်ရွေခြင်း၊ ဧည့်ဝတ်ကျေပွန်ခြင်း၊ ယဉ်ကျေးပျူငှာခြင်း၊ လှိုက်လှဲဖော်ရွေခြင်းများသည် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုသည့်အတွက် ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းများ မြှင့်တင်တိုးချဲ့ဆောင်ရွက်ရန် လိုအပ်သည်။

မြန်မာနိုင်ငံသည် ခရီးသွားလုပ်ငန်းကို ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တာဝန်သိခရီးသွားလုပ်ငန်းမူဝါဒများကို ချမှတ်ကာ ဆောင်ရွက်နေသကဲ့သို့ အာဆီယံအစိမ်းရောင်ဟိုတယ်စံနှုန်း၊ လူထုအခြေပြုခရီးသွားလုပ်ငန်းစံနှုန်း၊ ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးစံနှုန်းများကဲ့သို့သော နိုင်ငံတကာစံနှုန်းများနှင့်အညီ အစိမ်းရောင်ခရီးသွားလုပ်ငန်းကိုပါ လိုက်ပါအကောင်အထည်ဖော်လျက်ရှိသည်။

နိုင်ငံ၏ စီးပွားရေးကဏ္ဍအနေဖြင့်ကြည့်လျှင် ခရီးသွားလုပ်ငန်းသည် စွန့်ဦးလုပ်ငန်းရှင်များနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်သူများအတွက် အခွင့်အလမ်းများစွာကို ဆောင်ကြဉ်းပေးနိုင်သည့်အပြင် ဆင်းရဲမှုလျှော့ချရေးနှင့် နယ်မြေဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အရေးပါသည့်ကဏ္ဍတစ်ခုဖြစ်သည်။ ထို့ပြင် ခရီးသွားကဏ္ဍ၏ စီးပွားရေးဆိုင်ရာအကျိုးသက်ရောက်မှုများသည် အခြားသောထုတ်လုပ်မှုကဏ္ဍများအပေါ်တွင်သာ ကျယ်ကျယ်ပြန့်ပြန့် သက်ရောက်လျက်ရှိရာ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များ အရှိန်အဟုန်ဖြင့် အောင်မြင်စေရန် အထောက်အကူပြုနိုင်ပေသည်။

မြန်မာနိုင်ငံသည် ခရီးသွားလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ရန်အတွက် အရင်းအမြစ်များစွာ ပိုင်ဆိုင်ထားသောနိုင်ငံဖြစ်သည်။ တောင်ပေါ်၊ မြေပြန့်၊ ကမ်းရိုးတန်း၊ မြစ်ဝှမ်း၊ ပင်လယ်ကမ်းခြေစသည့် မတူကွဲပြားထူးခြားလှသည့် သဘာဝရှုခင်းများ၊ သမိုင်းဝင်ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ၊ အရောင်အသွေးစုံလင်သည့် တိုင်းရင်းသားလူမျိုးများ၏ ရိုးရာဓလေ့များနှင့် လူနေမှုဘဝပုံစံများသည် ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်နိုင်သောအချက်များဖြစ်သည်။ ကမ္ဘာက မြန်မာကို ပိုမိုသိရှိလာပြီး စိတ်ပါဝင်စားမှုများပြားကာ ခရီးသွားဧည့်သည်အများအပြားကို ဆွဲဆောင်လာနိုင်သလို နိုင်ငံတော်၏ ပုံရိပ်သည်လည်း မြင့်မားလာမည်ဖြစ်သည်။

သို့ဖြစ်ရာ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဒေသအလိုက်နေထိုင်သူများ၊ တာဝန်ရှိသူများအားလုံး အတူတကွဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံတော်အတွင်း ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၊ ပြည်တွင်းခရီးသွားလုပ်ငန်းများ တိုးတက်လာလျှင် နိုင်ငံ၏စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုများသည်လည်း များစွာတိုးတက်ပြောင်းလဲလာမည်ဖြစ်သောကြောင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

## ၂၀၂၅ ခုနှစ်၊ ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ဗြဟ္မစိုရ်တရားနှင့် စစ်မှန်သောမျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။

(၂) လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင်လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့်အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်အောင် ဖော်ဆောင်ပေးရေး။

**ပြည်ထောင်စုဖွား တိုင်းရင်းသားတို့ သွေးစည်းညီညီ တွဲလက်ညီမှ တို့ပြည်ထောင်စု ခိုင်မြဲမည်**

**တစ်လေ့တည်းစီး တစ်ခရီးတည်းသွား တစ်စိတ်တည်းတစ်ဝမ်းတည်း မကွဲပြား ပြည်ထောင်စုရဲ့ နှလုံးသား**




# ပွင့်ဖြူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် စပါး ၆၉၉၉၉ ဧက ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး

**ပွင့်ဖြူ ဇန်နဝါရီ ၁၇**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် စပါး ၆၉၉၉၉ ဧက ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စပါး ၆၉၉၉၉ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သည့် စပါးများကို ၂၀၂၄ ခုနှစ် နိုဝင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် စပါး ၈၈ ဒသမ ၂၃ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"မိုးသီးနှံ စိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း စပါး ၆၉၉၉၉ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ စိုက်ပျိုးထားတဲ့ စပါးခင်းတွေကို ရိတ်သိမ်းခဲ့ရာ ဒီနေ့မှာ စပါးဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ အထွက်နှုန်းက တစ်ဧကကို ၈၈ ဒသမ ၂၃ တင်း ထွက်ရှိပါတယ်။ စပါးရိတ်သိမ်းရာမှာ အချိန်မီ ရိတ်သိမ်းနိုင်အောင်၊ ရိတ်သိမ်းပြီးတဲ့ စပါးတွေကို အရည်အသွေးကောင်းမွန်အောင်၊ အမိုးအကာအောက်မှာ စနစ်တကျ သိုလှောင် ထိန်းသိမ်းနိုင်အောင် တောင်သူတွေကို အသိပညာပေးတာတွေ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်အတွင်း စပါးစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အရည်အသွေးကောင်းသောစပါးများ စိုက်ပျိုးနိုင်ရန်၊ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရန်၊ ပိုးမွှားကျရောက်မှု ကင်းထောက်ခြင်း၊ တမန်းနှိုးပေါင်းထိုးခြင်း စသည့် စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စပါးသီးနှံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် စပါးသီးနှံများ အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ရေကြည်မြို့နယ်တွင် ဒေသထွက် ပီလောပီနံ့ဥများ အရောင်းအဝယ် ကောင်းမွန်လျက်ရှိ

**ရေကြည် ဇန်နဝါရီ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်တွင် ဒေသထွက် ပီလောပီနံ့ဥများ အရောင်းအဝယ်ကောင်းမွန် လျက်ရှိကြောင်း ရေကြည်မြို့နယ် လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်နီနီဝင်းက ပြောပြ၍ သိရသည်။

ရေကြည်မြို့နယ်တွင် ယခုနှစ် ဇန်နဝါရီလ ပထမပတ်က စတင်ပြီး ယနေ့ထိ ဒေသထွက်ပီလောပီနံ့ဥများ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ ပီလောပီနံ့ဥတစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀ ထိဈေးပေါက်နေကြောင်း သိရသည်။

"ပီလောပီနံ့ဥတွေ အရောင်းအဝယ်ကောင်းနေပါတယ်။လက်ရှိ ပီလောပီနံ့ဥတွေ စတင်ပေါ်နေတဲ့ အချိန်ဖြစ်ပါတယ်။ အခုလို ပီလောပီနံ့ဥတွေ အရောင်းအဝယ်ကောင်းနေတော့ စိုက်တဲ့တောင်သူတွေ အလုပ်အကိုင် အခွင့်အလမ်းကောင်းနေပါတယ်။ ဒီနှစ် ပီလောပီနံ့ဥတွေကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကပါ အဝယ်လိုက်နေပါတယ်"ဟု ရေကြည်မြို့နယ် လယ်ယာထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်နီနီဝင်းက ပြောပြသည်။

ရေကြည်မြို့နယ်တွင် တောင်သူများက စပါးစိုက်ပျိုးရေးလုပ်ငန်းနှင့်ယှဉ်တွဲပြီး ပီလောပီနံ့ဥ အပါအဝင်အခြားရာသီပေါ်သီးနှံများကိုလည်း စိုက်ပျိုးလျက်ရှိကြောင်း၊ အဆိုပါဒေသတွင် တောင်သူတစ်ဦးလျှင် ပီလောပီနံ့ဥ တစ်ဧကမှငါးဧကထိ စိုက်ပျိုးကြပြီး ပီလောပီနံ့ဥ တစ်ဧက စိုက်ပျိုးလျှင် ငွေကျပ် ၃၇၀၀၀၀ ထိ ကုန်ကျကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# စေတုတ္တရာမြို့နယ် ကောင်းကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စေတုတ္တရာ ဇန်နဝါရီ ၁၇**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကောင်းကြီးကျေးရွာ၌ ဆဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းနှင့် ဝန်ထမ်းများက ကျေးလက်နေ ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေ တိုးပွားလာကာ ကျေးလက်ဒေသ ဆင်းရဲမှုနှုန်း လျော့ကျလာစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ စီမံကိန်းမှ ရရှိလာမည့် အကျိုးကျေးဇူးများ၊ ကျေးလက်နေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်များ၊ မိသားစုတစ်နိုင်တစ်ပိုင် အသေးစား စီးပွားရေးလုပ်ငန်းများကို ယခင်ကထက် ပိုမိုလုပ်ကိုင်ဆောင်ရွက်စေလိုကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်စီမံကိန်း တာဝန်ခံ ဦးတင့်ထွန်းက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေကျပ် ၃၆ သန်းကို ကောင်းကြီးကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကောင်းကြီးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သည့် အသင်းသား၊ အသင်းသူ ဦးရေ ၃၀ ကို ငွေကျပ် ၁၂ ဒသမ ၉၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သည့် အသင်းသား၊ အသင်းသူ ၄၃ ဦးကို ငွေကျပ် ၂၀ ဒသမ ၃၅ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သည့် အသင်းသား၊ အသင်းသူ လေးဦးကို ငွေကျပ် ၂ ဒသမ ၇ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၇ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း စေတုတ္တရာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းက ပြောပြ၍ သိရသည်။

**ကိုညို**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ လမ်း ၂၀၊ ၈၂-၈၃ လမ်းကြားနေ ဒေါ်ယဉ်ယဉ်ဌေးနှင့်သားများက ဆွမ်း၊ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၇၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စ ဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# အရာတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံများ လျာထားကေထက်ပိုမိုစိုက်ပျိုးနိုင်ခဲ့



**အရာတော် ဇန်နဝါရီ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် သီးနှံများ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ၁၃၄၆ ကေ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၃၈၃ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ အရာတော်မြို့နယ်မှာ ဟင်းသီးဟင်းရွက်သီးနှံ ၁၃၄၆ ကေစိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၁၃၈၃ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာထုပ်သီးနှံတွေဖြစ်ပါတယ်" ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

အရာတော်မြို့နယ်တွင် နှစ်စဉ် ရာသီအလိုက် ဟင်းသီးဟင်းရွက်မျိုးစုံ စိုက်ပျိုးကြသော တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရန်၊ ဟင်းသီးဟင်းရွက်များကို ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်စေရန် အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေပြီး ဈေးကွက်လိုအပ်ချက်ဖြစ်သည့် ဝယ်လိုအားမျှတလာပါက လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် ဟင်းသီးဟင်းရွက်များကို ဒေသမရွေးကြိုးပမ်းစိုက်ပျိုးသင့်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်ထံမှ သိရသည်။

**(၂၀၆)**

# ကဝမြို့နယ် မကျက်ကြီးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ကဝ ဇန်နဝါရီ ၁၇**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ခေတ်မီစံပြကျေးရွာ ထူထောင်ခြင်းလုပ်ငန်းစီမံကိန်း ရန်ပုံငွေဖြင့် မကျက်ကြီးကျေးရွာ၌ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကဝမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စုလှိုင်နှင့် ဝန်ထမ်းများက မကျက်ကြီးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို မြို့နယ်ဦးစီးမှူးက မှာကြားခဲ့ကြောင်း သိရသည်။

မကျက်ကြီးကျေးရွာ၌ အရှည်ပေ ၇၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ခြင်းကို ခေတ်မီစံပြကျေးရွာထူထောင်ခြင်းလုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ် ၁၉ ဒသမ ၉၅ သန်းဖြင့် အောက်တိုဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာမှ ထွက်ရှိလာသော ထုတ်ကုန်၊ ထွက်ကုန်များကို ကုန်ကျစရိတ်သက်သာစွာဖြင့် ဈေးကွက်သို့ အချိန်မီတင်ပို့နိုင်မည်ဖြစ်ကြောင်း ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စုလှိုင်က ဆက်လက်ပြောပြ၍ သိရသည်။

**သုတ**

# ညောင်တုန်းမြို့နယ်မှထွက်ရှိသည့် ပခန်းစပါးများ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း တင်းရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ညောင်တုန်း ဇန်နဝါရီ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှထွက်ရှိသည့် ပခန်းစပါးများ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း တင်းရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ်မှဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ယုဝေက ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် နိုဝင်ဘာလ တစ်လအတွင်း ပခန်းစပါးအမျိုးအစား တင်းရေ ၅၇၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဒီဇင်ဘာ ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း ပခန်းစပါးအမျိုးအစားတင်းရေ ၇၁၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''ညောင်တုန်းမြို့နယ်ကနေ ထွက်ရှိတဲ့ ပခန်းစပါးတွေကို ပြီးခဲ့တဲ့ ဒီဇင်ဘာလအတွင်းက တင်းရေ ၇၁၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ညောင်တုန်းမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို တင်ပို့တဲ့ ပခန်းစပါးတွေက အရည်အသွေး ကောင်းမွန်ပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ပခန်းစပါးအမျိုးအစားက ဆန်ကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဈေးကွက်က ကုန်သည်တွေက ဝယ်ယူမှုများနေလို့ အရောင်းအဝယ်ကောင်းခဲ့တာ ဖြစ်ပါတယ်။ ပြည်တွင်း ဆန်၊ စပါးဈေးကွက်မှာကို ပခန်းစပါးက အဝယ်လိုက်နေပါတယ်''ဟု ညောင်တုန်းမြို့နယ်မှ ဆန်စပါး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ယုဝေက ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် ပခန်းစပါးအမျိုးအစား တင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၇၈၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါစပါးများ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သည့် လုပ်ငန်းရှင်များ အလုပ်အကိုင် အခွင့်အလမ်းရရှိလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ရွှေဖရုံသီး၏ကျန်းမာရေးအကျိုးကျေးဇူးများ အပိုင်း(၁)

ဒေါက်တာလပြည့်ခင်

**ရွှေဖရုံသီး (Pumkin)**

အလွန်အရေးပါသော အာဟာရဓာတ်များနှင့် ကြွယ်ဝနေပြီး ကျန်းမာရေးအတွက် အထူးကောင်းမွန်သော အစားအာဟာရတစ်ခုမှာ ရွှေဖရုံသီး(Pumkin) ဖြစ်သည်။ ရွှေဖရုံသီးသည် နှစ်ခြိုက်စွာအိပ်ပျော်စေရုံသာမက အခြားသောကျန်းမာရေးအကျိုးကျေးဇူးများစွာကိုလည်း ပေးစွမ်းသည်။ သွေးပေါင်ချိန်ကို လျှော့ကျစေပြီး အမြင်အာရုံကို မြှင့်တင်ပေးကာ နှလုံးကို ကျန်းမာသန်စွမ်းသည့် အကျိုးကျေးဇူးများ ရရှိစေနိုင်သည်။ ရွှေဖရုံသီးတစ်အောင်စလျှင် အမျှင်ဓာတ် ၁ ဒသမ ၇ ဂရမ်ပါဝင်သောကြောင့် အနည်းငယ်စားရုံဖြင့် ဗိုက်ပြည့်စေပါသည်။

ရွှေဖရုံသီးတွင် အသားဓာတ်နှင့် အမျှင်ဓာတ်များကြွယ်ဝစွာပါဝင်ပြီး ဓာတ်တိုးစေရန်လိုအပ်သည့် ဗီတာမင်နှင့် မဂ္ဂနီးစီ၊ မဂ္ဂနီစီယမ်၊ ပိုတက်စီယမ်နှင့် သံဓာတ်များပါဝင်သည်။ ရွှေဖရုံသီးပြုတ် ဂရမ် ၈၀ သည် စွမ်းအင်ကယ်လိုရီ ၁၀၀၀၀၊ ပရိုတင်း သုည ဒသမ ၅ ဂရမ်နှင့် အဆီ သုည ဒသမ ၂ ဂရမ်ရရှိစေရန် ပံ့ပိုးပေးသည်။ ရွှေဖရုံသီးတွင် သကြားဓာတ်ပါဝင်မှုနည်းပြီး အမျှင်ဓာတ်ပါဝင်မှုမြင့်မားသောကြောင့် ဆီးချိုဝေဒနာရှင်များအတွက်လည်း လုံးဝဘေးကင်းပြီး သွေးတွင်းသကြားဓာတ်ပမာဏကို သိသိသာသာတိုးလာစေမည်မဟုတ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**ရွှေဖရုံသီးစားသုံးနည်းနှင့် ကျန်းမာရေးအထောက်အကူပြုမှု**

ရွှေဖရုံသီးကို ဟင်းချိုအဖြစ် ချက်ပြုတ်ခြင်းသို့မဟုတ် အခြားဟင်းသီးဟင်းရွက်များနှင့်ရောနှော၍ကြော်၊ လှော်၊ ချက်ပြုတ်၍ စားသုံးနိုင်သည်။ အုန်းနို့နှင့် အမွှေးနံ့သာမျိုးစုံတို့ဖြင့် ပေါင်းစပ်၍ ခရင်မ်ဟင်းအနှစ်ပုံစံဖြင့် စည်သွတ်ထားသော ရွှေဖရုံသီးကိုစားသုံးနိုင်သည်။ ရွှေဖရုံသီးပင်၏ အခြားအစိတ်အပိုင်းများကိုလည်းစားနိုင်သကဲ့သို့ ၎င်း၏အစေ့များကိုလှော်၍သရေစာအဖြစ်လည်း စားသုံးနိုင်သည်။ အမျှင်ဓာတ်ကြွယ်ဝသည့် ရွှေဖရုံသီးကိုစားသုံးပေးခြင်းဖြင့် ဘေးကင်းပြီးကျန်းမာရေးနှင့်ညီညွတ်သော်လည်း တစ်ရက်လျှင် ရွှေဖရုံသီး စည်သွတ်ခွက်ထက်ဝက်ခန့်နှင့် ရွှေဖရုံသီးစိမ်းတစ်ခွက်ခန့်ကို တစ်ကြိမ်သာစားရန် ပြည်ပအစားအသောက်သုတေသီများက အကြံပြုထားကြသည်။ ရွှေဖရုံသီးသည် ကစီဓာတ်ကြွယ်ဝသော ဟင်းသီးဟင်းရွက်တစ်မျိုးဖြစ်ပြီး ခန္ဓာကိုယ်အဆီများကို လောင်ကျွမ်းနိုင်ရန်အတွက် လိုအပ်သောစွမ်းအင်ကို ပေးစွမ်းသည်။ ရွှေဖရုံသီးသည် အမျှင်ဓာတ်ကြွယ်ဝသောကြောင့် အချိန်ကြာကြာဗိုက်ပြည့်စေပြီး အစားစားချင်စိတ်ကိုလျှော့နည်းစေကာ အမျှင်ဓာတ်မြင့်မားစွာပါဝင်မှုကြောင့် ဝမ်းမှန်စေသည်။

**ရွှေဖရုံသီး၏ကျန်းမာရေးအကျိုးကျေးဇူးများ**

ရွှေဖရုံသီးစားခြင်းဖြင့် အရေပြားကျန်းမာရေးကို တိုးတက်စေခြင်း၊ မျက်စိကျန်းမာရေးကို ကောင်းမွန်စေခြင်း၊ နှလုံးကျန်းမာရေးကို အထောက်အကူပြုခြင်း၊ ကိုယ်ခံအားလုပ်ဆောင်ချက်ကို ထောက်ပံ့ပေးခြင်း၊ ကျန်းမာသည့် အူလမ်းကြောင်းကို ထောက်ပံ့ပေးခြင်းစသည်ဖြင့် ကျန်းမာရေးအကျိုးကျေးဇူးများရှိကြောင်း မှတ်သားရပါသည်။ ရွှေဖရုံသီးက ရောဂါတော်တော်များများအတွက် သင့်လျော်သော အစားအစာတစ်ခုဖြစ်ပါသည်။ သွေးထဲတွင် အချိုဓာတ်မညီမျှမှုဖြစ်နေလျှင် ရွှေဖရုံသီးများများ စားပေးခြင်း၊ အရိုးများသန်မာစေရန်အတွက် ရွှေဖရုံသီးမှန်မှန်စားပေးခြင်း၊ အဆစ်ရောင်နာရောဂါများအတွက် ဆိုလျှင် ရွှေဖရုံသီးများများစားပေးခြင်း၊ ဆီးကျိတ်ရောင်လျှင် ရွှေဖရုံသီး၏အဆီကို အနည်းငယ်စားပေးခြင်းတို့ဖြင့် သက်သာစေနိုင်သည်။ ရွှေဖရုံသီးက ကိုယ်ခန္ဓာ၏လုပ်ငန်းဆောင်တာများကို ချောမွေ့ပြေပြစ်စေရန် ကူညီပေးသည့်အပြင် ကိုယ်ခံအားကို ကောင်းမွန်စေကာ နှလုံးသွေးကြောကျဉ်းရောဂါများကိုလည်း ကာကွယ်ပေးနိုင်စွမ်းရှိပါသည်။

**ကိုလက်စထရောများကို လျှော့ချပေးသောရွှေဖရုံသီး**

ရွှေဖရုံသီးတွင်ပါရှိသည့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများမှာ ခန္ဓာကိုယ်အတွက် အကျိုးမပြုသည့် ကိုလက်စထရောကို ဓာတ်များတိုးခြင်းမှတားဆီးပေးနိုင်စွမ်းရှိသည်။ ဤဓာတ်တိုးမှုသည် ခန္ဓာကိုယ်အတွက် အကျိုးမပြုသည့် ကိုလက်စထရောကြောင့် သွေးကြောများပိတ်ဆို့စေပြီး သွေးပေါင်ချိန်တိုးစေကာ နှလုံးရောဂါများ ဖြစ်နိုင်ခြေမြင့်မားစေနိုင်သည်။ ထို့ကြောင့် ရွှေဖရုံသီးအသားကို စားသုံးခြင်းသည် ကိုလက်စထရောအဆင့်ကိုကန့်သတ်ရန် ကူညီပေးနိုင်သည်။ ရွှေဖရုံသီးနှင့် အခြားဓာတ်တိုးဆန့်ကျင်



ပစ္စည်းကြွယ်ဝသော အစားအစာများအပါအဝင် အစားအသောက်များတွင်လည်း အသည်းလုပ်ဆောင်ချက်ကို ပံ့ပိုးပေးနိုင်သည်။ ဤဓာတ်တိုးဆန့်ကျင်ပစ္စည်းများသည် အသည်းမှအဆီများ၊ ပရိုတင်းများနှင့် ကာဘိုဟိုက်ဒရိတ်များကို ချေဖျက်ရန်ကူညီပေးပြီး သွေးလမ်းကြောင်းမှ အန္တရာယ်ရှိသောအရာများကို စစ်ထုတ်ပေးသည်။

**သွေးပေါင်ချိန်ကိုထိန်းညှိပေးသောရွှေဖရုံသီး**

အခြားသီးနှံများကဲ့သို့ပင် ရွှေဖရုံသီးသည် အမျှင်ဓာတ်၏ အရင်းအမြစ်ကောင်းတစ်ခုဖြစ်သည်။ ရွှေဖရုံသီးစည်သွတ်ဘူးတစ်ခွက်စာတွင် အမျှင်ဓာတ် ခုနစ်ဂရမ်ပါဝင်ပြီး အမျှင်ဓာတ်သည် ခန္ဓာကိုယ်တွင်းမှ ကိုလက်စထရောများကို ဖယ်ရှားပေးကာ သွေးတွင်းသကြားဓာတ်များ ကျုံ့မသွားစေရန်နှင့် ဝမ်းသွားသည့်အလေ့အထများကို ထိန်းညှိပေးရာတွင် အကျိုးပြုသည်။ ထို့အပြင် အမျှင်ဓာတ်သည် ပိုမိုကြာရှည်စွာ ဗိုက်ပြည့်သည်ဟု ခံစားရစေရန် ကူညီပေးသည်။ ရွှေဖရုံသီးတစ်ခွက်တွင် ကာဘိုဟိုက်ဒရိတ် ၁၂ ဂရမ်ပါဝင်ပြီး အမြင်အာရုံကိုကာကွယ်ပေးသည့် ဗီတာမင်အေ ဆဲလ်များကိုကူညီပေးသည့် ဗီတာမင်စီ၊ ရောဂါကိုတိုက်ဖျက်နိုင်သည့် ဗီတာမင်အီးနှင့် ပိုတက်စီယမ်တို့ ကြွယ်ဝစွာပါဝင်ပြီး ကျန်းမာသည့်သွေးပေါင်ချိန်ကို ထိန်းသိမ်းပေးနိုင်ပါသည်။

**ဆံပင်အတွက်ကောင်းမွန်သောရွှေဖရုံသီး**

ရွှေဖရုံသီးတွင်လေထုညစ်ညမ်းမှုနှင့် ခရမ်းလွန်ရောင်ခြည်ကဲ့သို့ ပတ်ဝန်းကျင်ထိခိုက်ညစ်ညမ်းမှုကိုဖြစ်စေသည့်အရာများကြောင့် ဆံသားများပျက်စီးမှုအပေါ် ကာကွယ်ပေးနိုင်သည့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ကြွယ်ဝစွာပါဝင်သည်။ ရွှေဖရုံသီးအသားအတွင်း၌လည်း ဗီတာမင်အေကြွယ်ဝစွာပါဝင်သောကြောင့် ဆံပင်ကိုအစိုဓာတ်ထိန်းပေးပြီး သန်မာစေသော သဘာဝအဆီတစ်မျိုးဖြစ်သည့် Sebum လုံလောက်စွာ ထုတ်ပေးရန် ကူညီပေးသည်။

**အမြင်အာရုံကိုကြည်လင်စေသောရွှေဖရုံသီး**

လူသားများ၏ အမြင်အာရုံကိုကြည်လင်စေရန်နှင့် မျက်လုံးကျန်းမာစေရန် ဗီတာမင်အေ၊ အယ်ဖာကရိုတင်းနှင့် ဘီတာကရိုတင်းဓာတ်များက အကူအညီပေးသည်။ ရွှေဖရုံသီးတွင်ပါဝင်သည့် ဘီတာကရိုတင်းသည် ခန္ဓာကိုယ်အတွက်လိုအပ်သော ဗီတာမင်အေ အဖြစ်ပြောင်းလဲပေးမည့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းတစ်မျိုးဖြစ်သည်။ ဗီတာမင်အေသည် အမြင်အာရုံကို ထက်မြက်စေပြီး အလင်းရောင်အားနည်းချိန်တွင် ပိုမိုရှင်းလင်းစွာ မြင်နိုင်စေခြင်းကြောင့် ၎င်းသည် မျက်စိမြင်လွှာနှင့် မျက်ကြည်လွှာကျန်းမာရေးကို ထောက်ပံ့ပေးသည့်အပြင် ရွှေဖရုံသီးတွင် ဗီတာမင်စီ မြင့်မားစွာပါဝင်သောကြောင့် မျက်စိအတွင်းတိမ်ဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်သည်။ ရွှေဖရုံသီးတွင် များစွာပါဝင်သော ကရိုတင်းဓာတ်ကြောင့် လိမ္မော်ရောင်သန်းသောအရောင်ရှိပြီး မုန်လာဥနီနှင့် ကန်စွန်းဥတို့နှင့် အရောင်အဆင်းတူညီနေခြင်းဖြစ်သည်။ ထို့ကြောင့် ရွှေဖရုံသီးကို မှန်မှန်စားပေးခြင်းဖြင့် အမြင်အာရုံမှုန်ဝါးခြင်း၊ မျက်စိတိမ်စွဲခြင်းနှင့် အမြင်အာရုံ ယိုယွင်းလာခြင်းတို့ကို တားဆီးကာကွယ်ပေးနိုင်သည်။ ရွှေဖရုံသီးဟင်းတစ်ခွက်စားသုံးခြင်းသည် ဗီတာမင်အေ တစ်နေ့နှစ်ကြိမ် မှီဝဲသည်ထက် ပိုမိုအစွမ်းထက်သည်။

**အသားအရေကို တောက်ပစေသောရွှေဖရုံသီး**

ရွှေဖရုံသီးတွင် အင်ဇိုင်းများကြွယ်ဝစွာပါဝင်သော ဓာတ်တိုးဆန့်ကျင်ပစ္စည်းကြွယ်ဝသောဗီတာမင်အေနှင့် ဗီတာမင်စီ စသည့်အံ့သြဖွယ်ပါဝင်ပစ္စည်းများသည် အသားအရေကို သန့်စင်စေပြီး နုပျိုစေကာ အရေးအကြောင်းများကို လျှော့ချပေးသည်။ ရွှေဖရုံသီးတွင် ဗီတာမင်စီ၏ ကောင်းမွန်သောအရင်းအမြစ်များပါဝင်သည့်အတွက် အသားအရေကို တင်းရင်းတောက်ပစေပြီး နေရောင်ခြည် သို့မဟုတ် ပတ်ဝန်းကျင်ညစ်ညမ်းမှုကြောင့်ဖြစ်တတ်သည့် အသားအရေပျက်စီးမှုများကို လျှော့ချပေးနိုင်သည်။ ဗီတာမင်အေနှင့် ဘီတာကယ်ရိုတင်း၏ အကျိုးကျေးဇူးကြောင့် အရေးအကြောင်းများကို လျှော့ပါးသက်သာစေရန် ကော်လာဂျင်ထုတ်လုပ်မှုကို မြှင့်တင်ပေးသည်။ ရွှေဖရုံသီးစေ့တွင်လည်း ကောင်းကျိုးပြုသောသတ္တုဓာတ်များပါဝင်ပြီး ဝက်ခြံမထွက်အောင် ကာကွယ်ပေးသည်။ ရွှေဖရုံသီးတွင်ပါဝင်သည့် ဖက်တီးအက်စစ်သည်လည်း အသားအရေပြန်လည်ပြုပြင်ရာတွင် အထောက်အကူဖြစ်စေပြီး အသားအရေ၏အစိုဓာတ်ကို တိုးမြှင့်ပေးပါသည်။

**နှလုံးရောဂါကိုကာကွယ်ပေးသောရွှေဖရုံသီး**

ရွှေဖရုံသီးတွင် ကယ်ရိုတင်းနှင့် အခြားအောက်ဆိုက် ဓာတ်ဖျက်ပစ္စည်းများစွာ တွေ့နိုင်ပါသည်။ ယေဘုယျအားဖြင့် ကိုယ်ခံအားစနစ်များကို အားဖြည့်ပေးကာ နှလုံးနှင့်ပတ်သက်သောရောဂါများကို ကာကွယ်ပေးသည်။ အသားအရေအတွက်လည်း အကျိုးသက်ရောက်မှုများသည်။ ရွှေဖရုံသီးတွင် ပိုတက်စီယမ်ဓာတ်ကြွယ်ဝပြီး သွေးပေါင်ချိန်ကို ထိန်းညှိပေးနိုင်ပြီး နှလုံးရောဂါနှင့် လေဖြတ်နိုင်ခြေကို လျှော့ချစေသည်။ ဗီတာမင်စီ၊ အမျှင်ဓာတ်နှင့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများပါဝင်မှုကြောင့် နှလုံးရောဂါကို ကာကွယ်ပေးနိုင်ခြင်းဖြစ်သည်။

**ကင်ဆာကိုတိုက်ဖျက်ပေးနိုင်သောရွှေဖရုံသီး**

ရွှေဖရုံသီးသည် ဗီတာမင်အေ ကြွယ်ဝသောကြောင့် ဆီးကျိတ်နှင့် အဆုတ်ကင်ဆာအပါအဝင် အချို့သောကင်ဆာအမျိုးအစားများ ဖြစ်နိုင်ခြေကို လျှော့ချပေးသည့်အပြင် ရွှေဖရုံသီးတွင် ဓာတ်တိုးဆန့်ကျင်ပစ္စည်းအဖြစ် လုပ်ဆောင်သည့်ရောင်ခြယ်ပစ္စည်း ကာရိုတီးနွိုက်များပါရှိသည်။ ကာရိုတီးနွိုက်များသည် လည်ချောင်း၊ ပန်ကရိယ၊ အစာအိမ်နှင့် ရင်သားကင်ဆာဖြစ်ပွားနိုင်ခြေကို လျှော့ချပေးနိုင်သည်။ ထို့ကြောင့် ရွှေဖရုံသီးတွင် အာဟာရဓာတ်များစွာနှင့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ပါဝင်သောကြောင့် ကင်ဆာကိုတိုက်ဖျက်နိုင်သည့် အစားအစာဖြစ်လာသည်။

**ကျောက်ကပ်ဝေဒနာရှင်များအတွက်ရွှေဖရုံသီးဆေး**

ရွှေဖရုံသီးသည် ပိုတက်စီယမ်ဓာတ် မြင့်မားသော အစားအစာဖြစ်ပြီး ကျန်းမာရေးအတွက် အကျိုးပြုနိုင်သည်။ ရွှေဖရုံသီးတွင် အမျှင်ဓာတ်၊ ဗီတာမင်စီနှင့် ဘီတာကရိုတင်းအပါအဝင် ကျောက်ကပ်အတွက် ကောင်းမွန်သောအာဟာရဓာတ်များ ကြွယ်ဝစွာပါဝင်သောကြောင့် ကျောက်ကပ်ဝေဒနာရှင်များအတွက် ရွှေဖရုံသီးက ဆေးစွမ်းတစ်လက်ဖြစ်ပါသည်။

**အစာခြေစနစ်ကိုကောင်းမွန်စေသောရွှေဖရုံသီး**

ရွှေဖရုံသီးမှာ အမျှင်ဓာတ်ကြွယ်ဝပြီး အစာခြေစနစ်ကိုကောင်းမွန်စေပြီး အူလမ်းကြောင်းလှုပ်ရှားမှုကို ကောင်းမွန်အောင်ကူညီပေးနိုင်သော prebiotics များပါဝင်သည်။ အချို့လူများတွင် ဝမ်းချုပ်ခြင်းနှင့် ဝမ်းလျှောခြင်းကို သက်သာစေနိုင်သည်။

**ယူရစ်အက်စစ်ပမာဏကိုလျှော့ချပေးသောရွှေဖရုံသီး**

ရွှေဖရုံသီးတွင် ဗီတာမင်စီ၊ ဘီတာကယ်ရိုတင်းနှင့် လူတင်းကဲ့သို့ ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ကြွယ်ဝစွာပါဝင်သည်။ အဆိုပါ ဓာတ်တိုးဆန့်ကျင်ပစ္စည်းများသည် ခန္ဓာကိုယ်အတွင်းရှိ ရောင်ရမ်းမှုနှင့် ဓာတ်တိုးဖိစီးမှုများကို လျှော့ချပေးကာ ယူရစ်အက်စစ်ပမာဏကို လျှော့ချပေးနိုင်သည်။ ထို့ပြင် ရွှေဖရုံသီးတွင်ပါဝင်သော အမျှင်ဓာတ်သည် ဇီဝဖြစ်စဉ်နှုန်းကိုတိုးမြှင့်စေပြီး Purine ကိုချေဖျက်ရာတွင် အထောက်အကူဖြစ်စေသည်။ ရွှေဖရုံသီးတွင် သကြားဓာတ်နည်းပြီး အမျှင်ဓာတ်ပါဝင်မှုမြင့်မားသည့် ဗီတာမင်နှင့် သတ္တုဓာတ်များကြောင့် ကျန်းမာရေး အကျိုးကျေးဇူး အများအပြားရရှိခြင်းဖြစ်သည်။ ရွှေဖရုံသီးနှင့်ပတ်သက်ပြီး အသေးစိတ်လေ့လာမှုများ ပြုလုပ်ရန်လိုနေသေးသော်လည်း ရွှေဖရုံသီးတွင် ကျန်းမာရေးအတွက် အကျိုးကျေးဇူးများ ပေးစွမ်းနိုင်သည့် အာဟာရဓာတ်များစွာပါဝင်ကြောင်း လေ့လာရေးသားတင်ပြလိုက်ရပါသည်။

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ဘုတလင်မြို့နယ်၌ ဆောင်းသီးနှံကုလားပဲ ၅၂၀၅၅ ဧက စိုက်ပျိုးထားပြီး တစ်ဧကချင်း အထွက်နှုန်းကောင်းမွန်ရေးဆောင်ရွက်လျက်ရှိ



**ဘုတလင် ဇန်နဝါရီ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲ ၅၂၀၅၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး တစ်ဧကချင်း အထွက်နှုန်းကောင်းမွန်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း ဘုတလင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဘုတလင်မြို့နယ်တွင် ကုလားပဲဧက ၅၂၁၁၀ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၅၂၀၅၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"အခု ဆောင်းသီးနှံစိုက်ပျိုးရာသီ ဘုတလင်မြို့နယ်မှာ ကုလားပဲဧက ၅၂၁၁၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၅၂၀၅၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ကုလားပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် ပိုတိုးတက်လာပါတယ်။ ကုလားပဲအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ စိုက်ပျိုးရေးနည်းပညာပေးတာတွေကို တောင်သူတွေနဲ့ပူးပေါင်းဆောင်ရွက်နေပါတယ်"ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

ဘုတလင်မြို့နယ်၌ ကုလားပဲ စိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း ၈ နှင့် ရေဆင်း ၁၁ မျိုးများကို ရွေးချယ်စိုက်ပျိုးကြကြောင်း၊ ကုလားပဲတစ်ဧက စိုက်ပျိုးပါက ငွေကျပ် သုံးသိန်းကျော် ကုန်ကျကြောင်း သိရသည်။

ယခုဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံသီးနှံများ စိုက်ပျိုးရာတွင် ပဲသီးနှံများ တစ်ဧကချင်း အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ စိုက်ပျိုးရေးနည်းပညာပေးခြင်းများကို တောင်သူများနှင့် ပူးပေါင်းပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ ပဲမျိုးစုံသီးနှံများကို တစ်ဧကချင်း အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ပြည်တွင်းစားသုံးမှုဖူလုံသည့်အပြင် ပြည်ပပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်တင်ပို့နိုင်မည်ဖြစ်ရာ ပဲမျိုးစုံသီးနှံများကို အထွက်နှုန်းတိုးတက်ကောင်းမွန်စေရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြ၍ သိရသည်။ (၂၀၆)

## လဲချားမြို့နယ် ကျေးရွာနှစ်ရွာ၌ ကျေးရွာတွင်းလမ်း သဲဖြူန်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**လဲချား ဇန်နဝါရီ ၁၇**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေအသုံးပြု၍ ကျေးရွာနှစ်ရွာ၌ ကျေးရွာတွင်းလမ်း သဲဖြူန်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်း၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက သက်ဆိုင်ရာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ မယ်ရှင်နှင့် ဝမ်ဟိုင်းကျေးရွာနှစ်ရွာ၌ ကျေးရွာတွင်းလမ်း သဲဖြူန်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လမ်းရေရှည် တည်တံ့စွာအသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန်နှင့် အကျိုးရှိစွာအသုံးပြုကြရန် ဆွေးနွေးမှာကြားသည်။

မယ်ရှင်နှင့် ဝမ်ဟိုင်းကျေးရွာနှစ်ရွာတွင် တစ်ရွာလျှင် အရှည်ပေ ၉၉၀၊ အကျယ် ၁၂ ပေ၊ အမြင့် သုံးလက်မစီရှိ သဲဖြူန်းခင်းခြင်းလုပ်ငန်းကို ကျေးရွာတစ်ရွာလျှင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေကျပ် ၁၅ သိန်းစီအသုံးပြု၍ လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၄ ခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ ထို့ကြောင့် မယ်ရှင်နှင့် ဝမ်ဟိုင်းကျေးရွာနှစ်ရွာရှိ ဒေသခံပြည်သူများ သွားလာရလွယ်ကူပြီး လူမှုစီးပွားဘဝအတွက်များစွာအထောက်အကူပြုလျက်ရှိကြောင်း သိရသည်။

မင်းမြင့်မိုရ်

## ဟန်ချက်ညီ တက်ကုန်မြင့်ပါစို့

\- မျှော်မှန်းရာ ပန်းတိုင်လမ်းသို့
ကိုယ်စီမြန်း လှမ်းစဉ်ဝယ်၊
အားသွန်ကာ မရွံ့မကြောက်နဲ့
လျှောက်ဖို့လိုမယ်၊
ခက်ခဲမှု အသွယ်သွယ်
ကြုံဆုံဖွယ် ရှိနိုင်ပြား၊
စိုးထိတ်ရာ ပယ်ဖျောက်ရှင်းလို့
လှမ်းနင်း ကျော်လွှား။


\- ကောင်းတစ်လီ ဆိုးတစ်လှည့်နဲ့
အတွန်းအနဲ့ ကြောင်းစုံလင်၊
ကျော်လွှားကာ သွေဖည်မစောင်းဘဲ
လမ်းကြောင်းကိုထွင်၊
ကြုံလာစမ်း အန်တုယှဉ်
ကြောက်စိတ်ဥာဉ် ဖယ်ကာဖျောက်၊
ဖြစ်ရမည် ဆန္ဒမြောက်ဖို့
ထွင်းဖောက်ရင်း လျှောက်။

\- ပန်းတိုင်ရယ် ဘယ်မဝေး
မှန်းမြော်တွေး ပြင်ဆင်ကာ၊
စိတ်ရှည်သည်းခံ မားမားရပ်မှ
ရလဒ်ကောင်း ထင်မှာ၊
အားငယ်စိတ် ကျော၁ခိုင်းပါ
ရဲရင့်စွာ ရင်ဆိုင်လှမ်း၊
ရှေ့ဆက်ပန်းတိုင်
ပွေ့ဖက်လှမ်းကိုင် အစွမ်းမြိုင်စွာပ
မနွမ်းမယိုင် သန္နိဋ္ဌာန်စိတ်နဲ့
မမိုတ်မသုန် ဖွဲ့မာန်ဝင့်ပါလို့
ဟန်ချက်ညီ တက်ကုန်မြင့်လေမှ
(ကွယ်.....)
တင့်လိမ့် ဘဝလမ်း။ ။

ခိုင်ခိုင်နွယ်(ပညာရေး)

# နိုင်ငံတကာ သတင်းများ

## အီရန်သမ္မတ ပီဇက်ရှ်ကီရမ် ရုရှားနိုင်ငံ မော်စကိုမြို့သို့ရောက်ရှိ



**တီဟီရန် ဇန်နဝါရီ ၁၇**

အီရန်သမ္မတ မာဆွတ်ပီဇက်ရှ်ကီရမ်သည် ရုရှားသမ္မတပူတင်နှင့် တွေ့ဆုံဆွေးနွေးရေးအတွက် ယနေ့တွင် မော်စကိုမြို့သို့ရောက်ရှိလာကြောင်း သိရသည်။

အဆိုပါခရီးစဉ်သည် အီရန်သမ္မတ ပီဇက်ရှ်ကီရမ်အတွက် သမ္မတရာထူး ရယူပြီးနောက်ပိုင်း ပထမဆုံး ရုရှားနိုင်ငံခရီးစဉ်ဖြစ်သည်။

သမ္မတ ပီဇက်ရှ်ကီရမ်သည် ရုရှားနိုင်ငံခရီးစဉ်အတွင်း ရုရှားသမ္မတပူတင်နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံဆက်ဆံရေးကိစ္စများနှင့် နိုင်ငံတကာပြဿနာများကို ဆွေးနွေးမည်ဖြစ်ကြောင်းရုရှားမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ယင်းအပြင် ရုရှားနိုင်ငံခရီးစဉ်အတွင်း အီရန်သမ္မတ ပီဇက်ရှ်ကီရမ်နှင့် ရုရှားသမ္မတပူတင်တို့သည် နှစ်နိုင်ငံ မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးမည်ဖြစ်သည်။

ရုရှားနိုင်ငံသည် ယူကရိန်းစစ်ပွဲစတင်ဖြစ်ပွားခဲ့ပြီး နောက်ပိုင်း အမေရိကန်နိုင်ငံနှင့် ဆက်ဆံရေးပြေလည်ခြင်းမရှိသော အီရန်နှင့် မြောက်ကိုရီးယားကဲ့သို့ အာရှနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ခဲ့ကြသည်။

နှစ်နိုင်ငံ မဟာဗျူဟာမြောက် မိတ်ဖက်သဘောတူညီချက်တွင် အီရန်နှင့် ရုရှားတို့ကြား ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးလည်းပါဝင်ကြောင်း သိရသည်။

Ref : RT

Trs : KKO

## ယူကရိန်းတပ်များလက်အောက်ရှိ ခါ့ချ်ဒေသ ၆၃ ဒသမ ၂ ရာခိုင်နှုန်းထိ ရုရှားတပ်များပြန်လည်ရယူ

**မော်စကို ဇန်နဝါရီ ၁၇**

ရုရှားနိုင်ငံအနောက်ပိုင်း ခါ့ချ်နယ်မြေ၌ ယူကရိန်းတပ်များ သိမ်းပိုက်ထားသော နယ်မြေအကျယ်အဝန်း၏ ၆၃ ဒသမ ၂ ရာခိုင်နှုန်းကို ရုရှားတပ်များက ပြန်လည်သိမ်းယူထားနိုင်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။



ယခုနှစ် ဇန်နဝါရီလ ပထမရက်သတ္တနှစ်ပတ် အတွင်းမှာပင် ရုရှားတပ်များသည် ယူကရိန်းတပ်များ ထိန်းချုပ်ထားသော လူနေဒေသလေးခုကို ခါ့ချ်နယ်မြေ၌ ပြန်လည် ရယူထားနိုင်ခဲ့ကြောင်း ရုရှား ကာကွယ်ရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ယူကရိန်းတပ်များသည် ပြီးခဲ့သည့်နှစ် ဩဂုတ် ၆ ရက်တွင် ရုရှားနိုင်ငံ ခါ့ချ်နယ်မြေတွင်း ကျူးကျော်ဝင်ရောက်ခဲ့ကြသည်။

ယူကရိန်းတပ်များ၏ အဆိုပါ ကျူးကျော်မှုသည် ရုရှားနိုင်ငံအတွက် ဒုတိယကမ္ဘာစစ်နောက်ပိုင်း ပထမဆုံးပြည်ပကျူးကျော်မှုဖြစ်ခဲ့ရသည်။

ယူကရိန်းနိုင်ငံ အရှေ့ပိုင်း၌ ရုရှားတပ်များ၏ စစ်ရေးဖိအားကို လျှော့ချရေးအတွက် ခါ့ချ်နယ်မြေကို ယူကရိန်းတပ်များက ကျူးကျော်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် ယူကရိန်းအရှေ့ပိုင်းစစ်မြေပြင်များ၌ ရုရှားတပ်များက စစ်ရေးအရ ဖြည်းဖြည်းမှန်မှန် အသာစီးရယူနေဆဲ ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

## ဂျီဂျူလေကြောင်းလိုင်း ခရီးသည်တင်လေယာဉ် အင်ဂျင်နှစ်လုံးတွင် ငှက်မွေးများတွေ့ရှိ

**ဆိုးလ် ဇန်နဝါရီ ၁၇**

ပြီးခဲ့သည့်နှစ် ဒီဇင်ဘာ ၂၉ ရက်က ပျက်ကျခဲ့သော တောင်ကိုရီးယားနိုင်ငံ ဂျီဂျူလေကြောင်းလိုင်း ခရီးသည်တင် လေယာဉ်၏ လေယာဉ်အင်ဂျင်နှစ်လုံးစလုံးတွင် ငှက်မွေးနှင့် သွေးစသွေးနများရှိနေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျီဂျူ လေကြောင်းလိုင်းပိုင် ဘိုးအင်း၇၃၇-၈၀၀ အမျိုးအစား ခရီးသည်တင် လေယာဉ်သည် ဒီဇင်ဘာ ၂၉ ရက်က တောင်ကိုရီးယားနိုင်ငံ မူအန်လေဆိပ်သို့ ဝမ်းဗိုက်ဖြင့် ဆင်းသက်နေစဉ် လေဆိပ်စည်းရိုးတစ်ခုနှင့် ဝင်တိုက်ခဲ့ပြီး မီးလောင်ပေါက်ကွဲခဲ့ရာ ၁၇၉ ဦးသေဆုံး၍ နှစ်ဦးသာ အသက်ရှင်လွတ်မြောက်ခဲ့သည်။

လေယာဉ်မပျက်ကျမီ လေးမိနစ်ခန့်အလိုတွင် လေယာဉ်ကို ငှက်အုပ် ဝင်တိုက်မှုဖြစ်ခဲ့ကြောင်း လေယာဉ်မှူးတစ်ဦးက သတင်းပေးပို့ခဲ့သည်။

လေယာဉ်ပျက်ကျမှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှုပြုလုပ်ရာတွင်လည်း လေယာဉ်အင်ဂျင်နှစ်လုံးစလုံးတွင် ငှက်မွေးများနှင့် သွေးများ ရှာဖွေတွေ့ရှိထားရကြောင်း စုံစမ်းစစ်ဆေးမှုလုပ်ငန်းစဉ်နှင့် နီးစပ်သူများက မီဒီယာများသို့ ထုတ်ဖော်ပြောကြားခဲ့သည်။

သို့ရာတွင် ဂျီဂျူလေကြောင်းလိုင်း ခရီးသည်တင်လေယာဉ် အင်ဂျင်နှစ်လုံးစလုံး၌ ငှက်မွေးနှင့် သွေးများတွေ့ရှိထားသည်ဟူသော သတင်းများကို တောင်ကိုရီးယားသယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက တစ်စုံတစ်ရာတုံ့ပြန်မှုမရှိသေးကြောင်း သိရသည်။

ဂျီဂျူလေကြောင်းလိုင်း ခရီးသည်တင်လေယာဉ် မတော်တဆမှုသည် တောင်ကိုရီးယားနိုင်ငံအတွက် နှစ် ၃၀ အတွင်း အသေအပျောက်အများဆုံး လေကြောင်းမတော်တဆမှု ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## အင်ဒိုနီးရှားနိုင်ငံ၌ ကုန်တိုက်မီးလောင်မှုဖြစ်ပွား အနည်းဆုံး လူခြောက်ဦးသေဆုံး



**ဂျကာတာ ဇန်နဝါရီ ၁၇**

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ရှိ နာမည်ကျော် ကုန်တိုက်တစ်ခု၌ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ အနည်းဆုံးလူခြောက်ဦး သေဆုံးခဲ့ရကြောင်း အင်ဒိုနီးရှားတာဝန်ရှိသူများက ယနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ဂျကာတာမြို့ အနောက်ပိုင်းတွင်တည်ရှိသော ဂလိုဒေါ့ပလာဇာအမည်ရှိ ကုန်တိုက်အဆောက်အအုံမီးလောင်မှုသည် ဇန်နဝါရီ ၁၅ ရက်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

မီးလောင်ကျွမ်းမှုအတွင်း လူ ၁၄ ဦး ပျောက်ဆုံးနေဖွယ်ရှိရာ ရှာဖွေကယ်ဆယ်ရေးသမားများက ရှာဖွေနေကြဆဲဖြစ်သည်။

သေဆုံးသူခြောက်ဦးမှာ ပျောက်ဆုံးနေသူများစာရင်း၌ ပါဝင်မှုရှိ၊ မရှိကို အင်ဒိုနီးရှားတာဝန်ရှိသူများက ပြောကြားခဲ့သည်။

မီးလောင်မှုဖြစ်ပွားစဉ် ဂလိုဒေါ့ပလာဇာကုန်တိုက် မီးလောင်မှုအတွင်း ပိတ်မိနေသူ ကိုးဦးကို မီးသတ်သမားများက ဟိုက်ဒရောလစ်လှေကားများဖြင့် ကယ်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။

ဂလိုဒေါ့ ပလာဇာကုန်တိုက် မီးလောင်မှုကို မီးသတ်ယာဉ် ၄၇စီးနှင့် မီးသတ်သမားဦးရေ၂၀၀တို့က ငြိမ်းသတ်ခဲ့ရကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ဟားမတ်စ်အုပ်စုဖမ်းဆီးထားသည့် ဓားစာခံများအနက် ပထမဆုံးအသုတ် ဇန်နဝါရီ ၁၉ ရက်တွင် ပြန်လွှတ်ပေးနိုင်

**ဂျေရုဆလင် ဇန်နဝါရီ ၁၇**

အစ္စရေးနှင့် ရယူထားသော ဂါဇာစစ်ပွဲအပစ်အခတ် ရပ်စဲရေးသဘောတူညီချက်အရ ဟားမတ်စ်အုပ်စုအနေဖြင့် ၎င်းတို့ဖမ်းဆီးထားသော ဓားစာခံများအနက် ပထမဆုံးအသုတ် ဓားစာခံများကို ဇန်နဝါရီ ၁၉ရက်တွင်ပြန်လွှတ်ပေးဖွယ်ရှိကြောင်း အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ဇန်နဝါရီ ၁၇ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

အစ္စရေးနှင့် ဟားမတ်စ်အုပ်စုတို့ကြား ရယူထားသည့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်သည် ဇန်နဝါရီ ၁၉ ရက်တွင် စတင်အာဏာသက်ဝင်မည်ဖြစ်ကြောင်း သိရသည်။

အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် စတင်အာဏာသက်ဝင်မည့် ဇန်နဝါရီ ၁၉ ရက်တွင် ဟားမတ်စ်အုပ်စုအနေဖြင့် ၎င်းတို့ဖမ်းဆီးထားသော ဓားစာခံများအနက် ပထမဆုံးအသုတ်ကို ပြန်လွှတ်ပေးဖွယ်ရှိကြောင်း အစ္စရေးဝန်ကြီးချုပ်က ထုတ်ဖော်ပြောကြားထားသည်။

သို့ရာတွင် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် ရရှိထားသည့်တိုင် အစ္စရေးစစ်လေယာဉ်များက ဂါဇာကမ်းမြောင်ဒေသကို ဆက်လက် တိုက်ခိုက်နေဆဲဖြစ်ကြောင်း သိရသည်။

အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကြေညာခဲ့ပြီးနောက်ပိုင်း မှစ၍ အစ္စရေး၏လေကြောင်းတိုက်ခိုက်မှုများကြောင့် အမျိုးသမီးနှင့် ကလေး ၅၈ ဦးအပါအဝင် လူပေါင်း ၁၀၁ ဦး သေဆုံးခဲ့ရကြောင်း ပါလက်စတိုင်းတာဝန်ရှိသူများက ပြောကြားခဲ့သည်။

၁၅ လကြာမြင့်နေပြီဖြစ်သော ဂါဇာစစ်ပွဲအတွင်း ပါလက်စတိုင်းလူမျိုး ၄၆၆၀၀ကျော် သေဆုံးခဲ့ရကြောင်း ပါလက်စတိုင်းတာဝန်ရှိသူများ၏ အဆိုအရ သိရသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## Space-X ကုမ္ပဏီက Starship ဒုံးပျံကို သတ္တမအကြိမ် စမ်းသပ်လွှတ်တင်




**ဝါရှင်တန် ဇန်နဝါရီ ၁၇**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X ကုမ္ပဏီသည် ဇန်နဝါရီ ၁၆ ရက်တွင် Starship ဒုံးပျံကို သတ္တမအကြိမ် စမ်းသပ်လွှတ်တင်ခဲ့ကြောင်း သိရသည်။

Space-X ကုမ္ပဏီသည် Starship ဒုံးပျံကို တက္ကဆက်ပြည်နယ် တောင်ပိုင်းစတားဘေ့စ်အာကာသ စခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ခုနစ်မိနစ်ခန့် အကြာတွင် Starship ဒုံးပျံ၏ ပင်မဒုံးယာဉ်ဖြစ်သော စူပါဟဲဗီးဒုံးယာဉ်သည် ပစ်စင်ရှိရာသို့ အောင်မြင်စွာ ပြန်လည်ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

သို့ရာတွင် Space-X ကုမ္ပဏီသည် ဇန်နဝါရီ ၁၆ ရက် မစ်ရှင်တွင် Starship ဒုံးပျံ၏ ထိပ်ပိုင်းအဆင့် ဒုံးယာဉ်ကို ဆုံးရှုံးခဲ့ရသည်။

Starship ဒုံးပျံ၏ ထိပ်ဖူးအဆင့် ဒုံးယာဉ်သည် ပတ်လမ်းပေါ်သို့ ဆက်လက်တက်ရောက်နေစဉ် မြေပြင်ထိန်းချုပ်ရေးစခန်းနှင့် အဆက်အသွယ် ပြတ်တောက်ခဲ့ကြောင်း Space-X ကုမ္ပဏီတာဝန်ရှိသူများက ပြောကြားသည်။

Starship ဒုံးပျံ၏ ထိပ်ဖူးအဆင့် ဒုံးယာဉ်သည် လွှတ်တင်ပြီး ၆၆ မိနစ်ခန့်အကြာတွင် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်၍ ဩစတြေးလျအနောက်ဘက် ကမ်းရိုးတန်းကမ်းလွန်အိန္ဒိယ သမုဒ္ဒရာရေပြင်အတွင်း ကျရောက်ခဲ့ဖွယ်ရှိကြောင်း သိရသည်။

Space-X ကုမ္ပဏီသည် အင်္ဂါဂြိုဟ်နှင့် လဆီသို့ လူသားများစေလွှတ်ရေးအတွက် Starship ဒုံးပျံများကို စမ်းသပ်လွှတ်တင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## အိန္ဒိယနိုင်ငံက ကမ္ဘာပတ်လမ်းကြောင်းပေါ်၌ ဂြိုဟ်တုနှစ်စင်းကို ချိတ်ဆက်ပေးနိုင်သည့် စတုတ္ထမြောက် ကမ္ဘာ့နိုင်ငံဖြစ်လာ

**နယူးဒေလီ ဇန်နဝါရီ ၁၇**

အိန္ဒိယနိုင်ငံသည် ဇန်နဝါရီ ၁၆ ရက်တွင် ကမ္ဘာပတ်လမ်းကြောင်းပေါ်၌ ဂြိုဟ်တုနှစ်စင်းကို ချိတ်ဆက်ပေးနိုင်သည့် စတုတ္ထမြောက် ကမ္ဘာ့နိုင်ငံဖြစ်လာကြောင်း သိရသည်။

အိန္ဒိယ အာကာသအေဂျင်စီက လွှတ်တင်ထားသော Target နှင့် Chaser အမည်ရှိ ဂြိုဟ်တုငယ်နှစ်စင်းသည် ဇန်နဝါရီ ၁၆ ရက်တွင် တစ်စင်းနှင့်တစ်စင်း အောင်မြင်စွာချိတ်ဆက်နိုင်ခဲ့သည်။

အိန္ဒိယ အာကာသအေဂျင်စီသည် SpaDex အမည်ရှိ မစ်ရှင်ဖြင့် ဂြိုဟ်တုနှစ်စင်း ပတ်လမ်းပေါ် ချိတ်ဆက်မှုနည်းပညာကို စမ်းသပ်ရေးအတွက် ရေခဲသေတ္တာအရွယ် အစားမျှသာရှိသော Target နှင့် Chaser ဂြိုဟ်တုနှစ်စင်းကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် လွှတ်တင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

အိန္ဒိယ အာကာသအေဂျင်စီသည် Target နှင့် Chaser ဂြိုဟ်တုနှစ်စင်း ချိတ်ဆက်မည့်အစီအစဉ်ကို နှစ်ကြိမ်တိုင်တိုင် ရွှေ့ဆိုင်းခဲ့ရသော်လည်း ဇန်နဝါရီ ၁၆ ရက်တွင် အောင်မြင်စွာပြုလုပ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



အိန္ဒိယနိုင်ငံသည် ကမ္ဘာပတ်လမ်းကြောင်းပေါ်၌ အာကာသစခန်းတည်ဆောက်ရန် ရည်မှန်းထားရာ ပတ်လမ်းပေါ်တွင် ဂြိုဟ်တုနှစ်စင်း ချိတ်ဆက်မှုနည်းပညာကို ရရှိထားရန် လိုအပ်ကြောင်း သိရသည်။

ယခင်က ကမ္ဘာပတ်လမ်းပေါ်၌ ဂြိုဟ်တုနှစ်စင်း ချိတ်ဆက်မှုကို အမေရိကန်နိုင်ငံ၊ ရုရှားနိုင်ငံနှင့် တရုတ်နိုင်ငံတို့ကသာ ပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

## ဘလူးအော်ရီဂျင်ကုမ္ပဏီက New Glenn ဒုံးပျံသစ်ကို လွှတ်တင်ခဲ့

**ဝါရှင်တန် ဇန်နဝါရီ ၁၇**

အမေရိကန်နိုင်ငံ အခြေစိုက် ဘလူးအော်ရီဂျင် ကုမ္ပဏီသည် ဇန်နဝါရီ ၁၆ ရက်တွင် New Glenn ဒုံးပျံသစ်ကို လွှတ်တင်ခဲ့ကြောင်း သိရသည်။



ဘလူးအော်ရီဂျင်ကုမ္ပဏီသည် New Glenn ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီးနောက် New Glenn ဒုံးပျံ၏ ထိပ်ဖူးအဆင့်ဒုံးယာဉ်သည် ပတ်လမ်းပေါ်သို့ အောင်မြင်စွာ ရောက်ရှိခဲ့ကြောင်း ဘလူးအော်ရီဂျင် ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

သို့ရာတွင် အကြိမ်ကြိမ်ပြန်လည်အသုံးပြုနိုင်ရန် ပုံစံထုတ်ဆောက်ထားသည့် New Glenn ဒုံးပျံ၏ပင်မဒုံးယာဉ်သည် ရည်ရွယ်ထားသည့်အတိုင်း မြေပြင်ပေါ်သို့ ပြန်လည် ဆင်းသက်နိုင်မှုမရှိခဲ့ကြောင်း သိရသည်။

ဘလူးအော်ရီဂျင်ကုမ္ပဏီသည် မူလက New Glenn ဒုံးပျံကို ဇန်နဝါရီ ၁၃ ရက်တွင် လွှတ်တင်ရန် စီစဉ်ခဲ့သော်လည်း ပင်မဒုံးယာဉ် ပြဿနာတစ်ရပ်ကြောင့် အစီအစဉ် ဖျက်ခဲ့ရပြီး ဇန်နဝါရီ ၁၆ ရက်မှ လွှတ်တင်နိုင်ခဲ့ခြင်းဖြစ်သည်။

New Glenn ဒုံးပျံသည် မက်ထရစ်တန် ၄၅ တန်ရှိ ဂြိုဟ်တုနှင့် အာကာသယာဉ်များကို ကမ္ဘာ ပတ်လမ်း အနိမ့်ပိုင်းသို့ ပို့ဆောင်ပေးနိုင်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

# HEALTH

## အရေပြားကင်ဆာရောဂါနှစ်မျိုးကို မက်ဖော်မင်ဆေးက ကာကွယ်ပေးနိုင်ဖွယ်ရှိ

**နယူးယောက် ဇန်နဝါရီ ၁၇**

လူသုံးများသည့် ဆီးချိုရောဂါ ဆေးတစ်မျိုးဖြစ်သော မက်ဖော်မင် (Metformin) ဆေးသည် အရေပြားကင်ဆာရောဂါနှစ်မျိုးကို ကာကွယ်ပေးနိုင်ဖွယ်ရှိကြောင်း ဇန်နဝါရီ ၁၆ ရက်သတင်းများအရ သိရသည်။

မက်ဖော်မင်ဆေးသည် အဖြစ်အများဆုံး အရေပြားကင်ဆာရောဂါနှစ်မျိုးဖြစ်သည့် Basal Cell Cancer နှင့် Squamous Cell Cancer တို့ ဖြစ်နိုင်ခြေကို သိသိသာသာ လျှော့ချပေးနိုင်ကြောင်း အမေရိကန်နိုင်ငံ ဘရောင်းတက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် အထက်ပါအရေပြားကင်ဆာနှစ်မျိုး ခံစားနေရသူလူနာ ၆၀၀၀ ကျော်ကို ကျန်းမာရေး ကောင်းသူများနှင့် နှိုင်းယှဉ်လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ မက်ဖော်မင် သုံးစွဲသူများတွင် အရေပြားကင်ဆာရောဂါပုံစံနှစ်မျိုး ဖြစ်နိုင်ခြေမှာ သိသိသာသာ ကျဆင်းနေတတ်သည်ကို တွေ့ရကြောင်း သိရသည်။

စွမ်းအင်နှင့် အာဟာရဓာတ်များကို ကင်ဆာဆဲလ်များ ရယူနိုင်စွမ်းပိတ်ပင်ပေးသည့် ယန္တရားစနစ်ကို ထိန်းညှိပေးခြင်းဖြင့် မက်ဖော်မင်ဆေးသည် အရေပြားကင်ဆာရောဂါများကို ကာကွယ်ပေးနိုင်ဖွယ်ရှိကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

## အနီရောင်အသားများ အများအပြားစားသုံးမှုကြောင့် တွေးတောဆင်ခြင်နိုင်မှုစွမ်းရည် ကျဆင်းနိုင်ခြေနှင့် Dementia ဖြစ်နိုင်ခြေတို့ မြင့်တက်နိုင်

**နယူးယောက် ဇန်နဝါရီ ၁၇**

အနီရောင်အသားများ အထူးသဖြင့် ပြုပြင်စီရင်ထားသည့် ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းစသည့် အနီရောင်အသားများကို အများအပြား စားသုံးမှုကြောင့် တွေးတော ဆင်ခြင်နိုင်မှုစွမ်းရည် ကျဆင်းနိုင်ခြေနှင့် ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ (Dementia) ဖြစ်နိုင်ခြေတို့ မြင့်တက်လာနိုင်ကြောင်း ဇန်နဝါရီ ၁၆ ရက် သတင်းများအရ သိရသည်။

အနီရောင်အသားများ၌ ပြည့်ဝဆီပါဝင်မှု မြင့်မားခြင်းသည် တွေးတောဆင်ခြင်နိုင်မှုစွမ်းရည် ကျဆင်းမှုနှင့် ပတ်သက်ဆက်နွယ်နေနိုင်ကြောင်း အမေရိကန် သုတေသန ပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် အနီရောင်အသားစားသုံးမှုနှင့် Dementia ဖြစ်ပွားမှုတို့ကြား ဆက်စပ်မှုကိုဖော်ထုတ်ရေးအတွက် လူပေါင်း ၁၃၃၇၇၁ ဦးတို့၏ကျန်းမာရေးမှတ်တမ်းများနှင့်အစားအစာစားသောက်ပုံတို့ကို နှိုင်းယှဉ်လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ အနီရောင်အသားများ အထူးသဖြင့် ပြုပြင်စီရင်ထားသည့် အနီရောင်အသားများကို အစားများသူများသည် အစားနည်းသူများထက် Dementia ရောဂါဖြစ်နိုင်ခြေ ၁၃ ရာခိုင်နှုန်း ပိုမြင့်မားသည်ကို တွေ့ရကြောင်း သိရသည်။

ထို့ပြင် ပြုပြင်စီရင်ထားခြင်း မရှိသည့် အနီရောင်အသားများကို အစားများသူများသည် အစားနည်းသူများနှင့် နှိုင်းယှဉ်ပါက တွေးတောဆင်ခြင်နိုင်မှု စွမ်းရည် ကျဆင်းနိုင်ခြေ ၁၆ ရာခိုင်နှုန်း မြင့်မားကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# The American Express ဂေါက်သီးရိုက်ပြိုင်ပွဲအမှတ်ပေးဇယားကို ဂျေတီပို့စတန်ဦးဆောင်



**လာကွင်တာ ဇန်နဝါရီ ၁၇**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် လာကွင်တာမြို့တွင် ကျင်းပနေသည့် The American Express ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီးတွင် အမေရိကန်ဂေါက်သီးရိုက် ကစားသမားဂျေတီပို့စတန်က သတ်မှတ်ရိုက်ချက်ထက် ၁၀ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကိုဦးဆောင်ထားနိုင်ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမား ဂျက်စတင်လိုဝါက သတ်မှတ်ရိုက်ချက်ထက် ကိုးချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင်ရပ်တည်နေပြီး ဩစတြေးလျ ဂေါက်သီးရိုက်ကစားသမား ဂျက်စတင်ဒေးအပါအဝင် ပြိုင်ပွဲဝင်လေးဦးက သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏တတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

ဂျေတီပို့စတန်သည် Birdies ရိုက်ချက် ကိုးကျင်းထိရရှိခဲ့ပြီး အမှားအနည်းဆုံးဖြစ်အောင်ကစားထားနိုင်ခဲ့သည်။

ဂျေတီပို့စတန်သည် ကစားသမား ဘဝ သက်တမ်းတစ်လျှောက် PGATour ဆုဖလားသုံးလုံးရရှိထားသည့် ကစားသမားတစ်ဦးဖြစ်ပြီး လက်ရှိကမ္ဘာ့အဆင့်(၃၅)နေရာတွင် ရပ်တည်လျက်ရှိသည်။

ဂျေတီပို့စတန်က "ပထမနေ့ရလဒ်ကတော့ ကျေနပ်စရာကောင်းခဲ့သလို စွမ်းဆောင်ရည်ပိုင်းကလဲ အကောင်းဆုံးအနေအထားမှာ ရှိခဲ့ပါတယ်။ ဂေါက်ကလပ်ကလဲ အရမ်းကောင်းတယ်။ မြက်ကလဲ ကစားလို့ကောင်းတဲ့အနေအထားမှာရှိနေတဲ့အတွက် ကစားရတာ တော်တော်လေး အဆင်ပြေပါတယ်။ Birdies ရိုက်ချက် ကိုးကျင်းထိရရှိခဲ့လို့လဲ ဝမ်းသာဂုဏ်ယူပါတယ်။ ပထမနေ့မှာအတိုင်းနောက်နေ့တွေမှာလဲ ဆက်လက်ကစားနိုင်မယ်လို့ မျှော်လင့်ပါတယ်" ဟု ပြောကြားခဲ့သည်။

ကမ္ဘာ့အဆင့်(၁)နေရာနှင့် ကမ္ဘာ့အဆင့်(၂)နေရာတွင် ရပ်တည်နေသည့် အမေရိကန် ဂေါက်သီးရိုက်ကစားသမားများဖြစ်ကြသည့် စကော့တီရှက်ဖလာနှင့် ဇန်ဒါရှောင်ဖီလီတို့ ပါဝင်ယှဉ်ပြိုင်ခြင်းမရှိသည့်အတွက် ဂျက်ဆင်ဒေး၊ အမေရိကန်ဂေါက်သီးရိုက် ကစားသမားများဖြစ်ကြသည့် ခရစ်ကက်၊ ဇာလာတိုရစ်၊ ဂျေဂျေစပေါင်တို့က ဗိုလ်စွဲရန်ရေပန်းစားနေသည့် ကစားသမားများစာရင်းတွင် ပါဝင်နေကြောင်း သိရသည်။ Ref : Xinhua

Trs : AZL

## အားကစားသတင်းအတိုအထွာများ

- ❑ မန်ယူအသင်းက ဆောက်သမ်တန်အသင်းကို သုံးဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် ဒီယာလိုက အသင်းအတွက် ပထမဆုံးဟက်ထရစ်ဂိုး သွင်းယူနိုင်ခဲ့သည်။
- ❑ မန်စီးတီးအသင်းက တိုက်စစ်မှူးဟာလန်းကို ၂၀၃၄ ခုနှစ်ထိ ကိုးနှစ်ခွဲသက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။
- ❑ ပရီးမီးယားလိဂ်ထိပ်သီးကလပ်များက စိတ်ဝင်စားနေသည့် တိုက်စစ်မှူးမီအူမိုကို ဇန်နဝါရီအပြောင်းအရွှေ့တွင် ရောင်းချမည်မဟုတ်ကြောင်း ဘရန့်ဖို့ဒ်အသင်းက ထုတ်ပြန်ခဲ့သည်။

ML

# စပိန်ကိုပါဒယ်ရေးဖလား ၁၆ သင်းအဆင့်တွင် ရီးရဲလ်မက်ဒရစ်အသင်း အချိန်ပိုသွင်းဂိုးဖြင့် နိုင်ပွဲရရှိ




**မက်ဒရစ် ဇန်နဝါရီ ၁၇**

ရီးရဲလ်မက်ဒရစ် အသင်းနှင့် ဆဲလ်တာဗီဂိုအသင်းတို့ ကစားခဲ့သည့် စပိန်ကိုပါဒယ်ရေးဖလား ၁၆ သင်းအဆင့်၌ ရီးရဲလ်မက်ဒရစ်အသင်းက အချိန်ပိုတွင် ငါးဂိုး နှစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

နည်းပြအန်ဆယ်လော့တီသည် တိုက်စစ်ပိုင်းတွင် အမ်ဘက်ပီ၊ ဗင်နီစီးယက်စ်၊ ဒီယက်ဇ်တို့ကို ထည့်သွင်းခဲ့သောကြောင့် ပွဲစကတည်းက ထိရောက်သည့် ဂိုးပေါက်ခြိမ်းခြောက်မှု ပြုလုပ်နိုင်ခဲ့သဖြင့် ပွဲချိန် ၃၇ မိနစ်တွင် အမ်ဘက်ပီက ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည်။

ဆက်လက်၍ ရီးရဲလ်မက်ဒရစ်အသင်းကသာ ဆက်လက်တိုက်စစ်ဆင်နိုင်ခဲ့ရာ ပွဲချိန် ၄၈ မိနစ်တွင် ဗင်နီစီးယက်စ်က ဒုတိယဂိုး သွင်းယူခဲ့ပြီးနောက် ဆဲလ်တာဗီဂိုအသင်း ကစားပုံကောင်းလာခဲ့ပြီး ပွဲချိန် ၈၃ မိနစ်တွင် ဘမ်ဘာ၊ ပွဲချိန် မိနစ် ၉၀ တို့တွင် အလွန်ဆိုတို့က ချေပဂိုးများ ဆက်တိုက်ရရှိခဲ့သဖြင့် နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ကာ အချိန်ပိုဆက်လက်ကစားခဲ့သည်။

အချိန်ပိုတွင် လူစားဝင်တိုက်စစ်မှူး ဂူလာနှင့် အန်းဒရစ်တို့က ခြေစွမ်းပြနိုင်ခဲ့သဖြင့် ပွဲချိန် ၁၀၈ မိနစ်နှင့် ၁၁၉ မိနစ်တွင် အန်းဒရစ်၊ ပွဲချိန် ၁၁၂ မိနစ်တွင် ဗယ်ဗာဒီတို့က ဦးဆောင်ဂိုးများသွင်းယူနိုင်ခဲ့သော်လည်း ဆဲလ်တာဗီဂိုအသင်း ဂိုးမရခဲ့သဖြင့် ငါးဂိုး နှစ်ဂိုးဖြင့် ပြီးဆုံးခဲ့သည်။

၁၆သင်းအဆင့် အခြားပွဲစဉ်များတွင် ဆိုစီဒက်အသင်းက ဗယ်လ်ကာနိုအသင်းကို သုံးဂိုးတစ်ဂိုး၊ အိုဆာဆူနာက ဘီလ်ဘာအိုကို သုံးဂိုးနှစ်ဂိုးဖြင့်အနိုင်ယူ၍ ကွာတားဖိုင်နယ်သို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

Ref : Fotmob

Trs : ML

# ၂၀၂၅ အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲကို အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပမည်



**ရန်ကုန် ဇန်နဝါရီ ၁၇**

မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်း ဝင်ရောက်ယှဉ်ပြိုင်ကစားမည့် ၂၀၂၅ အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲကို အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်က အာဆီယံအမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲကို ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်က နောက်ဆုံးကျင်းပခဲ့ပြီးနောက် ယခုနှစ်မှသာ ပြန်လည်ကျင်းပသွားမည်ဖြစ်ပြီး အိမ်ရှင်အဖြစ် အင်ဒိုနီးရှားအသင်းကို သတ်မှတ်ပေးခဲ့ခြင်း ဖြစ်သည်။

၂၀၂၅ အာဆီယံအမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲတွင် အာဆီယံအသင်းများအပြင် ဩစတြေးလျအမျိုးသမီးအသင်းလည်းဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အာဆီယံဘောလုံးအဖွဲ့ချုပ်၏ အဆင့်သတ်မှတ်ချက်အရ ဖိလစ်ပိုင်အသင်း၊ ထိုင်းအသင်း၊ ဗီယက်နမ်အသင်း၊ ဩစတြေးလျအသင်းတို့ အုပ်စုအဆင့်မှ တိုက်ရိုက်ဝင်ခွင့်ရရှိခဲ့ပြီး အိမ်ရှင်အင်ဒိုနီးရှားအသင်း၊ စင်ကာပူအသင်းနှင့် ကမ္ဘောဒီးယားအသင်း၊ မြန်မာအသင်းတို့က ရှုံးထွက်အဆင့်ခြေစစ်ပွဲကစားပြီးမှ ဝင်ရောက်ကစားခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

၂၀၂၅ အာဆီယံအမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ရှစ်သင်းဖြင့် လေးသင်းပါနှစ်အုပ်စုခွဲခြားကာ ကျင်းပသွားမည်ဖြစ်သည်။

ပြီးခဲ့သည့် နောက်ဆုံးကျင်းပခဲ့သည့် ၂၀၂၃အာဆီယံအမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲတွင် ချန်ပီယံဆုကို ဖိလစ်ပိုင်အမျိုးသမီးအသင်းက ဆွတ်ခူးနိုင်ခဲ့ပြီး ဒုတိယဆုကို ထိုင်းအမျိုးသမီးအသင်းနှင့် တတိယဆုကို မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းက ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် ယခုနှစ်အတွင်း ကျင်းပမည့် အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ၊ အာရှအမျိုးသမီးပြိုင်ပွဲခြေစစ်ပွဲနှင့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတို့အတွက် ပြီးခဲ့သည့် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလကတည်းက စခန်းသွင်းလေ့ကျင့်မှုများ စတင်လုပ်ဆောင်လျက်ရှိနေပြီး အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲမတိုင်မီ နီပေါနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် လေးနိုင်ငံဖိတ်ခေါ်ဖလားပြိုင်ပွဲကို ဝင်ရောက်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# ဝေါလ်ကာ၏နေရာတွင်အစားထိုးရန် ကမ်ဘီယာဆိုကို မန်စီးတီးခေါ်ယူရန်ကြိုးပမ်း

**မန်ချက်စတာ ဇန်နဝါရီ ၁၇**

ယခုအပြောင်းအရွှေ့ကာလတွင် ကစားသမားဖြည့်တင်းမှု ပြုလုပ်နေသည့် မန်စီးတီးအသင်းက ဝေါလ်ကာ၏နေရာတွင် အစားထိုးရန်အတွက် ဂျူဗင်တပ်အသင်း ကစားသမားကမ်ဘီယာဆိုကို ခေါ်ယူရန်ကြိုးပမ်းလျက်ရှိသည်။

မန်စီးတီးအသင်းသည် တောင်ပံခံစစ်ကစားသမား ကမ်ဘီယာဆိုကို ကနဦးပြောင်းရွှေ့ကြေး ယူရို ၆၅သန်းဖြင့် ခေါ်ယူရန်ကြိုးပမ်းနေသော်လည်း ဂျူဗင်တပ်အသင်းက ယူရို သန်း ၈၀ ရရှိမှသာ လက်ရှိအပြောင်းအရွှေ့တွင် ရောင်းချမည်ဖြစ်ကြောင်း သိရသည်။

အသက် ၃၄ နှစ်ရှိ ဝေါလ်ကာသည် မန်စီးတီးအသင်းခံစစ်ပိုင်းတွင် နှစ်ပေါင်းများစွာ အဓိကကစားသမားအဖြစ် ပါဝင်ခဲ့ရသော်လည်း ယခုအခါအသက်အရွယ်အရ အကျပိုင်းရောက်လာသောကြောင့် ပွဲကစားခွင့်ပုံမှန်ရရှိရန် ရုန်းကန်ခဲ့ရသဖြင့် အသင်းမှထွက်ခွာရန်ဆုံးဖြတ်ခဲ့သည်။

နည်းပြ ဂွါဒီယိုလာအနေဖြင့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလ မပိတ်သိမ်းမီ ကမ်ဘီယာဆိုကို ခေါ်ယူရန် ပစ်မှတ်ထားနေပြီး ဝေါလ်ကာကို လက်လွှတ်သွားမည် ဖြစ်ကြောင်း သိရသည်။

ကမ်ဘီယာဆိုသည် လာမည့် ၂၀၂၉ ခုနှစ်မှ ဂျူဗင်တပ်အသင်းနှင့် သက်တမ်း ကုန်ဆုံးမည်ဖြစ်သည့်အပြင် ပြီးခဲ့သည့် ဒီဇင်ဘာလက ခြေချင်းဝတ်ဒဏ်ရာ မရခင်ထိ ပြိုင်ပွဲစုံ ၂၅ ပွဲတွင် သွင်းဂိုးနှစ်ဂိုးနှင့် ဂိုးဖန်တီးမှုနှစ်ကြိမ်ထိ ပြုလုပ်နိုင်ခဲ့သဖြင့် ဥရောပထိပ်သီးကလပ်အသင်းများ၏ စိတ်ဝင်စားမှုကို ခံနေရကြောင်း သိရသည်။

Ref : Goal.com

Trs : ML

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၆)တွင် ဒဂုံပေါ့အသင်းက မဟာယူနိုက်တက်အသင်းကို သုံးဂိုးနှစ်ဂိုးဖြင့် အနိုင်ရရှိ



**ရန်ကုန် ဇန်နဝါရီ ၁၇**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၆) အဖြစ် ယနေ့ညနေ ၄နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့ရာ အပြန်အလှန်သွင်းဂိုးများဖြင့် ဒဂုံပေါ့အသင်းက မဟာယူနိုက်တက်အသင်းကို သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး ပွဲချိန် ၃၄ မိနစ်တွင် အာကာကျော်က မဟာယူနိုက်တက် အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူပေးနိုင်ခဲ့ခြင်းကြောင့် ပထမပိုင်းတွင် မဟာယူနိုက်တက်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့ကြောင်း သိရသည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်လည်း ဒဂုံပေါ့အသင်း၏ ချေပဂိုးနှင့်အနိုင်ဂိုးများအတွက် တိုက်စစ်မြင့်ဖိအားပေးမှုများကြောင့် ပိုမိုအကြိတ်အနယ်ရှိခဲ့ပြီး ပွဲချိန် ၅၄မိနစ်တွင် မဟာယူနိုက်တက်အသင်းမှ တိုးဆက်နိုင်က ကိုယ့်ဂိုးကိုယ် သွင်းယူခဲ့မိသည့်အတွက် ဒဂုံပေါ့အသင်း ချေပဂိုးရရှိခဲ့ပြီး ပွဲချိန် ၇၄ မိနစ်တွင်မိုဂူးက ဒဂုံပေါ့အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့ပြီး ပွဲချိန် ၇၇မိနစ်တွင် သက်နိုင်က မဟာယူနိုက်တက်အသင်းအတွက် ချေပဂိုးသွင်းယူနိုင်ခဲ့သော်လည်း ပွဲချိန် ၈၄ မိနစ်တွင် လရောင်က ဒဂုံပေါ့အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူပေးနိုင်ခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် ဒဂုံပေါ့အသင်းက မဟာယူနိုက်တက်အသင်းကို သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါပွဲစဉ်အတွက် အကောင်းဆုံး ကစားသမားဆုကို ဒဂုံပေါ့အသင်းနှင့်အတူပွဲချိန်တစ်လျှောက်လုံး ခြေစွမ်းပြကစားနိုင်ခဲ့သည့် ကွင်းလယ်ကစားသမား မျိုးဆက်ပိုင်က ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

STA

# ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲတတိယအဆင့်မှ ဒဏ်ရာပြဿနာကြောင့် နာအိုမီအိုဆာကာ နုတ်ထွက်ခဲ့ရ



**မဲလ်ဘုန်း ဇန်နဝါရီ ၁၇**

ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့တွင်ကျင်းပနေသည့် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ တတိယအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ဂျပန်တင်းနစ်မယ် နာအိုမီအိုဆာကာနှင့် ဆွစ်ဇာလန်တင်းနစ်မယ် ဘန်ဆစ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ နာအိုမီအိုဆာကာအနေဖြင့် ပထမပွဲငယ်အပြီးတွင်ဒဏ်ရာရရှိခဲ့ပြီး ပွဲပြီးဆုံးအောင် ကစားနိုင်ခဲ့ခြင်းမရှိဘဲ ပြိုင်ပွဲမှ ထွက်ခွာရန် ဆုံးဖြတ်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

နာအိုမီအိုဆာကာနှင့်ဘန်ဆစ်တို့ပွဲစဉ်၏ပထမပွဲငယ်တွင် ဘန်ဆစ်က (၇-၆) ရလဒ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်ပြီး ဒုတိယပွဲငယ် ဆက်လက်ကစားနိုင်ခြင်းမရှိသည့် နာအိုမီအိုဆာကာ၏ ဒဏ်ရာအခြေအနေကြောင့် ဘန်ဆစ်ကစတုတ္ထအဆင့်သို့ တက်ရောက်ခဲ့သည်။

ပုံစံကောင်း ပြန်လည်ရရှိနေသည့် နာအိုမီအိုဆာကာအတွက် စိတ်ပျက်ဖွယ်ရာ အခြေအနေဖြစ်ခဲ့ရပြီး ဒဏ်ရာမှာဝမ်းဗိုက်နာကျင်သည့် ဒဏ်ရာဖြစ်ကြောင်းလည်း သိရသည်။

နာအိုမီအိုဆာကာက “ဒဏ်ရာပြဿနာကြောင့် ပြိုင်ပွဲကနေ ထွက်ခွာခဲ့ရပေမယ့်လဲ စွမ်းဆောင်ရည်ပိုင်းနဲ့ပတ်သက်ပြီး အားရကျေနပ်မှု အပြည့်အဝရှိပါတယ်။ ဝမ်းဗိုက်နာကျင်တာက ပွဲမစခင်ကတည်းကပါ။ ဘယ်လိုပဲဖြစ်ဖြစ် ပွဲကစားဖြစ်အောင် ကစားမယ် ဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ကစားခဲ့တာပါ။ ဒဏ်ရာအခြေအနေကိုတော့ ဆေးစစ်မှုတွေပြုလုပ်ပြီးမှ ပရိသတ်တွေကို အသိပေးသွားမှာပါ”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

# ၂၀၂၅ အာရှအမျိုးသမီးဖူဆယ်ပြိုင်ပွဲ ခြေစစ်ပွဲအုပ်စုဒုတိယပွဲစဉ်တွင် တရုတ်(တိုင်ပေ)အသင်းကို ရှုံးနိမ့်ခဲ့ပြီး မြန်မာအမျိုးသမီးဖူဆယ်အသင်းအုပ်စုအဆင့်မှထွက်ခွာခဲ့ရ

**ရန်ကုန် ဇန်နဝါရီ ၁၇**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့်၂၀၂၅ အာရှအမျိုးသမီး ဖူဆယ်ပြိုင်ပွဲ ခြေစစ်ပွဲ အုပ်စု(D) အုပ်စုဒုတိယ ပွဲစဉ်အဖြစ် ယနေ့ညနေ ၅နာရီက ရန်ကုန်မြို့ရှိMFF Futsal Stadium တွင် မြန်မာ့လက်ရွေးစင်အမျိုးသမီး ဖူဆယ်အသင်းနှင့်တရုတ်(တိုင်ပေ) အမျိုးသမီးအသင်းတို့ ကစားခဲ့ရာ မြန်မာ့လက်ရွေးစင် အမျိုးသမီး ဖူဆယ်အသင်းအနေဖြင့် လေးဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီး အုပ်စုတစ်ပွဲ ကစားရန် ကျန်ရှိသည့်အချိန်တွင် အုပ်စုအဆင့်မှ ထွက်ခွာခဲ့ရကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင်အမျိုးသမီး ဖူဆယ်အသင်းသည် အုပ်စုအဆင့်မှတက်ရောက်ရန် မျှော်လင့်ချက်အတွက် တရုတ်(တိုင်ပေ)အမျိုးသမီးအသင်းကို မဖြစ်မနေအနိုင်ရရှိရန် လိုအပ်နေသောကြောင့် အကောင်းဆုံး ပြင်ဆင်ခဲ့သော်လည်း တရုတ်(တိုင်ပေ)အမျိုးသမီး အသင်းက အကောင်းဆုံးဖိအားပေးကစားနိုင်ခဲ့ကာ တရုတ်(တိုင်ပေ) အမျိုးသမီးအသင်းက ပထမပိုင်းတွင် သွင်းဂိုး နှစ်ဂိုးနှင့် ဒုတိယပိုင်းတွင် သွင်းဂိုး နှစ်ဂိုး သွင်းယူနိုင်ခဲ့ပြီး ပွဲပြီးဆုံးချိန်တွင် တရုတ်(တိုင်ပေ)အမျိုးသမီးအသင်းက လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

၂၀၂၅အာရှအမျိုးသမီးဖူဆယ်ပြိုင်ပွဲ ခြေစစ်ပွဲ အုပ်စု(D) အစောပိုင်းပွဲစဉ်အဖြစ် ဗီယက်နမ်အမျိုးသမီးအသင်းနှင့် မကာအိုအမျိုးသမီးအသင်းတို့ ကစားခဲ့ရာ ဗီယက်နမ် အမျိုးသမီးအသင်းက ၂၁ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

၂၀၂၅အာရှအမျိုးသမီးဖူဆယ်ပြိုင်ပွဲ ခြေစစ်ပွဲ အုပ်စု(D)တွင် မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းသည် အုပ်စုအဖွင့်ပွဲစဉ်အဖြစ် ဗီယက်နမ်အမျိုးသမီးအသင်းနှင့်ကစားခဲ့ရာတွင် ငါးဂိုး တစ်ဂိုးဖြင့်ရှုံးနိမ့်ခဲ့သကဲ့သို့ တရုတ်(တိုင်ပေ) အမျိုးသမီးအသင်းကိုလည်း လေးဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့်အတွက် နှစ်ပွဲဆက်ရှုံးနိမ့်ပြီး အုပ်စုအဆင့်မှပင်ထွက်ခွာခဲ့ရခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင်အမျိုးသမီး ဖူဆယ်အသင်းသည် အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ဇန်နဝါရီ ၁၉ရက် ညနေ ၅နာရီတွင် မကာအိုအမျိုးသမီးအသင်းနှင့် ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

STA

# ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂၂) ပွဲကြိုသုံးသပ်ချက်

STA

**အဲဗာတန် Vs စပါး**

ကစားမည့်ရက်/အချိန် ၁၉-၁-၂၀၂၅ (ည ၀၈း၃၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

စပါး ၄ - ၀ အဲဗာတန်

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| အဲဗာတန် | - | ဝေး(ရှုံး) | အိမ်(နိုင်) | အိမ်(ရှုံး) |
| စပါး | - | အိမ်(နိုင်) | ဝေး(နိုင်) | ဝေး(ရှုံး) |

နောက်ဆုံးကစားခဲ့တဲ့ ပရီးမီးယားလိဂ် ခြောက်ပွဲဆက်နိုင်ပွဲပျောက်ဆုံးထားတဲ့ အဲဗာတန်အသင်းရဲ့ ခြေစွမ်းပိုင်းကအတော်လေးကိုရုန်းကန်နေရပါတယ်။ စပါးအသင်းကတော့ ပြီးခဲ့တဲ့ပွဲစဉ်မှာ ရှုံးပွဲကြုံခဲ့တယ်ဆိုပေမယ့် ခြေစွမ်းပိုင်းကောင်းမွန်မှုရှိခဲ့ပါတယ်။ ဒါကြောင့် လက်ရှိခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ စပါးအသင်းပဲ နိုင်ပွဲပြန်လည်ရှာဖွေသွားပါလိမ့်မယ်။

ခန့်မှန်းရလဒ် - အဲဗာတန် ၀ - ၁ စပါး

# စပိန်လာလီဂါပြိုင်ပွဲ ပွဲစဉ် (၂၀) ပွဲကြိုသုံးသပ်ချက်

STA

**ရီးရဲလ်မက်ဒရစ် Vs လက်ပါးမက်**

ကစားမည့်ရက်/အချိန် ၁၉-၁-၂၀၂၅ (ည ၀၉း၄၅ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

လက်ပါးမက် ၁ - ၁ ရီးရဲလ်မက်ဒရစ်

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| ရီးရဲလ်မက်ဒရစ် | - | အိမ်(နိုင်) | ကြား(ရှုံး) | အိမ်(သရေ) |
| လက်ပါးမက် | - | အိမ်(နိုင်) | ဝေး(ရှုံး) | အိမ်(ရှုံး) |

ရီးရဲလ်မက်ဒရစ်အသင်းအတွက် အခုပွဲစဉ်မှာ အနိုင်ရရှိမယ်ဆိုရင် အမှတ်ပေးဇယားထိပ်ဆုံးက ဦးဆောင်နိုင်မယ့် အခွင့်အရေးရှိနေလို့ အမှားခံမှာမဟုတ်ပါဘူး။ လက်ပါးမက်အသင်းကလဲ နှစ်ပွဲဆက်ရှုံးနိမ့်ထားပြီး ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိဘဲရုန်းကန်နေရပါတယ်။ ဒါကြောင့် ခြေစွမ်းပိုင်းရော အိမ်ရှင်အားသာချက်ပါရှိနေတဲ့ ရီးရဲလ်မက်ဒရစ်အသင်းပဲ အနိုင်ရယူသွားမှာပါ။

ခန့်မှန်းရလဒ် - ရီးရဲလ်မက်ဒရစ် ၃ - ၀ လက်ပါးမက်

# ဘက်ဆစ်တပ်အသင်းကို ကိုင်တွယ်၍ နည်းပြဘဝ ပြန်လည်ဝင်ရောက်ရန် ဆိုးရှားဆုံးဖြတ်

**အင်ကာရာ ဇန်နဝါရီ ၁၇**

မန်ယူအသင်းကို တာဝန်ယူပြီးနောက် အသင်းလက်မဲ့ဖြစ်နေသည့် ဆိုးရှားသည် တူကီယဲကလပ် ဘက်ဆစ်တပ်အသင်းကို ကိုင်တွယ်၍ နည်းပြဘဝသို့ ပြန်လည်ဝင်ရောက်ရန် ဆုံးဖြတ်ခဲ့သည်။

လက်ရှိတွင် နည်းပြလက်မဲ့ဖြစ်နေသည့် ဘက်ဆစ်တပ်အသင်းသည် ဆိုးရှားကို နည်းပြအဖြစ် ခန့်အပ်နိုင်ရန် အစွမ်းကုန်ကြိုးပမ်းနေကာ ဆိုးရှားက သဘောတူပါက နည်းပြသစ်ခန့်အပ်ရန် ဘက်ဆစ်တပ်အသင်းက စောင့်စားလျက်ရှိကြောင်း သိရသည်။

ဘက်ဆစ်တပ် အသင်းသည် ပြီးခဲ့သည့်ဒီဇင်ဘာလက ရလဒ်ပိုင်းတည်ငြိမ်မှုမရှိသည့် နည်းပြဂျီအိုဗန်နီနှင့်လမ်းခွဲခဲ့ပြီး ယာယီနည်းပြအဖြစ် တော့ပရာတီပီကို ခန့်အပ်ခဲ့ကာ ရလဒ်ပိုင်းတိုးတက်လာခြင်းမရှိသဖြင့် ဆိုးရှားကိုသာ ခန့်အပ်သွားမည် ဖြစ်ကြောင်း သိရသည်။

ဆိုးရှားသည် မန်ယူအသင်းကို နှစ်နှစ်ခွဲတာဝန်ယူခဲ့ရာ ပြိုင်ပွဲစုံ ၁၄၉ ပွဲထိကြီးကြပ်ခဲ့ရပြီး အသင်းကို ယူရိုပါလိဂ်ပြိုင်ပွဲနှင့် အမှတ်ပေးဇယား အဆင့် (၂) သို့ ပို့ဆောင်နိုင်ခဲ့သူ ဖြစ်သော်လည်း ၂၀၂၁ ခုနှစ်တွင် မန်ယူအသင်းနှင့် လက်တွဲဖြုတ်ခဲ့ကာ နည်းပြဘဝမှ အနားယူခဲ့သည်။

ဘက်ဆစ်တပ် အသင်းသည် လာမည့် ဆမ်ဆန်စပေါ်အသင်းနှင့်ပွဲစဉ်တွင် ဆိုးရှားကို နည်းပြသစ်အဖြစ် တာဝန်ပေးအပ်သွားမည့်အပြင် ဇန်နဝါရီ ၂၂ ရက်တွင် ဘီလ်ဘာအို အသင်းနှင့်ကစားမည့် ယူရိုပါလိဂ်ပွဲစဉ်ကိုလည်းကိုင်တွယ်ရန်ဆန္ဒရှိနေသဖြင့် နောက်ဆုံးအဆင့်ဆွေးနွေးမှုများပြုလုပ်လျက်ရှိကြောင်း သိရသည်။

Ref : Goal.com

Trs : ML

# အိန္ဒိယနိုင်ငံ၏ နျူကလီးယားစွမ်းအင်သုံးရေငုပ်သင်္ဘောတည်ဆောက်ရာတွင် ကူညီသွားမည့် ပြင်သစ်နိုင်ငံ

တရုတ်နိုင်ငံသည် အိန္ဒိယသမုဒ္ဒရာဒေသတွင် ရေငုပ်သင်္ဘောများဖြန့်ကြက်ခြင်း၊ ကင်းထောက်နှင့် သုတေသနရေယာဉ်များ မကြာခဏလာရောက်ခြင်းဖြင့် ပိုမိုတိုးချဲ့တည်ရှိလာခဲ့သည်။ ၎င်းစစ်ရေယာဉ်များသည် တရုတ်ရေငုပ်သင်္ဘောစစ်ဆင်ရေးများအတွက် သိပ္ပံသုတေသနပြုလုပ်ခြင်း၊ ပင်လယ်ကြမ်းပြင်ဆိုင်ရာ အချက်အလက်ရှာဖွေခြင်းများကို မကြာခဏပြုလုပ်လာလျက်ရှိသဖြင့် အိန္ဒိယနိုင်ငံအတွက်မူ မဟာဗျူဟာမြောက်စိန်ခေါ်မှုဖြစ်စေလျက်ရှိသည်။

နျူကလီးယားစွမ်းအင်သုံးရေငုပ်သင်္ဘော(SSNs)များသည် အိန္ဒိယသမုဒ္ဒရာဒေသတွင် အိန္ဒိယနိုင်ငံ၏ စွမ်းဆောင်ရည်များမြှင့်တင်ရေးအတွက် အရေးပါလျက်ရှိသည်။ နျူကလီးယားစွမ်းအင်သုံးရေငုပ်သင်္ဘော (SSNs) များသည် ကြံ့ကြံ့ခံနိုင်သည့်အပြင် နျူကလီးယားဓာတ်ပေါင်းဖိုများကြောင့် ဝေးကွာသော နေရာများထိ တာဝန်ထမ်းဆောင်နိုင်သဖြင့် တရုတ်နိုင်ငံ၏ စစ်ရေးဆိုင်ရာလှုပ်ရှားမှုများကို တုံ့ပြန်နိုင်ရေးအတွက် အင်အားတောင့်တင်းသော ပလက်ဖောင်းတစ်ခုအနေဖြင့် အထောက်အကူပြုလျက်ရှိသည်။ စင်စစ်အားဖြင့် အိန္ဒိယနိုင်ငံသည် အိန္ဒိယသမုဒ္ဒရာဒေသတွင် ပထဝီဆိုင်ရာအားသာချက်များ ရှိနေသည်။

သို့သော် အိန္ဒိယနိုင်ငံ၏ လက်ရှိရေငုပ်သင်္ဘောအုပ်စုသည် တာဝေးထမ်းဆောင်မှုနှင့် ကြံ့ကြံ့ခံနိုင်မှု ကန့်သတ်ချက်ရှိသော သမားရိုးကျရေငုပ်သင်္ဘောများသာ ပိုင်ဆိုင်ထားရှိသည်။ နျူကလီးယားစွမ်းအင်သုံး ပဲ့ထိန်းဒုံးကျည်တင်ရေငုပ်သင်္ဘော(SSBNs)များ ဖြင့် ဖွဲ့စည်းထားသည့် လက်ရှိရေငုပ်သင်္ဘောအုပ်စုသည် နျူကလီးယားဟန့်တားမှုအတွက် အရန်ထားရှိရသည်။ ထို့ကြောင့် နျူကလီးယားစွမ်းအင်သုံးရေငုပ်သင်္ဘော (SSNs) များသည် မရှိမဖြစ် လိုအပ်လာလျက်ရှိသည်။အထူးသဖြင့် အိမ်နီးချင်းပါကစ္စတန်နိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အနေဖြင့်လည်း ၎င်းတို့၏ ရေငုပ်သင်္ဘောစွမ်းဆောင်ရည်များကို မြှင့်တင်လျက်ရှိသည်။

၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် အိန္ဒိယနိုင်ငံသည် နျူကလီးယားစွမ်းအင်သုံးရေငုပ်သင်္ဘောနှစ်စီး တည်ဆောက်ရန် စီမံကိန်းကို အတည်ပြုထားခဲ့သဖြင့် နောက်ဆုံးတွင် နျူကလီးယားစွမ်းအင်သုံးရေငုပ်သင်္ဘောလေးစီးထိ ပိုင်ဆိုင်လာမည်ဖြစ်သည်။ အဆိုပါဆုံးဖြတ်ချက်သည် အိန္ဒိယရေတပ်၏ စွမ်းဆောင်ရည်များမြှင့်တင်ရန် အရေးပေါ်လိုအပ်ချက်ကို ထင်ဟပ်စေလျက်ရှိသည်။ အထူးသဖြင့် အိန္ဒိယသမုဒ္ဒရာဒေသတွင် တရုတ်နိုင်ငံ၏ မဟာဗျူဟာမြောက်စိန်ခေါ်မှုများမြင့်တက်လာမှုကို တုံ့ပြန်နိုင်ရန်ပင်ဖြစ်သည်။ နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘော (SSNs) များဝယ်ယူမှုသည် ဒေသတွင်း၌ အိန္ဒိယ၏ ဟန့်တားမှုနှင့် တာဝန်ထမ်းဆောင်နိုင်မှုအကွာအဝေးတို့ကို မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

**ဒေသတွင်းပြောင်းလဲဖြစ်ပေါ်လာမှုများနှင့် AUKUS ၏ အခန်းကဏ္ဍ**

အမေရိကန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့ကြား ပြင်းထန်သော ပြိုင်ဆိုင်မှုမှ ဖြစ်ပေါ်လာသော ပထဝီနိုင်ငံရေးဆိုင်ရာတင်းမာမှုများသည် ဒေသတွင်း၌ စစ်ဘက်ဆိုင်ရာ ခေတ်မီအဆင့်မြှင့်တင်မှုပြိုင်ပွဲကို အရှိန်မြင့်တက်လာစေလျက်ရှိသည်။ အိန္ဒိယ၏ လေးနိုင်ငံလုံခြုံရေးဆိုင်ရာ ဆွေးနွေးမှုမိတ်ဖက်ဖြစ်သည့် ဩစတြေးလျနိုင်ငံကို နျူကလီးယားစွမ်းအင်သုံးရေငုပ်သင်္ဘော(SSNs)များ တပ်ဆင်ရန် ရည်မှန်းထားရှိသည့် AUKUS သဘောတူညီချက်သည် နျူကလီးယားစွမ်းအင်သုံးရေငုပ်သင်္ဘောများ တည်ဆောက်သွားမည့် အလားအလာကို သာဓကပြလျက်ရှိသည်။

ထို့ပြင် အင်ဒိုနီးရှားနိုင်ငံနှင့် မလေးရှားနိုင်ငံတို့ကဲ့သို့ အခြားသော အင်ဒို-ပစိဖိတ်နိုင်ငံများသည်လည်း ၎င်းတို့၏ ရေငုပ်သင်္ဘောအုပ်များကို အဆင့်မြှင့်တင်သွားရန် ရည်မှန်းထားရှိသည်။ ၂၀၂၄ ခုနှစ် မတ်လတွင် အင်ဒိုနီးရှားနိုင်ငံသည် ပြင်သစ်နိုင်ငံထံမှ Scorpene အတန်းအစား ရေငုပ်သင်္ဘောနှစ်စီး ဝယ်ယူရန် သဘောတူညီချက် တစ်ရပ်လက်မှတ်ရေးထိုးခဲ့ပြီး မလေးရှားနိုင်ငံသည် ၂၀၃၁ ခုနှစ်မှ ၂၀၃၅ ခုနှစ်တွင် အကောင်အထည်ဖော်သွားမည့် ၁၄ ကြိမ်မြောက်နှင့် ၂၀၃၆ ခုနှစ်မှ ၂၀၄၀ ပြည့်နှစ်အတွင်း အကောင်အထည်ဖော်သွားမည့် ၁၅ ကြိမ်မြောက် မလေးရှားစီမံကိန်းများအရ ရေငုပ်သင်္ဘောနှစ်စီးထပ်မံဝယ်ယူရန် ရည်မှန်းထားရှိသည်။



အိန္ဒိယနိုင်ငံ၏ ရေငုပ်သင်္ဘောကို တွေ့ရစဉ်။

တရုတ်နိုင်ငံထံမှ Hangor အတန်းအစားရေငုပ်သင်္ဘောများကို ပါကစ္စတန်နိုင်ငံ၏ဝယ်ယူမှုနှင့် Ming အတန်းအစားရေငုပ်သင်္ဘောများကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ဝယ်ယူမှုသည် ဒေသတွင်းလက်နက်အပြိုင်အဆိုင်တပ်ဆင်မှုကို မီးမောင်းထိုးပြသလျက်ရှိပြီး အိန္ဒိယ၏ တုံ့ပြန်ဆောင်ရွက်ရန် လိုအပ်လာပြီဖြစ်သည်။ ပါကစ္စတန်နိုင်ငံအတွက် Hangor II ရေငုပ်သင်္ဘောရှစ်စီးအနက် ပထမဆုံးတစ်စီးကို ၂၀၂၄ခုနှစ် အစောပိုင်းတွင် တရုတ်နိုင်ငံ ဝူဟန်မြို့ရှိ ဝူချန်သင်္ဘောကျင်း၌ စတင်တည်ဆောက်နေပြီဖြစ်သည်။

ဆိုရလျှင် ဒေသတွင်းနိုင်ငံများကြားအဆင့်မြင့်ရေငုပ်သင်္ဘောနည်းပညာပျံ့နှံ့လာခြင်းသည် အိန္ဒိယနိုင်ငံကို သိမ်မွေ့ရှုပ်ထွေးလာသော မဟာဗျူဟာမြောက်ပတ်ဝန်းကျင်တွင် ၎င်း၏ အကျိုးစီးပွားများ ကာကွယ်စောင့်ရှောက်ရေးအတွက် နျူကလီးယားစွမ်းအင်သုံးရေငုပ်သင်္ဘော (SSNs) ဖွံ့ဖြိုးတိုးတက်တည်ဆောက်ရန်လိုအပ်ချက်ကို မီးမောင်းထိုးပြသလျက်ရှိသည်။

အိန္ဒိယရေတပ်သည် Visakhapatnam ရှိသင်္ဘောတည်ဆောက်ရေးဗဟိုဌာန၌ နျူကလီးယားစွမ်းအင်သုံးရေငုပ်သင်္ဘော(SSNs)များ တည်ဆောက်သွားရန် စီစဉ်ထားရှိသည်။ အဆင့်မြင့် တွန်းကန်အားစနစ်များ၊ ကိုယ်ပျောက်စွမ်းရည်များနှင့် တာရှည်ခံသည့် ပင်ကိုယ်ဝိသေသများပေါင်းစပ်ပါဝင်သော နျူကလီးယားစွမ်းအင်သုံးရေငုပ်သင်္ဘော(SSNs)နည်းပညာ၏ သိမ်မွေ့ရှုပ်ထွေးမှုသည် အိန္ဒိယ၏ဖွံ့ဖြိုးတိုးတက်စ ကာကွယ်ရေးစက်မှုလုပ်ငန်းအပေါ် စိန်ခေါ်မှုတစ်ရပ်ဖြစ်စေခဲ့သည်။ သမိုင်းကြောင်းအရ အိန္ဒိယနိုင်ငံသည် ရေငုပ်သင်္ဘောစီမံကိန်းများအတွက် ပြည်ပအကူအညီအပေါ် မှီခိုအားထားခဲ့ရသည်။အိန္ဒိယ၏နျူကလီးယားစွမ်းအင်သုံးရေငုပ်သင်္ဘော(SSNs) များကို ရုရှား၏ ပံ့ပိုးကူညီမှုဖြင့် တိုးတက်တည်ဆောက်လာခဲ့ခြင်းဖြစ်ပြီး Akula အတန်းအစား နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘော(SSNs)ကို ရုရှားထံမှ ငှားရမ်းခဲ့ရသည်။

သို့သော် ယူကရိန်းစစ်ပွဲနှင့် ရုရှားနိုင်ငံအပေါ် ပိတ်ဆို့မှုများကြောင့် ဖြစ်ပေါ်လာသည့် ပထဝီနိုင်ငံရေးဆိုင်ရာ ဆိုးကျိုးများသည် လက်ရှိ အကောင်အထည်ဖော်နေသော စီမံကိန်းများကို နှောင့်နှေးကြန့်ကြာမှုဖြစ်ပေါ်စေလျက်ရှိသည်။ ၂၀၁၉ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သော ငှားရမ်းစာချုပ်အသစ်အတွက် ငွေပေးချေမှုများရပ်ဆိုင်းနေခဲ့သဖြင့် ၎င်းစီမံကိန်းကို ၂၀၂၈ ခုနှစ်မတိုင်မီ အပြီးသတ်အကောင်အထည်ဖော်နိုင်ဖွယ်ရာမရှိပေ။ ၎င်းစိန်ခေါ်မှုများသည် အိန္ဒိယ၏ ကာကွယ်ရေးမိတ်ဖက်နိုင်ငံများ အရေးပေါ် ထပ်မံရှာဖွေရန် လိုအပ်ချက်ကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။

**မှီခိုအားထားရသည့် မဟာဗျူဟာမြောက်မိတ်ဖက် ပြင်သစ်နိုင်ငံ**

ပြင်သစ်နိုင်ငံသည် အိန္ဒိယနိုင်ငံ၏ ကာကွယ်ရေးအခင်းအကျင်းတွင် အရေးပါသော မိတ်ဖက်အဖြစ်ပေါ်ထွက်လာလျက်ရှိသည်။ စတော့ခ်ဟုမ်းနိုင်ငံတကာ ငြိမ်းချမ်းရေးသုတေသနအင်စတီကျု (SIPRI) ၏ အဆိုအရ ပြင်သစ်နိုင်ငံသည် ၂၀၂၄ ခုနှစ်တွင် ကမ္ဘာလုံးဆိုင်ရာ လက်နက်တင်ပို့မှုတွင် ဒုတိယအကြီးမားဆုံးနိုင်ငံဖြစ်လာခဲ့ပြီး အိန္ဒိယနိုင်ငံသည် အဓိကဝယ်ယူအားပေးသည့် ဖောက်သည်နိုင်ငံဖြစ်လာခဲ့သည်ဟု ဆိုသည်။ အိန္ဒိယနိုင်ငံသည် လက်နက်တင်သွင်းနိုင်ရန် မိတ်ဖက်အသစ်နိုင်ငံများရှာဖွေခဲ့ပြီး နျူကလီးယားစွမ်းအင်သုံးရေငုပ်သင်္ဘော (SSNs) စီမံကိန်းအတွက် ပြင်သစ်နှင့် ပူးပေါင်းဆောင်ရွက်မှုစတင်ခဲ့သည်။

၁၉၉၈ ခုနှစ်တွင် စတင်ထူထောင်ခဲ့သော ပြင်သစ်-အိန္ဒိယ မဟာဗျူဟာမြောက် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုသည် လွန်ခဲ့သော ဆယ်စုနှစ်အတွင်း သိသိသာသာနက်ရှိုင်းလာခဲ့သည်။ အမေရိကန်နိုင်ငံအပါအဝင် အနောက်နိုင်ငံများက အိန္ဒိယ၏ နျူကလီးယားစမ်းသပ်မှုကို တုံ့ပြန်သောအားဖြင့် ပိတ်ဆို့မှုများချမှတ်ခဲ့သည့် ၁၉၉၈ ခုနှစ်တွင် ပြင်သစ်နိုင်ငံသည် အိန္ဒိယနိုင်ငံဘက်မှ ရပ်တည်ပေးခဲ့သည်။ ထိုသို့ အပြန်အလှန်ယုံကြည်မှုများကြောင့် နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘော(SSNs) တည်ဆောက်ရေးကဲ့သို့သော ကာကွယ်ရေးဆိုင်ရာ နည်းပညာများအပါအဝင် ပူးပေါင်းဆောင်ရွက်မှုများစွာ လုပ်ဆောင်လာခဲ့ခြင်းဖြစ်သည်။

**အဆင့်မြင့်နည်းပညာနှင့် ပူးတွဲဖွံ့ဖြိုးမှု**

ပြင်သစ်နိုင်ငံသည် ရေငုပ်သင်္ဘောများ၏ ကိုယ်ပျောက်နှင့် စွမ်းဆောင်ရည်များမြှင့်တင်နိုင်မည့် တွန်းကန်အားစနစ်ကဲ့သို့သော အဆင့်မြင့်နည်းပညာများကို လွှဲပြောင်းပေးအပ်သွားရန် အဆိုပြုထားရှိသည်။ အိန္ဒိယ၏ စီမံကိန်းရေးဆွဲထားသည့် ပထမဆုံးနျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘော (SSNs) ခြောက်စီးသည် ပြင်သစ်နိုင်ငံလုပ်တွန်းကန်အားနည်းပညာပါဝင်မည်ဖြစ်ပြီး ထို့နောက် စမ်းသပ်မောင်းနှင်ပြီးချိန်တွင် အိန္ဒိယဒီဇိုင်းတွန်းကန်အားစနစ်များဖြင့် တပ်ဆင်သွားမည်ဖြစ်သည်။

Barracuda အတန်းအစားဟုလည်း လူသိများသည့် ပြင်သစ်နိုင်ငံ၏ Suffren အတန်းအစား နျူကလီးယားစွမ်းအင်သုံးရေငုပ်သင်္ဘော (SSNs) များသည် အသံတိတ်ဆိတ်မှုနှင့် အဆင့်မြင့်နျူကလီးယားဓာတ်ပေါင်းဖိုများကြောင့် လူသိများပြီး အိန္ဒိယ၏ လက်ရှိရေငုပ်သင်္ဘောစွမ်းဆောင်ရည်များထက် ပိုမိုအသုံးတည့်လျက်ရှိသည်။

အိန္ဒိယ၏ ကာကွယ်ရေးစက်မှုလုပ်ငန်းသည် Suffren အတန်းအစားရေငုပ်သင်္ဘောများ တည်ဆောက်နေသည့် ပြင်သစ် Naval Group နှင့် ကာလရှည်ကြာပူးပေါင်းဆောင်ရွက်မှုမှ အကျိုးကျေးဇူးများ ရရှိလျက်ရှိသည်။ Naval Group သည် မူလက အိန္ဒိယနိုင်ငံထုတ် အစိတ်အပိုင်းများစွာ ပါဝင်သည့် Scorpene အတန်းအစား ရေငုပ်သင်္ဘောများပူးတွဲတည်ဆောက်ရန် အိန္ဒိယကုမ္ပဏီများနှင့် သဘောတူညီခဲ့သည်။

**အိန္ဒိယ၏ ကာကွယ်ရေးအဆင့်မြှင့်တင်မှုတွင် ပြင်သစ်၏ ပါဝင်ဆောင်ရွက်မှု**

ပြင်သစ်နိုင်ငံသည် အိန္ဒိယနိုင်ငံ၏ နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘော(SSNs) အစီအစဉ်ကို ပံ့ပိုးကူညီရန် ဆန္ဒရှိကြောင်း အစဉ်တစိုက်ပြောဆိုလျက်ရှိသည်။ ၂၀၁၇ ခုနှစ်တွင် အိန္ဒိယရေတပ်ဦးစီးချုပ် ဆွန်နေးလ်လန်ဘာသည် Suffren အတန်းအစား SSNs ကို လေ့လာကြည့်ရှုရန် ပြင်သစ်သင်္ဘောကျင်းသို့ သွားရောက်လည်ပတ်ခဲ့သည်။ ၂၀၂၃ ခုနှစ် ဇူလိုင်လအတွင်း အိန္ဒိယဝန်ကြီးချုပ်နရင်ဒရာမိုဒီ၏ ပြင်သစ်ခရီးစဉ်အတွင်း နှစ်နိုင်ငံသည် ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုရည်မှန်းချက်များကို မီးမောင်းထိုးပြထားသည့် Horizon 2047 စာတမ်းကို ထုတ်ပြန်ခဲ့သည်။ ၎င်းစာတမ်းတွင် အိန္ဒိယ၏ ရေငုပ်သင်္ဘောအုပ်စုတည်ဆောက်မှုစီမံကိန်းလည်း ပါဝင်သည်။ ပြင်သစ်နိုင်ငံအနေဖြင့် နှစ်နိုင်ငံအပြန်အလှန်ယုံကြည်မှုကို အလေးထားလျက် ကန့်သတ်ချက်မပါဘဲ နောက်ဆုံးပေါ်နည်းပညာများ လွှဲပြောင်းပေးအပ်သွားမည်ဖြစ်သည်။

နိဂုံးဆိုရလျှင် နျူကလီးယားစွမ်းအင်သုံးရေငုပ်သင်္ဘော(SSNs) များ တည်ဆောက်ခြင်းသည် အိန္ဒိယ၏ ကာကွယ်ရေး စွမ်းဆောင်ရည်များအတွက် အရေးပါသော သမိုင်းမှတ်တိုင်တစ်ရပ်ဖြစ်လာစေမည်ဖြစ်သည့်အတွက် လတ်တလောဖြစ်ပေါ်လျက်ရှိသည့် မဟာဗျူဟာမြောက် စိန်ခေါ်မှုများနှင့် ရေရှည်လုံခြုံရေး လိုအပ်ချက်များကို ဖြေရှင်းပေးနိုင်မည်ဖြစ်သည်။ ပြင်သစ်၏ အဆင့်မြင့်ရေငုပ်သင်္ဘောနည်းပညာပိုင်ဆိုင်ထားရှိမှုနှင့် နည်းပညာလွှဲပြောင်းပေးအပ်ရန် စိတ်အားထက်သန်မှုတို့သည် အိန္ဒိယနိုင်ငံ၏ နျူကလီးယားစွမ်းအင်သုံးရေငုပ်သင်္ဘော (SSNs) အစီအစဉ်အတွက် မရှိမဖြစ် မိတ်ဖက် အဖြစ် ရပ်တည် လျက်ရှိသည်။ အမှန်တော့ နှစ်နိုင်ငံစလုံးအနေဖြင့် ၂၁ ရာစုစိန်ခေါ်မှုများဖြေရှင်းရာတွင် အတူတကွ လုပ်ဆောင်လုပ်ဆောင်လျက်ရှိသောကြောင့် နျူကလီးယားစွမ်းအင်သုံးရေငုပ်သင်္ဘော(SSNs) တည်ဆောက်မှုနှင့် စပ်လျဉ်း၍ ၎င်းတို့၏ ပူးပေါင်းဆောင်ရွက်မှုသည် မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးကို ပိုမိုခိုင်မာအားကောင်းလာစေမည်ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**မောင်သောင်းဝင်း(တမန်ဟောင်း)**

# Shrek 5 ကွန်ပျူတာအင်နီမေးရှင်းဇာတ်ကား ရုံတင်မည့်ရက်ကို ဝါနာဘရားသားကုမ္ပဏီက ၂၀၂၆ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်သို့ နောက်ဆုတ်ထား




**နယူးယောက် ဇန်နဝါရီ ၁၇**

Shrek 5 ကွန်ပျူတာ အင်နီမေးရှင်းဇာတ်ကား ရုံတင်မည့်ရက်ကို ဝါနာဘရားသားကုမ္ပဏီက ၂၀၂၆ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်သို့ နောက်ဆုတ်ထားကြောင်း ဇန်နဝါရီ ၁၆ ရက် သတင်းများအရ သိရသည်။

မူလက Shrek 5 ကွန်ပျူတာ အင်နီမေးရှင်းရုပ်ရှင်ဇာတ်ကားကို ၂၀၂၆ ခုနှစ် ဇူလိုင် ၁ ရက်တွင် ရုံတင်ရန် ဝါနာဘရားသားကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

ဝါနာဘရားသားကုမ္ပဏီ၏ Shrek ဇာတ်ကားများသည် အနုပညာအရရော၊ ဝင်ငွေအရရော အောင်မြင်ခဲ့သော ကွန်ပျူတာ အင်နီမေးရှင်းဇာတ်ကား ဖြစ်ကြောင်း သိရသည်။

ပထမဆုံး Shrek(2001)ဇာတ်ကားမှာ အော်စကာဆု ရရှိခဲ့သည့် ပထမဆုံး ကွန်ပျူတာအင်နီမေးရှင်း ဇာတ်ကားဖြစ်ကြောင်း သိရသည်။

အလားတူ ယခင်ရိုက်ကူးပြသခဲ့ပြီးဖြစ်သော Shrek ဇာတ်ကားလေးကား၏ ကမ္ဘာ့တစ်ဝန်းဝင်ငွေ စုစုပေါင်းမှာလည်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၉ ဘီလီယံထိ ရှိခဲ့ကြောင်း သိရသည်။

Shrek 5 ဇာတ်ကားကို ဒါရိုက်တာ ဝေါ့ဒ်ဒွန်းက တာဝန်ယူရိုက်ကူးပေးထားပြီး မင်းသား မိုက်မေယာ၊ အက်ဒီမာဖီနှင့် မင်းသမီး ကင်မရွန်းဒီယက်တို့က အသံဖြင့် သရုပ်ဆောင်ထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

# ဗြိတိသျှရုပ်ရှင်အကယ်ဒမီ၏ BAFTA ဆုပေးပွဲ ဆန်ခါတင်စာရင်းများကို ကြေညာခဲ့

**လန်ဒန် ဇန်နဝါရီ ၁၇**

ဗြိတိသျှရုပ်ရှင်အကယ်ဒမီ၏ BAFTA ဆုပေးပွဲ ဆန်ခါတင်စာရင်းများကို ဇန်နဝါရီ ၁၅ ရက်တွင် ကြေညာခဲ့ကြောင်း ဇန်နဝါရီ ၁၆ ရက် သတင်းများအရ သိရသည်။

၂၀၂၅ ခုနှစ် BAFTA ဆုပေးပွဲ ဆန်ခါတင်ရုပ်ရှင်ဇာတ်ကားများနှင့် အနုပညာရှင်များစာရင်းတွင် Conclave ဇာတ်ကားက ဆုပေါင်း ၁၂ ဆု၏ ဆန်ခါတင်စာရင်း၌ ပါဝင်နေကြောင်း သိရသည်။

အလားတူ Emilia Perez ဇာတ်ကားသည်လည်း BAFTA ဆုပေးပွဲ ဆုပေါင်း ၁၁ ဆု၏ ဆန်ခါတင်စာရင်းတွင် ပါဝင်လျက်ရှိကြောင်း သိရသည်။

အထက်ပါ ရုပ်ရှင်ကားနှစ်ကားလုံးသည် BAFTA ရုပ်ရှင်ဆုပေးပွဲ၏ ထိပ်တန်းဆုများဖြစ်ကြသည့် အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆု၊ အကောင်းဆုံး ဒါရိုက်တာဆုနှင့် အကောင်းဆုံး သရုပ်ဆောင်ဆု ဆန်ခါတင်စာရင်းများတွင် ပါဝင်လျက်ရှိသည်။

The Brutalist ဇာတ်ကားကမူ BAFTA ဆုပေးပွဲ ဆုပေါင်း ရှစ်ဆု၏ ဆန်ခါတင်စာရင်း၌ ပါဝင်လျက်ရှိကြောင်း သိရသည်။

၇၈ ကြိမ်မြောက် BAFTA ဆုပေးပွဲကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်တွင် လန်ဒန်မြို့တော်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



# တေးသံရှင် ရဲရင့်အောင်၊ ပိုပို၊ လားဒင့်ထားရီတို့၏ တေးဂီတဖျော်ဖြေပွဲကို မင်္ဂလာတောင်ညွန့်မြို့နယ် The Heart of Rangoon –THOR Bar တွင်ပြုလုပ်မည်

**ရန်ကုန် ဇန်နဝါရီ ၁၇**

လူငယ်ကြိုက် တေးသံရှင် ရဲရင့်အောင်၊ ပိုပို၊ လားဒင့်ထားရီတို့၏ တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ The Heart of Rangoon –THOR Bar ၌ ဇန်နဝါရီ ၂၃ ရက်တွင် ပြုလုပ်မည်ဖြစ်ကြောင်း တေးသံရှင် ရဲရင့်အောင်က ပြောပြ၍ သိရသည်။

အဆိုပါတေးသံရှင် ရဲရင့်အောင်၊ ပိုပို၊ လားဒင့်ထားရီတို့၏ တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုကို Million Dreams Music Band က အကောင်းဆုံး တီးခတ်ပံ့ပိုးပေးသွားမည်ဖြစ်ပြီး MW Dance Crews ၏ Performance များဖြင့်လည်း အားဖြည့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။




“The Heart of Rangoon – THOR Bar မှာ ဇန်နဝါရီ ၂၃ ရက်မှာ Million Dreams Music Band နဲ့အတူ ဖျော်ဖြေပေးသွားမှာ ဖြစ်ပါတယ်။ MW Dance Crews ရဲ့ အလန်းစား Performance တွေကိုလဲမြင်ရအုံးမှာမို့ အဲဒီနေ့ညကိုတော့ လက်လွှတ်လို့မဖြစ်တော့ဘူးနော်" ဟု တေးသံရှင် ရဲရင့်အောင်က ပြောပြသည်။

တေးသံရှင် ရဲရင့်အောင်၊ ပိုပို၊ လားဒင့်ထားရီတို့၏ တေးဂီတဖျော်ဖြေမှုအစီအစဉ်ကို The Heart of Rangoon –THOR Bar တွင် ညနေ ၆ နာရီ မိနစ် ၃၀ မှစတင်သွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# ပုဇွန်တောင်မြို့နယ်တွင် လရိပ်ပန်းပွင့် Group Art Exhibition ပန်းချီပြပွဲပြုလုပ်မည်

**ရန်ကုန် ဇန်နဝါရီ ၁၇**

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်ရှိ Izana Art Gallery တွင် လရိပ်ပန်းပွင့် အမည်ရှိ Group Art Exhibition ပန်းချီပြပွဲကို ဇန်နဝါရီ ၁၈ ရက် မှ ဇန်နဝါရီ ၂၂ ရက်ထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း Izana Art Gallery မှ ပန်းချီ ကောင်းကျော်ခိုင်က ပြောပြ၍ သိရသည်။

အဆိုပါ လရိပ်ပန်းပွင့် အမည်ရှိ Group Art Exhibition ပန်းချီပြပွဲသည် ပန်းချီပန်းပု ကျောင်းဆင်း ပန်းချီဆရာ၊ဆရာမ ၂၅ ဦးတို့၏ ပန်းချီလက်ရာများကို စုစည်းပြသပေးမည့် ပြပွဲဖြစ်ပြီး အဆိုပါပြပွဲတွင် အကြောင်းအရာစုံ၊ အရွယ်အစားစုံ၊ ပုံစံစုံပန်းချီကား ၇၀ ခန့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

“လရိပ်ပန်းပွင့် ပန်းချီပြပွဲကို ၂၀၀၄ ခုနှစ်ကစတင်ပြီး ဆရာကိုမောင်ကျော်သန်းနဲ့ ဆရာကျော်သူရိန်တို့ရဲ့ ညွှန်ကြားမှုနဲ့ စုစည်းပြသခဲ့တာ ဖြစ်ပါတယ်။ ပန်းချီ၊ ပန်းပုကျောင်းသားတွေအပြင် အခြားလူကြီး၊ လူငယ်ပန်းချီဆရာတွေပါ ပါဝင်ပြသခဲ့ကြပါတယ်။ တစ်နှစ်တစ်ကြိမ် ပုံမှန်ပြပွဲပြုလုပ်ဖို့ကြိုးစားကြရင်း ၂၀၀၄ ခုနှစ်ကနေစတင်ပြသခဲ့တာ အခုဆိုရင် ၁၆ ကြိမ်တိုင်ခဲ့ပြီ ဖြစ်ပါတယ်။ အချို့နှစ်တွေမှာတော့ အကြောင်းအမျိုးမျိုးကြောင့် မပြသနိုင်ခဲ့တာတွေလဲ ရှိပါတယ်။ ဘာပဲဖြစ်ဖြစ် ၁၆ ကြိမ်တိုင်အောင် ပါဝင်ပြသခဲ့ကြတဲ့ ပန်းချီဆရာလူကြီး၊ လူငယ်အားလုံးကိုကျေးဇူးအထူးတင်ပါတယ်။ ပန်းချီဆရာ၊ ဆရာမ ၂၅ယောက်ရဲ့ တစ်မူထူးခြားတဲ့ လက်ရာတွေကိုလဲလာရောက်ကြည့်ရှုခံစားဖို့ ဖိတ်ခေါ်လိုက်ပါတယ်"ဟု ပန်းချီကောင်းကျော်ခိုင်က ပြောပြသည်။

အဆိုပါ ပြပွဲတွင်ပြသပေးမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ ၄၄x၄၄ လက်မ၊ ၃၆x၄၄ လက်မ၊ ၁၈x၄၄ လက်မ၊ ၁၈x၁၈ လက်မစသည်ဖြင့် အရွယ်အစားအစုံပါဝင်ပြီး ဈေးနှုန်းအနေဖြင့် အနည်းဆုံး ငွေကျပ် ၁၀သိန်းမှ အမြင့်ဆုံး ငွေကျပ် သိန်း၄၀ ထိရှိကြောင်း သိရသည်။

ASH

# ဗိုလ်တထောင်မြို့နယ် SECRETARIAT YANGON တွင် ပြည်ထောင်စုနေ့အကြို ပြည်တွင်း MSME လုပ်ငန်းများမြှင့်တင်ရေးဈေးရောင်းပွဲတော် ကျင်းပမည်ဖြစ်

**ရန်ကုန် ဇန်နဝါရီ ၁၇**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ SECRETARIAT YANGON (ယခင်ဝန်ကြီးများရုံး)တွင် ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့အကြို ပြည်တွင်း MSME လုပ်ငန်းများ မြှင့်တင်ရေး ဈေးရောင်းပွဲတော် ကျင်းပမည်ဖြစ်ကြောင်း အဆိုပါဈေးရောင်းပွဲတော်ကို ဦးဆောင်စီစဉ်နေသည့် မြန်မာနိုင်ငံ ဗမာတိုင်းရင်းသားလုပ်ငန်းရှင်များအသင်း (UMBEEA) ဥက္ကဋ္ဌ ဦးကျော်ဒေဝက ပြောပြ၍ သိရသည်။

အဆိုပါ ပြည်တွင်း MSME လုပ်ငန်းများ မြှင့်တင်ရေးဈေးရောင်းပွဲတော်ကို ဇန်နဝါရီ ၂၅ ရက်မှ ဇန်နဝါရီ ၂၇ ရက်ထိ SECRETARIAT YANGON တွင် ကျင်းပသွားမည်ဖြစ်ပြီး စားသောက်ကုန်၊ လူသုံးကုန်၊ အဝတ်အထည်၊ အထွေထွေကုန်စည် မျိုးစုံတို့ကို ပြသရောင်းချမည့် ဆိုင်ခန်းပေါင်း ၇၀ ကျော် ဖွင့်လှစ်ရောင်းချသွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

"ပြည်ထောင်စုနေ့အကြို ပြည်တွင်း MSME လုပ်ငန်းများ မြှင့်တင်ရေး ဈေးရောင်းပွဲတော်ကို မြန်မာနိုင်ငံ ဗမာတိုင်းရင်းသား လုပ်ငန်းရှင်များအသင်းနဲ့ Secretariat Yangon တို့ပူးပေါင်းကျင်းပမှာဖြစ်ပါတယ်။ ဈေးရောင်းပွဲတော်ကို ဇန်နဝါရီ ၂၅ ရက်ကနေ ၂၇ ရက်ထိ မနက် ၁၀ နာရီကနေ ညနေ ၆ နာရီထိ ကျင်းပသွားမှာ ဖြစ်ပါတယ်။ ပွဲတော်မှာတော့ တိုင်းရင်းသားရိုးရာ အစားအစာတွေ၊ လူသုံးကုန်ပစ္စည်းတွေ၊ အဝတ်အထည်နဲ့ စားသောက်ကုန်ပစ္စည်းတွေစတဲ့ဆိုင်ခန်း ၇၀ကျော်က ပြသရောင်းချသွားမှာဖြစ်ပါတယ်" ဟု ဥက္ကဋ္ဌ ဦးကျော်ဒေဝက ပြောပြသည်။

မြန်မာနိုင်ငံဗမာတိုင်းရင်းသား လုပ်ငန်းရှင်များ အသင်းတွင် အသင်းဝင်ဦးရေ ၂၀၀ ခန့်ရှိပြီး ဗမာတိုင်းရင်းသား လုပ်ငန်းရှင်များ၏ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဈေးကွက်တိုးချဲ့နိုင်ရန်အတွက် အရောင်းမြှင့်တင်ရေး ဈေးရောင်းပွဲတော်များကို ကျင်းပခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ ဗမာတိုင်းရင်းသားလုပ်ငန်းရှင်များအသင်းမှ သိရသည်။

ASH

# SAC Chairman Prime Minister Senior General Min Aung Hlaing addresses Union Government meeting

## Aid from National Disaster Management Fund ready for persons temporarily displaced by terrorist attacks



Senior General Min Aung Hlaing addresses the Union Government meeting.

**Nay Pyi Taw January 17**

The Union Government held a meeting at the meeting hall of the State Administration Council Chairman's Office here this morning, addressed by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing.

Also present were SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win, union ministers, union level dignitaries, and officials. The Nay Pyi Taw Council chair and region/state chief ministers attended the meeting through video conferencing.

**Implementation of adopted roadmap and objectives in progress for national development**

In his keynote address, the Senior General said SAC, the government in office, is now implementing the adopted roadmap and objectives for national development. The five-point roadmap is the goal of the nation as well as the political vision. The objectives are the policy and the essence of the government's functions and duties. The progress in implementing the said roadmap and objectives must be reviewed. The national goal is national prosperity and abundance of food. The implementation of objectives is to realize the goal. Ministries and regions and states must review their work to measure the extent of success in implementing the roadmap and objectives.

**Endeavours for national progress**

SAC is a government that has taken the responsibilities of the State temporarily in accord with the 2008 Constitution due to vote rigging during the 2020 multiparty democracy general election. Every country in the world is making ongoing efforts for its development. In order to catch up with other countries, the SAC too is exerting efforts for economic development.

**Generation of educated human resources, the main requirement for national economic development**

The government has implemented the KG+9 compulsory education system in order to promote the education sector for availability of educated human resources, the focal point for national economic development. As the agro-based industry development and the progress of national economy and socio-economic life are parallel to one another, the government has opened agriculture and livestock and technological high schools.

First, we must replace conventional farming with systematic farming as it is a way towards modern farming, and this process needs human resources as well as collective efforts to bring about human resources, skilled in farming, region/state wise. The country also needs human resources that will preserve the locally existing Myanmar cultural craftsmanship. For example, the country must continue the work of producing lacquer experts. Hence, stipends will be provided for students pursuing basic intellectual and technological knowledge, while extension of universities teaching farming technologies is in progress.

**Collective efforts for increasing school attendance rate**

The State is applying multiple means to increase the number of school age children in classes. Sadly, the school attendance rate is still low due to various reasons. Efforts should be made to increase the school attendance rate in towns by regions and states where peace and stability prevails.

During the tenure of our government, we have provided support based on the qualifications obtained, improved the appearance of schools, ensured the provision of adequate teaching materials, and extended benefits to teachers. It is essential to implement measures to recognize and reward teachers in every region and state. For youth development, various sports events such as the Multi-School Sports Event, the National Sports Event, and Tatmadaw Sports Event were successfully organized in 2024. These initiatives aim to foster healthy and resilient young individuals. The promotion of sports also seeks to inspire a sense of patriotism and a commitment to safeguarding the nation. Efforts are expected to continue across all regions and states.

**Efforts are underway to ensure peace, stability, and the rule of law as part of the preparations for conducting free and fair multi-party democracy general elections**

The final step in the future process is to conduct a population and housing census to facilitate free and fair general elections. According to the collected data, the population has decreased and now stands at just over 51 million. This decline is attributed to a decreasing birth rate, a growing number of individuals migrating to foreign countries for various reasons, and an increase in deaths due to different causes. As a result, the population decrease has led to a shortage of local workers. Similarly, the population decline may have some impact on the conduct of elections. To facilitate the election, preparations are underway to ensure peace, stability, and the rule of law. He emphasized the importance of continued efforts to establish conditions favorable for holding elections. Pyithu Hluttaw, Amyotha Hluttaw, and Region and State Hluttaws must possess the capacity to convene their respective sessions effectively and strive to uphold the dignity of their institutions.

**High-quality production of local food products and clothing can enhance market access and contribute to improving socio-economic conditions**

During a recent visit to the Mandalay Region, including Meiktila and Pyin Oo Lwin, I inspected the implementation of micro, small and medium enterprises (MSME) projects and found their operations to be satisfactory. It was observed that production had increased compared to previous levels, and the packaging and quality of the products were also found to be of a high standard. In carrying out MSME activities, it is essential to promote the production of final products using locally sourced raw materials. Additionally, we must ensure a steady supply of raw materials for products that are in demand in international markets. Effective measures in MSME businesses related to cotton, bamboo, rubber, and coffee can significantly contribute to the country's economic development.

We must depend on our own efforts to enhance the country's economy and promote MSMEs to increase the production of high-quality export goods. To boost exports, domestically manufactured products must be of high quality, affordably priced, and aligned with market demands. Therefore, we must consistently conduct market research and ensure that our products maintain a strong presence in the market.

As rice and beans produced in our country have established a market, we must focus on exporting higher-quality rice and beans. For instance, we need to enhance the sales of the renowned Paw San Hmwe rice. The National Economic Development Fund has previously provided capital to support the development of MSMEs. If additional capital is required in regions with strong potential to increase MSME product production, the Fund will offer capital loans to accelerate business growth. By increasing farming activities tailored to the local population's needs, the rising prices of meat and fish can be effectively controlled. Therefore, capital will be allocated from the National Economic Development Fund to expand operations, and it is essential for regions and states to take responsibility for the implementation. Since there are rules and regulations for conducting businesses with state-funded capital, operations can be carried out not individually, but also through a collective cooperative system. Therefore, the relevant ministries must engage in discussions and take action to enhance the national economy through a collective cooperative system.

**It is necessary to place emphasis on public health sector as people can study and work only when they are healthy**

Although the policy that every hospital must have doctors has been adopted, it was learnt that some hospitals do not have doctors and it is necessary for relevant areas to check and report the situation. The government will address the shortages of health workers. It is necessary to place emphasis on the public health sector as people can study and work only when they are healthy. If one can reduce the consumption of unhealthy food, foodstuff and spending, it will be beneficial not only for each individual and family but also for economic development of the country. Therefore, administrative authorities are required to say what is beneficial for regions and the country without fail. It is necessary to implement the road map and objectives adopted by the State Administration Council relentlessly by resolutely working towards goals.

**Reports submitted**

Then, the chairman of Nay Pyi Taw Council and chief ministers of regions and states reported to the Senior General on targeted cultivation acreage of monsoon paddy and oil crops, measures to expand cultivation acreage to meet targeted yields, production and exports, teaching and learning basic and higher education, steps taken for coverage of healthcare services, tasks being carried out of sufficiency of the meat and fish sector, works carried out for smooth operations of industrial zones, timely completion of projects, collection of state revenues, foreign trade and foreign exchange earnings, promotion of development of tourism and arrivals of tourists, measures taken for development of MSMEs, electricity supply and usage and disbursement of loans from the national economic promotion fund to respective sectors.

*See Page 13*

# SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win delivers speech at coordination meeting to hold Union Level MSME product exhibitions and competitions



**Vice-Senior General Soe Win delivers a speech at the coordination meeting to hold the Union Level MSME product exhibitions and competitions.**

**Nay Pyi Taw January 17**

A meeting to hold the Union Level MSME product exhibitions and competitions took place at the meeting hall of the Ministry of Industry in Nay Pyi Taw this afternoon, with an address by Chairman of the MSME Development Work Committee Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win.

Also present at the meeting were Union Minister for Industry Dr Charlie Than, Nay Pyi Taw Council Chairman U Than Tun Oo, the Nay Pyi Taw Council member, the Vice Mayor, departmental heads and officials.

Speaking at the meeting, the Vice-Senior General said that Union Level MSME product exhibitions and competitions aims to continuously enhance products and services of MSME businesses, to use new value-added products at home and penetrate foreign markets, enhance collaborative efforts among MSME businesses in regions and states to supply needs of regions each other in the production chain and expose weak and strong points of processes, encourage relevant one region-one product businesses to have success, further create linkages between MSME businesses and internal and external investors, award Union level MSME model product prizes and enable MSME businesses to operate in the long run.

Moreover, the exhibitions and competitions must contribute to observation over weak and strong points of domestic products from Nay Pyi Taw Council Area, regions and states to improve their products. This will allow for necessary improvements and the opportunity for products to receive national-level branding. The exhibition and competition aim to ensure consumers are aware of the quality standards of products through certifications, which will lead to positive outcomes. Through the displays and presentations by relevant ministries, agencies, and business owners participating in the event, it will facilitate connections between MSME and related ministries, organizations, and businesses, creating opportunities for them to access resources, methods, practices, and other benefits provided by the ministries and affiliated organizations.

Regarding MSME products, business owners and officials should engage in discussions to understand the changes in customer behaviour, technology, information, investment, and market trends both internationally and within their own country. They should also be monitor the ongoing digital transformation, the use of online banking systems, and how to adapt to these changes. The shift from in-store purchasing systems to online marketing systems should be understood, as well as regional preferences and consumption patterns. By staying informed and adaptable to market changes, they will be able to use online marketing and online payment systems more widely and effectively.

Moreover, through MSME exhibitions and competitions, new, high-quality products will emerge, and by exporting these quality products, foreign exchange earnings will be generated. Therefore, MSMEs should strive to export their products by understanding the product requirements and regulations of the importing countries. For example, to export products to China, it is necessary to obtain General Administration of Customs of the People's Republic of China (GACC) approval. Similarly, they should also be aware of the trade restrictions of other countries. Therefore, relevant ministries should provide information and technology to entrepreneurs in a timely manner through various channels.

This MSME exhibition and competition is organized by the working committee, and the relevant working committees and subcommittees should learn from previous experiences and coordinate with each other to prevent shortcomings, weaknesses, and difficulties. They should also pay special attention to health and safety and conduct thorough inspections.

Furthermore, Union Minister Dr. Charlie Than explained the arrangements for the opening ceremony of the national-level MSME product exhibition and competition, the pavilions of ministries, regions, and states, the types of products to be displayed, the types of competitions, and the award ceremony.

Subsequently, Deputy Minister for Industry and chairman of the organizing committee U Yin Maung Nyunt explained the formation of subcommittees and the arrangements for holding the national-level MSME product exhibition and competition.

Then, the chairmen and responsible persons of the security subcommittee, invitation, venue arrangement and hospitality subcommittee, archway and pavilion construction subcommittee, pavilion placement and display subcommittee, opening ceremony, award ceremony and entertainment subcommittee, competition, selection and award ceremony subcommittee, business/economic linkage subcommittee, administrative matters subcommittee, electricity supply subcommittee, information and publicity subcommittee, and finance subcommittee explained the work being carried out by their respective committees and the arrangements to be continued.

After that, the attendees made clarifications on the necessary matters for the successful holding of the MSME product exhibition and competition, and the Vice-Senior General Soe Win made a concluding remark by coordinating and summarizing the necessary matters.

This national-level MSME product exhibition and competition will be held at the Tapaung Ground, south of Upattasandi Pagoda in Nay Pyi Taw, from February 10 to 14, with approximately 80 pavilions including ministerial pavilions, regional/state pavilions, traditional food stalls, business-to-business (B2B) linkages, technology pavilions, foreign machinery and product pavilions, and small-scale industrial and cooperative product pavilions. A total of 31 types of awards will be given for various product categories.

100

---

*From Page 12*

Union ministers also reported to the Senior General on implementation of tasks and future tasks for respective sectors.

**Concluding remarks made**

Afterward, the Senior General made concluding remarks, saying in the education sector, distant education is a successful education system in the international community and it was encouraged in the past. Responsible officials are required to systematically supervise the current distant education system to enable students to actually acquire education. It has been instructed that high quality finished products must be manufactured from industrial raw materials like cotton, bamboo, rubber and coffee in MSMEs. In connection with rubber, the country can produce enough raw materials and if mass production of tyres and tubes for bicycles and motorcycles, which does not require technologies and massive investment, is encouraged, it will greatly contribute to economic development of the country. Relevant ministries and regions and states are required to take measures to manufacture high quality rubber products.

There are ways to get water for agriculture including rain water, irrigation water, underground water and river water. Areas near rivers can implement river water pumping projects depending on tasks being carried out for the development of the agriculture sector. Electricity necessary for river water pumping projects can be generated from solar energy. Like solar projects implemented by the government, entrepreneurs can implement their own solar projects according to their needs. The government will fulfill the investment needs for electricity generation from solar energy

Necessary assistance for temporarily displaced persons due to terrorist attacks will be provided from national disaster management fund

In connection with national disaster management, measures are being taken to provide necessary assistance for temporarily displaced persons due to terrorist attacks, which is one of natural disasters. Statistics are being collected in respective regions and states. It is necessary to exert efforts for economic development of the country and welfare of the grassroots without fail. Although politics is not economy, economy is politics and national affairs. Only when the economy is strong, will multiple sectors including politics, economy and defence be strengthened and everyone is urged to make concerted efforts to strengthen the economy of the country. After the concluding remarks, the meeting came to a close.

100

---

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အိန္ဒိယနိုင်ငံက Nag Mk-2 တတိယမျိုးဆက် တင့်ဖျက်ပဲ့ထိန်းဒုံးကျည်ကို စစ်မြေပြင်စမ်းသပ်အကဲဖြတ်မှု ပြုလုပ်နိုင်ခဲ့



အိန္ဒိယနိုင်ငံသည် ပြည်တွင်း၌ တီထွင်ထုတ်လုပ်ထားသော Nag Mk-2 တတိယမျိုးဆက် တင့်ဖျက်ပဲ့ထိန်းဒုံးကျည်ကို စစ်မြေပြင်စမ်းသပ်အကဲဖြတ်မှု အောင်မြင်စွာပြုလုပ်နိုင်ခဲ့ကြောင်း အိန္ဒိယကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ရုရှားနိုင်ငံပိုင် RT သတင်းဌာနက ဇန်နဝါရီ ၁၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Rajasthan ပြည်နယ် Pokhran မြို့တွင် မကြာသေးမီကပြုလုပ်ခဲ့သည့်စစ်မြေပြင်လက်တွေ့စမ်းသပ်မှု သုံးကြိမ်အတွင်း အိန္ဒိယ၏ ကာကွယ်ရေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (DRDO) က တီထွင်ထုတ်လုပ်ထားသည့် အဆိုပါ တင့်ဖျက်ပဲ့ထိန်း ဒုံးကျည်စနစ်များသည် ပစ်မှတ်အားလုံးကို အများဆုံးနှင့်အနည်းဆုံးအကွာအဝေးများထိ ထိမှန်ဖျက်ဆီးနိုင်ခဲ့ပြီး စစ်မြေပြင်စမ်းသပ်မှုများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း စစ်ဘက်အရာရှိများက ပြောကြားခဲ့သည်။ DRDO အဖွဲ့သည် လက်နက်စနစ်များ ဒီဇိုင်းထုတ်ခြင်းနှင့် ထုတ်လုပ်ခြင်းအတွက် အိန္ဒိယနိုင်ငံ၏ အဓိက အစိုးရပိုင်သုတေသနအေဂျင်စီဖြစ်ကြောင်း သိရသည်။

စမ်းသပ်မှုအတွင်း Nag ဒုံးကျည်တင်ချိန်းတပ်ယာဉ်၏ ပြုပြင်မွမ်းမံထားသောဗားရှင်းကိုလည်း တိုက်ပွဲဝင်တပ်ဖြန့်အသုံးပြုနိုင်မှုအပေါ် အကဲဖြတ်ဆန်းစစ်ခဲ့သေးသည်။ သို့ဖြစ်၍ ယခုအခါ အဆိုပါ Nag တင့်ဖျက်ပဲ့ထိန်းဒုံးကျည် လက်နက်စနစ်တစ်ခုလုံးသည် အိန္ဒိယစစ်ဘက်တွင် တိုက်ပွဲဝင်အသင့် တပ်ဖြန့်အသုံးပြုနိုင်ရန် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း စစ်ဘက်တာဝန်ရှိသူများက ထုတ်ဖော်ပြောကြားခဲ့သည်။

Nag ဒုံးကျည်တွင် ပစ်လွှတ်ပြီးမေ့ထားနိုင်သောနည်းပညာ ပါဝင်သည်။ ဆိုလိုသည်မှာ ဒုံးကျည်ကိုပစ်လွှတ်လိုက်သည်နှင့်အော်ပရေတာထံမှ ထပ်မံလုပ်ဆောင်စရာမလိုအပ်ဘဲ ပစ်မှတ်ကိုအလိုအလျောက် ခြေရာခံ တိုက်ခိုက်နိုင်ခြင်းပင်ဖြစ်သည်။ ပုံရိပ်ဖော် အနီအောက်ရောင်ခြည်အာရုံခံကိရိယာတပ်ဆင်ထားပြီး လှုပ်ရှားနေသောပစ်မှတ်များကို အချိန်မရွေး တိကျစွာ ပစ်ခတ်နိုင်စွမ်းရှိသည်။

အကွာအဝေးစွမ်းရည်နှင့် ပတ်သက်၍ အတိအကျ ဖော်ပြထားခြင်းမရှိသော်လည်း Nag ဒုံးကျည်သည် အကွာအဝေး ခုနစ်ကီလိုမီတာမှ၁၀ ကီလိုမီတာထိ တိုက်ပွဲဝင်နိုင်မည်ဟု ခန့်မှန်းရပြီး ၎င်း၏ယခင်ဗားရှင်းမှာ လေးကီလိုမီတာထိသာပစ်ခတ်နိုင်သဖြင့် အကွာအဝေးစွမ်းရည်ပိုမိုမြင့်မားလာခြင်းလည်းဖြစ်သည်။ မြေပြင်စစ်ဆင်ရေးများအတွက် Nag ဒုံးကျည်ကို အိန္ဒိယနိုင်ငံတွင် ထုတ်လုပ်ခဲ့သည့် ရုရှားဒီဇိုင်း BMP-2 Sarath သံချပ်ကာယာဉ်ပေါ်တွင် အခြေခံထားသည့် NAMICA ချိန်းတပ်သံချပ်ကာယာဉ်ပေါ်မှ တင်ဆောင်ပစ်လွှတ်နိုင်မည်ဖြစ်သည်။

၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင် အိန္ဒိယသည် Odisha ပြည်နယ် အရှေ့ဘက်ကမ်းလွန်တွင် ၎င်း၏ပထမဆုံးတာဝေးပစ်အသံထက်မြန်သောဒုံးကျည်ကို အောင်မြင်စွာစမ်းသပ်နိုင်ခဲ့သည်။ ဒုံးကျည်သည် အကွာအဝေး ကီလိုမီတာ ၁၅၀၀ ကျော်ထိတိုက်ပွဲဝင်နိုင်စွမ်းရှိပြီး Payload အမျိုးမျိုး သယ်ဆောင်နိုင်စွမ်းရှိသည်။

အိန္ဒိယနိုင်ငံသည် ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုတွင် မိမိကိုယ်ကိုမှီခိုအားထားရန် တွန်းအားပေးဆောင်ရွက်နေပြီး ပြည်တွင်း၌ ထုတ်လုပ်ထားသောကာကွယ်ရေးစနစ်များနှင့် စနစ်အစိတ်အပိုင်းများအတွက် ကန်ထရိုက်သဘောတူစာချုပ်များသည် နှစ်စဉ်တိုးမြင့်လာနေသည်။ ၂၀၁၉ ခုနှစ်တွင် အိန္ဒိယနိုင်ငံသည် Uttar Pradesh ပြည်နယ်မြောက်ပိုင်းနှင့် တောင်ပိုင်းရှိ Tamil Nadu ပြည်နယ်တို့တွင် ကာကွယ်ရေးစက်မှုစင်္ကြံများကို တည်ထောင်ခဲ့သည်။ အဆိုပါ ပဏာမခြေလှမ်းသည် ပြည်တွင်းကာကွယ်ရေးကုန်ထုတ်လုပ်မှုကို အားကောင်းလာစေရန်နှင့် ပြည်တွင်းဖြစ်ထုတ်ကုန်များအပေါ် အဆင့်မြှင့်တင်အသုံးပြုခြင်းဖြင့် ပြည်ပသွင်းကုန်များအပေါ် မှီခိုအားထားမှုကို လျှော့ချရန်ရည်ရွယ်ပြီး ၂၀၂၅ ခုနှစ်အရောက်တွင် အမေရိကန်ဒေါ်လာ ဘီလီယံ ၂၅၀ ကျော်တန်ဖိုးရှိ စက်ပစ္စည်းကိရိယာများလိုအပ်ချက်ကို ပြည်တွင်း၌သာဖြည့်ဆည်းပေးနိုင်မည့်ရည်မှန်းချက်ကြီးတစ်ခု ထားရှိလုပ်ဆောင်နေခြင်းပင်ဖြစ်ကြောင်း သိရသည်။

အိန္ဒိယသည် ကမ္ဘာ့အကြီးဆုံးစစ်လက်နက်တင်သွင်းသူဖြစ်ပြီး ၂၀၁၉ ခုနှစ်မှ ၂၀၂၃ ခုနှစ်ထိ ကမ္ဘာလုံးဆိုင်ရာ စစ်လက်နက်ဝယ်ယူမှု၏ ၃၆ ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားသည်ဟု စတော့ဟုမ်းနိုင်ငံတကာငြိမ်းချမ်းရေး သုတေသနဌာန၏ အဆိုအရ သိရသည်။ ကမ္ဘာ့ထိပ်တန်း လက်နက်တင်ပို့ရောင်းချသူ ၂၅ နိုင်ငံထဲမှ နိုင်ငံတစ်နိုင်ငံဖြစ်လာကြောင်း အိန္ဒိယဘဏ္ဍာရေးဝန်ကြီး Nirmala Sitharaman က ပြောကြားခဲ့သည်။

**India tests anti-tank guided missile (VIDEO) ကို ဘာသာပြန်ဆိုထားပါသည်။**

## ဆွီဒင်နိုင်ငံက အဆင့်မြင့်ဒရုန်းအုပ်ဖွဲ့လုပ်ဆောင်နိုင်သည့် နည်းပညာအသစ်ကို မိတ်ဆက်ခဲ့

ဆွီဒင်နိုင်ငံသည် လုပ်ငန်းဆောင်တာများတွင် အရွယ်အစားအမျိုးမျိုးရှိသော ဒရုန်းများကို ပူးပေါင်းလုပ်ဆောင်နိုင်စေမည့် အဆင့်မြင့်ဒရုန်းအုပ်ဖွဲ့ လုပ်ဆောင်နိုင်သည့်(Drone Swarm) နည်းပညာသစ်ကို မိတ်ဆက်ပေးခဲ့သည်ဟု The Defense Post သတင်းဌာနက ဇန်နဝါရီ ၁၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဆွီဒင်နိုင်ငံ Saab ကုမ္ပဏီကတီထွင်ထုတ်လုပ်ထားသည့် နောက်ဆုံးပေါ်နည်းပညာများကို လာမည့် Arctic Strike စစ်ရေးလေ့ကျင့်မှုအတွင်း သရုပ်ပြသသွားမည်ဖြစ်ကြောင်း ဆွီဒင်ကာကွယ်ရေးဝန်ကြီး Pål Jonson က ပြောကြားခဲ့သည်။

“ဒီနည်းပညာဟာ မောင်းသူမဲ့လေယာဉ်တွေ၊ ဒရုန်းတွေနဲ့ ကင်းထောက်မှု၊ နေရာချထားမှု၊ ပစ်မှတ်စိစစ်ခွဲခြားသတ်မှတ်မှုတွေ ပူးပေါင်းလုပ်ဆောင်သွားနိုင်စေမှာဖြစ်ပါတယ်”ဟု Jonson က ပြောကြားခဲ့သည်။

ဒေသတွင်းတင်းမာမှုများမြင့်တက်နေချိန်တွင် ၎င်း၏ကာကွယ်ရေးစွမ်းရည်ကို မြှင့်တင်ရန် ဆွီဒင်နိုင်ငံ၏ကြိုးပမ်းမှုတွင် သိသာထင်ရှားသောခြေလှမ်းတစ်ရပ်ဖြစ်သည်။ "ပုံမှန်ထက် ပိုပြီးအားကောင်းတဲ့ ကာကွယ်ရေးစွမ်းရည်ကိုတည်ဆောက်ဖို့အတွက် စွန့်စားရမှုတချို့ကို ကျွန်တော်တို့ရင်ဆိုင်ကျော်ဖြတ်ရမှာ ဖြစ်ပါတယ်"ဟု Jonson က ပြောကြားခဲ့သည်။

လာမည့် စမ်းသပ်မှုများ၏ ရလဒ်များသည် ကမ္ဘာလုံးဆိုင်ရာ ကာကွယ်ရေးဆန်းသစ်တီထွင်မှုတွင် ဦးဆောင်သူအဖြစ် ဆွီဒင်နိုင်ငံ၏ရပ်တည်ချက်ကို အားဖြည့်ပေးနိုင်လိမ့်မည်ဟု မျှော်လင့်ထားသည်။

ဒရုန်းအုပ်များသည် ပေါင်းစပ်ညှိနှိုင်း၍ ဗဟိုချုပ်ကိုင်မှုကင်းမဲ့သောစစ်ဆင်ရေးဆောင်ရွက်နိုင်မှုစွမ်းရည်များဖြင့် ရန်သူ့ခံစစ် ကာကွယ်ရေးစွမ်းအားများအပေါ် လွှမ်းမိုးထားနိုင်ကာ ခေတ်သစ်စစ်ပွဲများတွင် ထိရောက်စွာတိုက်ပွဲဝင်နိုင်ကြောင်း သက်သေပြထားခဲ့ပြီးဖြစ်သည်။

၎င်းတို့၏ ဘက်စုံစွမ်းဆောင်နိုင်မှု၊ ကုန်ကျစရိတ်သက်သာမှုနှင့် လူ့အသက်အန္တရာယ်ကို လျှော့ချနိုင်မှုစွမ်းရည်တို့သည် သက်ဆိုင်ရာတပ်ရင်း၊ တပ်ဖွဲ့များကို သိသာထင်ရှားသော နည်းဗျူဟာမြောက်အားသာချက်များ ပိုင်ဆိုင်ထားနိုင်စေပြီလည်းဖြစ်သည်။ ယူကရိန်းပဋိပက္ခသည် ကင်းထောက်မှု၊ အမြောက်ပစ်မှတ်ဖော်ပြမှုများနှင့် တိကျသောတိုက်ခိုက်မှုများတွင်




ဒရုန်းများ၏ အရေးပါမှုကိုပိုမိုအလေးပေးဖော်ပြခဲ့ပြီး ဒရုန်းနည်းပညာများတွင် ကမ္ဘာလုံးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ မြင့်မားလာစေခဲ့ပြီဖြစ်သည်။

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလတွင် ဆွီဒင်နိုင်ငံသည် ထောက်လှမ်းရေး၊ စောင့်ကြည့်ထောက်လှမ်းရေးနှင့် ကင်းထောက်မစ်ရှင်များအတွက် မောင်းသူမဲ့လေယာဉ်ငယ်များပံ့ပိုးပေးရန် ပြင်သစ်ကုမ္ပဏီ Parrot နှင့် သဘောတူစာချုပ်ချုပ်ဆိုနိုင်ခဲ့သည်။ Saab ကုမ္ပဏီသည် မိတ်ဖက်နှင့် ရန်သူ့ဒရုန်းများရောနှောပျံသန်းစစ်ဆင်နေနိုင်သည့် ပတ်ဝန်းကျင်အခြေအနေများအတိုင်း ပုံစံတူ၊ သဏ္ဌာန်တူပြုလုပ်ဆောင်ရွက်နိုင်မည့် ဆန်းသစ်သော ဒရုန်းလေ့ကျင့်သင်တန်းပေးရေးစနစ်ကိုလည်း တီထွင်ဖန်တီးခဲ့ပြီး မကြာသေးမီက ထုတ်ဖော်ပြသနိုင်ခဲ့သည်။

**Sweden Unveils New Drone Swarm Technology From Saab ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**စစ်ကိုင်း ဇန်နဝါရီ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီများ လျာထားကေထက်ပိုမိုစိုက်ပျိုး နိုင်ခဲ့ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းမြို့နယ်တွင် ကြက်သွန်နီ ၁၈၀၂ ကေ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၉၁၂ ကေ စိုက်ပျိုးပြီးစီးပြီ ဖြစ်သဖြင့် လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ ကြက်သွန်နီ ၁၈၀၂ ကေ စိုက်ပျိုးဖို့လျာထားပါတယ်။ဒီနေ့ထိ ၁၉၁၂ ကေစိုက်ပျိုးပြီးစီးပြီဖြစ်လို့ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ကြက်သွန်နီစိုက်ပျိုးမှုအနေနဲ့တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ကြက်သွန်နီဈေးကွက်တွေ ဈေးကောင်းရဖို့လဲ ချိတ်ဆက် ဆောင်ရွက်ပေးခဲ့ပါတယ်" ဟုစစ်ကိုင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် ကြက်သွန်နီစိုက် တောင်သူများအနေဖြင့် ကြက်သွန်နီတစ်ကေလျှင် ငွေကျပ် ၁၈ သိန်းကျော် ကုန်ကျစရိတ်ရှိပြီး တစ်ကေအထွက်နှုန်းမှာ ပိဿာချိန်၅၀၀၀ ထွက်ရှိကြောင်း သိရသည်။

ကြက်သွန်နီကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံအတွင်းစားသုံးမှုဖူလုံစေပြီး ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် ကြက်သွန်နီ အထွက်နှုန်း တိုးတက်စေရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်ထံမှ သိရသည်။ (၂၀၆)

# ဟသ်ာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း နှံ့ကားစပါးတင်းရေ ၆၅၀၀၀ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဟသ်ာတ ဇန်နဝါရီ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်း နှံ့ကားစပါးတင်းရေ ၆၅၀၀၀ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဟသ်ာတမြို့နယ်ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သီရိက ပြောပြ၍ သိရသည်။

ဟသ်ာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် နိုဝင်ဘာလအတွင်း နှံ့ကားစပါးတင်းရေ ၄၇၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဒီဇင်ဘာ ၁ရက်မှ ၃၁ ရက်ထိ နှံ့ကားစပါးတင်းရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဒီဇင်ဘာလအတွင်း နှံ့ကားစပါးတင်းရေ ၆၅၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ပါတယ်။ ရန်ကုန်ဈေးကွက်ကို နှံ့ကားစပါးအပါအဝင် ဒေသထွက်ကုန်မျိုးစုံကို တင်ပို့ရောင်းချနေတာပါ။ နှံ့ကားစပါး အမျိုးအစားက အကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ နှံ့ကားစပါးတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများနေလို့ တင်ပို့အားကောင်းခဲ့တာ ဖြစ်ပါတယ်။ လက်ရှိလဲ နှံ့ကားစပါးတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူအားကောင်းနေဆဲဖြစ်ပါတယ်။ တင်ပို့ရောင်းချတဲ့အခါမှာလဲ အခက်အခဲမရှိပါဘူး" ဟု ဟသ်ာတမြို့နယ်ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သီရိက ပြောပြသည်။



ဟသ်ာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် တစ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် နှံ့ကားစပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၇၁၀၀၀၀ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါစပါးများ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ ၊ ကုန်သည်များ၊ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလျက်ရှိကြောင်း ဟသ်ာတမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သီရိထံမှ သိရသည်။

ကျော်ကျော်လင်း

# မိုင်းယန်းမြို့နယ် နမ့်မုတ်ကျေးရွာ၌ ကုန်ထုတ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မိုင်းယန်း ဇန်နဝါရီ ၁၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းခရိုင် မိုင်းယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် နမ့်မုတ်ကျေးရွာ၌ ကုန်ထုတ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဇန်နဝါရီ ၁၆ရက် နံနက်ပိုင်းက တာဝန်ရှိသူများကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်ကျော်၊ မိုင်းယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်လင်းထွန်းနှင့် ခရိုင်၊ မြို့နယ်အင်ဂျင်နီယာများက ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်အတူ နမ့်မုတ်ကျေးရွာ၌ကုန်ထုတ်လမ်း အရှည်တစ်မိုင်၊ အကျယ်၁၂ပေ၊ အမြင့်မြေသားတစ်ပေ၊ သဲဖြုန်းကိုးလက်မရှိ ကုန်ထုတ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

အဆိုပါ ကုန်ထုတ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ်၂၆ ဒသမ ၇၃ သန်းဖြင့် တင်ဒါအောင်မြင်ခဲ့သည့် Ester AkhaLay ကုမ္ပဏီက ဇွန်လစတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံးရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီးဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးသဖြင့် နမ့်မုတ်ကျေးရွာရှိလယ်ယာထွက်ကုန်များကို ဈေးကွက်သို့ ကုန်ကျစရိတ် သက်သာစွာဖြင့် သယ်ယူ ပို့ဆောင်နိုင်မည်ဖြစ်ကြောင်း မိုင်းယန်းခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အောင်ရဲကျော်


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံ့ခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၁၇-၁-၂၀၂၅

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဗေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| ရွှေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၈၅၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၄၇၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၇၉၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၁၉၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၂၅၀ |

(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

**MSME လုပ်ငန်းများဆောင်ရွက်ရာတွင် ဒေသတွင်းမှရရှိသည့် ကုန်ကြမ်းများကို အခြေခံသည့် ကုန်ချောပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်းများကို အားပေးဆောင်ရွက်သွားရမည်ဖြစ်၊ နိုင်ငံတကာဈေးကွက်တွင် ဝယ်လိုအားရှိသည့်ထုတ်ကုန်ပစ္စည်းများ ကုန်ကြမ်းမပြတ်ရရှိရေး မိမိတို့အနေဖြင့် ဆောင်ရွက်ပေးနိုင်ရန်လို၊ ဝါ၊ ဝါး၊ ရော်ဘာ၊ ကော်ဖီတို့နှင့်ပတ်သက်၍ MSME လုပ်ငန်းများတွင် ထိထိရောက်ရောက်ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအကျိုးရှိစေမည်ဖြစ် . . .**

ရှေ့ဖုံးမှအဆက်

ဦးတည်ချက်များကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ရှေ့လုပ်ငန်းစဉ်(၅)ရပ်သည် နိုင်ငံတော်၏ ရည်မှန်းချက်၊ နိုင်ငံရေးမျှော်မှန်းချက်များ ဖြစ်ကြောင်း၊ဦးတည်ချက်(၉) ရပ်သည် မူဝါဒများဖြစ်ပြီး အစိုးရအဖွဲ့၏ လုပ်ငန်းတာဝန် အနှစ်ချုပ်ပင်ဖြစ်ကြောင်း၊ အဆိုပါ ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များ အပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့မှုအခြေအနေများကို ပြန်လည်သုံးသပ်ကြည့်ရန်လိုကြောင်း။

နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်မှာ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ပေါများရေးပင်ဖြစ်ကြောင်း၊ ဦးတည်ချက်များကို ချမှတ်ဆောင်ရွက်ခြင်းသည် အမျိုးသားရေးရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ရန်အတွက် ချမှတ်ဆောင်ရွက်ထားခြင်းပင်ဖြစ်ကြောင်း၊ မိမိတို့မည်မျှ အကောင်အထည်ဖော်နိုင်ခဲ့သည်ကို ဝန်ကြီးဌာနအလိုက်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် သုံးသပ်ကြည့်စေလိုကြောင်း။

### နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်

မိမိတို့အနေဖြင့် ၂၀၂၀ ပြည့်နှစ်ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုဖြစ်ပွားခဲ့ခြင်းကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ ခေတ္တဝင်ရောက်တာဝန်ယူရသည့် အစိုးရတစ်ရပ်ဖြစ်ကြောင်း၊ ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းသည် ၎င်းတို့နိုင်ငံတိုးတက်ရေးအတွက် အမြဲတမ်းစဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်နေကြကြောင်း၊ထို့ကြောင့် မိမိတို့အနေဖြင့်လည်း နောက်တွင် မကျန်ခဲ့စေရန်အတွက် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေရခြင်းဖြစ်ကြောင်း။

### နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် ပညာတတ်လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန်လို

နိုင်ငံ့စီးပွားရေး တိုးတက်ရေးအတွက် လိုအပ်သည့်ပညာတတ်လူသားအရင်းအမြစ်များရရှိစေရေး ပညာရေးကဏ္ဍကို မြှင့်တင်ပေးနိုင်ရန်အတွက် KG + 9 အထိ မသင်မနေရပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ပြင် မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေးမွေးမြူရေးကိုအခြေခံသည့် စက်မှုလုပ်ငန်း(Agro Base Industry)ကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်မည်ဆိုပါက နိုင်ငံ့စီးပွားနှင့်ပြည်သူတို့၏ လူမှုစီးပွားဘဝများသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးနှင့်နည်းပညာအထက်တန်းကျောင်းများ ဖွင့်လှစ်နိုင်ရေးကိုလည်း ဆောင်ရွက်ခဲ့ကြောင်း။

မိမိတို့အနေဖြင့် ခေတ်မီစိုက်ပျိုးမွေးမြူရေးစနစ်သို့သွားနိုင်ရန် ပထမဦးစွာ သမားရိုးကျ စိုက်ပျိုးမွေးမြူရေးစနစ်များအစား စနစ်ကျနသည့် စိုက်ပျိုးမွေးမြူရေးသို့ သွားရန်လိုကြောင်း၊ ၎င်းအတွက် လူသားအရင်းအမြစ်များလိုအပ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စိုက်ပျိုးမွေးမြူရေးကို ကျွမ်းကျင်မှုရှိသည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ဒေသအလိုက်ရှိပြီးဖြစ်သည့် ထိန်းသိမ်းရန်လိုအပ်သော မြန်မာ့ယဉ်ကျေးမှုအတတ်ပညာရပ်များကိုဆက်လက်ထိန်းသိမ်းနိုင်ရန်အတွက်လည်း လူသားအရင်းအမြစ်များလိုအပ်ကြောင်း၊ ဥပမာအားဖြင့် ယွန်းအတတ်ပညာကဲ့သို့ မြန်မာ့ယဉ်ကျေးမှုအတတ်ပညာများကိုတတ်မြောက်သည့် ယွန်းအတတ်ပညာရှင်များလည်း စဉ်ဆက်မပြတ်မွေးထုတ်နိုင်ရန် လိုအပ်ကြောင်း၊ ထို့ကြောင့် နိုင်ငံအတွက် အခြေခံလိုအပ်သည့် အသိပညာ၊ အတတ်ပညာများသင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ထောက်ပံ့စရိတ်များကိုလည်း ထောက်ပံ့ပေးသွားရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်များကိုလည်း ထပ်မံတိုးချဲ့ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း။

### ကျောင်းနေရာခိုင်နှုန်းမြင့်မားရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန်လို

ကျောင်းနေအရွယ် ကျောင်းသား၊ ကျောင်းသူများ ကျောင်းတက်ရောက်နိုင်ရေး နိုင်ငံတော်အစိုးရအနေဖြင့် နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သို့သော် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းနေရာခိုင်နှုန်းများလျော့နည်းနေသေးကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တည်ငြိမ်အေးချမ်းမှုရှိသည့် မြို့နယ်တိုင်းတွင် ကျောင်းနေရာခိုင်နှုန်းများ မြင့်မားစေရေးဆောင်ရွက်သွားရန်လိုကြောင်း။

မိမိတို့အစိုးရတာဝန်ယူချိန်တွင် စာသင်ကျောင်းများ၏ ဥပဓိရုပ်များကောင်းမွန်ရေးနှင့် သင်ထောက်ကူပစ္စည်းများပြည့်စုံမှုရှိစေရေး၊ဆရာ၊ဆရာမများအတွက် အကျိုးခံစားခွင့်များရရှိစေရေး ရရှိထားသည့်ဘွဲ့များအလိုက် ထောက်ပံ့မှုများကိုဆောင်ရွက်ပေးထားကြောင်း၊ ဆရာ၊ ဆရာမများအား အသိအမှတ်ပြုရန်၊ ချီးမြှင့်ပေးရန်အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ဆောင်ရွက်သွားရန်လိုကြောင်း၊ လူငယ်များနှင့် ပတ်သက်၍ ၂၀၂၄ ခုနှစ် အတွင်း ကျောင်းပေါင်းစုံ အားကစားပွဲများ၊ အမျိုးသားအားကစားပွဲတော်နှင့် တပ်မတော်အားကစားပွဲများကျင်းပပြုလုပ်ခဲ့ကြောင်း၊ ထိုသို့ပြုလုပ်ရခြင်းသည် ကျန်းမာသန်စွမ်းသည့် လူငယ်လူရွယ်များဖြစ်စေရေး၊ အားကစားကို မြှင့်တင်ခြင်းသည် နိုင်ငံတော်ကို ချစ်သည့်စိတ်၊ နိုင်ငံတော်ကိုကာကွယ်လိုသည့်စိတ်များဖြစ်ပေါ်လာစေရန်ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လှုပ်ရှားမှုများကို ဆက်လက်ဆောင်ရွက်နေကြစေလိုကြောင်း။

### လွတ်လပ်၍တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ရာတွင် တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိ

ရှေ့လုပ်ငန်းစဉ်များအနက် နောက်ဆုံးအချက်ဖြစ်သည့် လွတ်လပ်၍တရားမျှတသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ကျင်းပနိုင်ရေးအတွက် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြောင်း၊ ကောက်ခံရရှိသည့် အချက်အလက်များအရ လူဦးရေအနေဖြင့် ကျဆင်းလျက်ရှိပြီး ၅၁ သန်းကျော်ခန့်သာရှိသည်ကို တွေ့ရှိရကြောင်း၊ မွေးဖွားနှုန်းကျဆင်းခြင်း၊ အကြောင်းအမျိုးမျိုးဖြင့် ပြည်ပနိုင်ငံများသို့ ထွက်ခွာသူများပြားလာခြင်း၊ အကြောင်းအမျိုးမျိုးဖြင့် သေဆုံးမှုများရှိခြင်းတို့ကြောင့်ဖြစ်ကြောင်း၊ လူဦးရေကျဆင်းမှုကြောင့် ပြည်တွင်းလုပ်သားများရှားပါးလာကြောင်း၊ အလားတူရွေးကောက်ပွဲကျင်းပရာ၌လည်း အတိုင်းအတာတစ်ခုအနေဖြင့် သက်ရောက်မှုများရှိလာနိုင်ကြောင်း၊ ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ရာတွင် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ရွေးကောက်ပွဲကျင်းပနိုင်သည့် အခြေအနေမျိုးဖြစ်ရန်အတွက် ဖိဖိစီးစီးဖြင့်ဆက်လက်ဆောင်ရွက်ကြစေလိုကြောင်း၊ **ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များတွင် အဆင့်နှင့်အညီ လွှတ်တော်အစည်းအဝေးလုပ်ဆောင်နိုင်စွမ်းရှိရမည်ဖြစ်ပြီး သိက္ခာရှိသည့် လွှတ်တော်ဖြစ်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။**

### ဒေသထွက် စားသောက်ကုန်ပစ္စည်းများ၊ အဝတ်အထည်ပစ္စည်းများကို အရည်အသွေးမြင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်သည့်အတွက် ဈေးကွက်ပိုမိုရရှိလာပြီး လူမှုစီးပွားဘဝများသည်လည်း တိုးတက်လာမည်

မိမိအနေဖြင့် မကြာသေးမီရက်ပိုင်းအတွင်းက မန္တလေးတိုင်းဒေသကြီး မိတ္ထီလာနှင့် ပြင်ဦးလွင်ဒေသတို့ရှိ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး(MSME) လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းဆောင်ရွက်မှုများအနေဖြင့် အားရကျေနပ်ဖွယ်ကောင်းသည်ကို တွေ့ခဲ့ရကြောင်း၊ ထုတ်ကုန်ပစ္စည်းများ ယခင်ထက် ပိုမိုထုတ်လုပ်လာနိုင်သည်ကို တွေ့ရှိရပြီး ထုပ်ပိုးမှုပိုင်းနှင့် အရည်အသွေးပိုင်းများသည်လည်း ကောင်းမွန်သည်ကို တွေ့ရှိရကြောင်း၊ **MSMEလုပ်ငန်းများဆောင်ရွက်ရာတွင် ဒေသတွင်းမှရရှိသည့် ကုန်ကြမ်းများကို အခြေခံသည့်ကုန်ချောပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်းများကို အားပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာဈေးကွက်တွင် ဝယ်လိုအားရှိသည့်ထုတ်ကုန်ပစ္စည်းများ ကုန်ကြမ်းမပြတ်ရရှိရေး မိမိတို့အနေဖြင့် ဆောင်ရွက်ပေးနိုင်ရန်လိုကြောင်း၊ ဝါ၊ ဝါး၊ ရော်ဘာ၊ ကော်ဖီတို့နှင့်ပတ်သက်၍ MSME လုပ်ငန်းများတွင် ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအကျိုးရှိစေမည်ဖြစ်ကြောင်း။**

**MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခင်က နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ အရင်းအနှီးထုတ်ပေးခဲ့ပြီး ထပ်မံ၍လည်း MSME ထုတ်ကုန်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်နိုင်ရန် အလားအလာကောင်းသည့် နယ်ပယ်များနှင့် ဒေသများတွင် အရင်းအနှီးများလိုအပ်ပါက နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ အရင်းအနှီးထုတ်ချေးပေးခြင်းဖြင့် လုပ်ငန်းအရှိန်မြှင့်တင်ပေးသွားမည်ဖြစ် . . .**

မိမိတို့အနေဖြင့် တိုင်းပြည်စီးပွားရေး ကောင်းမွန်စေရေး ကိုယ့်အားကိုယ်ကိုး၍ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME)လုပ်ငန်းများကို အားပေးဆောင်ရွက်၍ အရည်အသွေးကောင်းမွန်သည့် ပို့ကုန်ပစ္စည်းများပိုမိုထုတ်လုပ်နိုင်ရေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြည်ပပို့ကုန်တိုးတက်တင်ပို့နိုင်ရေးအတွက် မိမိတို့နိုင်ငံမှ ထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများသည် အရည်အသွေးကောင်းမွန်ပြီး ဈေးနှုန်းသင့်တင့်ရန်နှင့် ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီသည့် ထုတ်ကုန်ဖြစ်ရန်လိုကြောင်း၊ ထို့ကြောင့် ဈေးကွက်သုတေသနကိုစဉ်ဆက်မပြတ်ဆောင်ရွက်ရန်နှင့် မိမိတို့၏ထုတ်ကုန်များ ဈေးကွက်ခိုင်မာမှုရှိစေရေးအတွက်လည်း ဆောင်ရွက်နေရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံက ထုတ်လုပ်သည့် ဆန်နှင့်ပဲများသည် ဈေးကွက်ရရှိပြီးဖြစ်သဖြင့် ယခုထက် အရည်အသွေးပိုမိုကောင်းမွန်သည့် ဆန်နှင့်ပဲများတင်ပို့နိုင်ရေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဥပမာအားဖြင့် ဂုဏ်သတင်းရှိပြီးဖြစ်သည့် ပေါ်ဆန်းမွှေးဆန်ရောင်းအားမြှင့်တင်ရန်လိုကြောင်း၊ **MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခင်က နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ အရင်းအနှီးထုတ်ပေးခဲ့ပြီး ထပ်မံ၍လည်း MSME ထုတ်ကုန်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်နိုင်ရန် အလားအလာကောင်းသည့် နယ်ပယ်များနှင့် ဒေသများတွင် အရင်းအနှီးများလိုအပ်ပါက နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ အရင်းအနှီးထုတ်ချေးပေးခြင်းဖြင့် လုပ်ငန်းအရှိန် မြှင့်တင်ပေးသွားမည်ဖြစ်ကြောင်း၊** ဒေသတွင်းနေထိုင်သည့်လူဦးရေနှင့်ကိုက်ညီသည့် မွေးမြူရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်မည်ဆိုပါက အသားငါးများ ဈေးနှုန်းကြီးမြင့်မှုကိုတတ်နိုင်သမျှ ထိန်းညှိပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေးနိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ အရင်းအနှီးထုတ်ချေးပေးသွားမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တာဝန်ယူဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံတော်က အရင်းအနှီးဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် စည်းမျဉ်းစည်းကမ်းများရှိသည်ဖြစ်သဖြင့် တစ်ဦးချင်းမဟုတ်ဘဲ စုပေါင်းသမဝါယမစနစ်ဖြင့်လည်း ဆောင်ရွက်၍ရနိုင်ကြောင်း၊ ထို့ကြောင့်သက်ဆိုင်ရာဝန်ကြီးဌာနများဆွေးနွေး၍ စုပေါင်းသမဝါယမစနစ်ဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးကို ဖော်ဆောင်နိုင်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်း။

### ကျန်းမာမှ ပညာသင်ကြားနိုင်မည်၊ ကျန်းမာမှ အလုပ်လုပ်နိုင်မည်ဖြစ်သဖြင့် ပြည်သူများ၏ ကျန်းမာရေးကဏ္ဍ မြှင့်တင်ရေးအထူးအလေးထား ဆောင်ရွက်ပေးသွားရန်လို

ကျန်းမာရေးနှင့်ပတ်သက်၍ ဆေးရုံတိုင်းတွင် ဆရာဝန်ရှိရမည်ဟု မူဝါဒချမှတ်ပေးထားပြီးဖြစ်သော်လည်း အချို့သောဆေးရုံများ၌ ဆရာဝန်များမရှိကြောင်းသိရှိရသဖြင့် သက်ဆိုင်ရာနယ်မြေများအလိုက် စိစစ်ဆောင်ရွက် တင်ပြသွားရန်လိုကြောင်း၊ ကျန်းမာရေးဝန်ထမ်း အခက်အခဲများကို နိုင်ငံတော်က ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ကျန်းမာမှ ပညာသင်ကြားနိုင်မည်၊ ကျန်းမာမှအလုပ်လုပ်နိုင်မည်ဖြစ်သဖြင့် ပြည်သူများ၏ ကျန်းမာရေးကဏ္ဍ မြှင့်တင်ရေးကို အထူးအလေးထားဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ကျန်းမာရေးနှင့်မညီညွတ်သောအသောက်အစား၊ အစားအသောက်နှင့် အသုံးအစွဲများကိုလျှော့ချဆောင်ရွက်သွားမည်ဆိုပါက တစ်ဦးချင်းစီ၊ မိသားစုတစ်စုချင်းစီအတွက် အကျိုးရှိစေနိုင်သည်သာမက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အကျိုးရှိစေနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့်အုပ်ချုပ်ရေးပိုင်းဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ဒေသနှင့်နိုင်ငံ၏ အကျိုးနှင့်ပတ်သက်ပါက ပြောသင့်ပြောထိုက်သည်များကို မဖြစ်မနေပြောဆိုရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်နှင့် ဦးတည်ချက်များကို တွန်းတွန်းတိုက်တိုက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွား

ရန်လိုပြီး ရည်မှန်းချက်များကို ခိုင်ခိုင်မာမာဖြင့် ရပ်တည်ဆောင်ရွက်သွားရန်လိုကြောင်းဖြင့် ပြောကြားသည်။

**အသီးသီးရှင်းလင်းတင်ပြ**

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက စိုက်ပျိုးရေးကဏ္ဍနှင့်စပ်လျဉ်း၍ မိုးစပါးနှင့် ဆီထွက်သီးနှံစိုက်ဧကလျာထားမှုနှင့် ပန်းတိုင်အထွက်နှုန်းပြည့်မီစေရေးတိုးချဲ့စိုက်ပျိုးဆောင်ရွက်ထားမှုအခြေအနေများ၊ကုန်ထုတ်လုပ်မှုနှင့် ပြည်ပသို့တင်ပို့နိုင်မှုအခြေအနေများ၊ အခြေခံပညာနှင့် အဆင့်မြင့်ပညာအဆင့် ပညာသင်ကြားသင်ယူမှုအခြေအနေများ၊ ကျန်းမာရေးစောင့်ရှောက်ပေးမှု ပိုမိုလွှမ်းခြုံနိုင်ရေးဆောင်ရွက်ထားရှိမှုများ၊ အသားငါးကဏ္ဍဖူလုံမှုရှိစေရေးဆောင်ရွက်ထားရှိမှုများ၊ စက်မှုဇုန်များတိုးတက်လည်ပတ်နိုင်ရေး ဆောင်ရွက်ထားမှုများ၊စီမံကိန်းလုပ်ငန်းများသတ်မှတ်အချိန်ကာလအတွင်း ပြီးစီးနိုင်ရေးဆောင်ရွက်နေမှုများ၊ နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေကောက်ခံရရှိမှုအခြေအနေများ၊ ပြည်ပကုန်သွယ်မှုနှင့်နိုင်ငံခြားငွေရရှိမှုအခြေအနေများ၊ ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးမြှင့်တင်ဆောင်ရွက်နေမှုနှင့် ခရီးသွားဧည့်သည်ဝင်ရောက်မှု အခြေအနေများ၊ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေးအားပေးဆောင်ရွက်နေမှု အခြေအနေများ၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှုနှင့်သုံးစွဲမှုအခြေနေများ၊နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ကဏ္ဍအလိုက်ချေးငွေများထုတ်ချေးပေးနေမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

**နိဂုံးချုပ်အမှာစကားပြောကြား**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ပညာရေးနှင့်ပတ်သက်၍ အဝေးသင်ပညာရေးသည် နိုင်ငံတကာတွင်လည်းအောင်မြင်နေသည့် ပညာရေးစနစ်တစ်ခုဖြစ်ပြီး ယခင်ကလည်း အရေးပေးဆောင်ရွက်ခဲ့ကြောင်း၊ လက်ရှိ အဝေးသင်ပညာရေးစနစ်တွင် ကျောင်းသား၊ကျောင်းသူများ အမှန်တကယ်ပညာတတ်မြောက်မှုရှိစေရေး တာဝန်ရှိသူများအနေဖြင့် စနစ်တကျကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ MSME လုပ်ငန်းတွင် စက်မှုကုန်ကြမ်းသီးနှံများဖြစ်သည့် ဝါ၊ ဝါး၊ ရော်ဘာနှင့်ကော်ဖီတို့ကို အရည်အသွေးပြည့်မီသည့် ကုန်ချောများအဖြစ်ထုတ်လုပ်နိုင်ရေးပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ရော်ဘာနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ကုန်ကြမ်းများ အလုံအလောက်ထွက်ရှိပြီးဖြစ်သဖြင့် နည်းပညာနှင့် အရင်းအနှီးကြီးမားစွာဆောင်ရွက်ရန်မလိုသည့် စက်ဘီး၊ဆိုင်ကယ်တို့တွင် အသုံးပြုသည့်တာယာနှင့်ကျွတ်များအများအပြားထုတ်လုပ်နိုင်ရေး အားပေးဆောင်ရွက်မည်ဆိုပါက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊သက်ဆိုင်ရာဝန်ကြီးဌာနများ၊တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့်လည်း အရည်အသွေးမြင့်ရော်ဘာထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးဆောင်ရွက်သွားရန်လိုကြောင်း။

စိုက်ပျိုးရေးနှင့်ပတ်သက်၍ လိုအပ်သည့်ရေရရှိရေးတွင် မိုးကောင်းသောက်ရေ၊ ဆည်ရေ၊ မြေအောက်ရေ၊ မြစ်ရေဟူ၍နည်းလမ်းများရှိကြောင်း၊ မြစ်ကြီးများအနီးတွင်ရှိသည့်ဒေသများအနေဖြင့် မိမိတို့လုပ်ငန်းရပ်အလိုက် မြစ်ရေတင်စီမံကိန်းများဆောင်ရွက်၍ စိုက်ပျိုးရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နိုင်ကြောင်း၊ မြစ်ရေတင်စီမံကိန်းများအတွက် လိုအပ်သည့်လျှပ်စစ်ဓာတ်အားကို **နေရောင်ခြည်စွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်ယူဆောင်ရွက်နိုင်**ကြောင်း၊ **နိုင်ငံတော်ကဆောင်ရွက်သည့်ဆိုလာစီမံကိန်းများရှိသကဲ့သို့ လုပ်ငန်းရှင်များအနေဖြင့်လည်း မိမိတို့လုပ်ငန်းလိုအပ်ချက်များအလိုက် ဆိုလာစီမံကိန်းများကို ဆောင်ရွက်နိုင်ကြောင်း၊ နေရောင်ခြည်စွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်ယူမှု လုပ်ငန်းများအတွက် အရင်းအနှီးလိုအပ်ချက်များကိုလည်း နိုင်ငံတော်အနေဖြင့်ဆောင်ရွက်ပေးသွားမည်ဖြစ်**ကြောင်း။

**အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုများကြောင့် ယာယီနေရပ်စွန့်ခွာနေကြရသည့် ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေး ရန်ပုံငွေမှ လိုအပ်သည့်ထောက်ပံ့မှုများ ဆောင်ရွက်ပေးရန် စီစဉ်ဆောင်ရွက်**

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးနှင့်ပတ်သက်၍ **သဘာဝဘေးအန္တရာယ်ကျရောက်မှုတွင် ပါဝင်သည့် အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုများကြောင့် ယာယီနေရပ်စွန့်ခွာနေကြရသည့် ပြည်သူများအတွက်လည်းအမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးရန်ပုံငွေမှ လိုအပ်သည့်ထောက်ပံ့မှုများ ဆောင်ရွက်ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိ**ကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် စာရင်းများကောက်ယူ၍ ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံ့စီးပွားတိုးတက်ရေး၊ အခြေခံပြည်သူလူထု၏ သက်သာချောင်ချိရေးအတွက် မိမိတို့အနေဖြင့်မဖြစ်မနေကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊**နိုင်ငံရေးသည် စီးပွားရေးမဟုတ်သော်လည်း စီးပွားရေးသည် နိုင်ငံရေးနှင့် နိုင်ငံ့အရေးပင်ဖြစ်**ကြောင်း၊ **စီးပွားရေးအားကောင်းမှသာလျှင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကာကွယ်ရေး အဘက်ဘက်မှ အားကောင်းလာမည်ဖြစ်သဖြင့် နိုင်ငံ့စီးပွားရေးအားကောင်းအောင် အားလုံးက ဝိုင်းဝန်းဆောင်ရွက်သွားကြရ မည်ဖြစ်**ကြောင်းဖြင့်မှာကြားပြီး အစည်းအဝေးကို ရုတ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (ဧဝ၁)

**နိုင်ငံရေးသည် စီးပွားရေးမဟုတ်သော်လည်း စီးပွားရေးသည် နိုင်ငံရေးနှင့် နိုင်ငံ့အရေးပင်ဖြစ်၊ စီးပွားရေးအားကောင်းမှသာလျှင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကာကွယ်ရေး အဘက်ဘက်မှ အားကောင်းလာမည်ဖြစ်သဖြင့် နိုင်ငံ့စီးပွားရေး အားကောင်းအောင် အားလုံးက ဝိုင်းဝန်းဆောင်ရွက်သွားကြရမည်ဖြစ် . . .**

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် မလိကျွန်းနှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ နယ်လှည့်အထူးကုဆေးအဖွဲ့က တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် မလိကျွန်းနှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၇**

တနင်္သာရီကမ်းရိုးတန်းဒေသတစ်လျှောက်မှ ဒေသခံပြည်သူများ၊ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များ လိုက်ပါလာသည့် တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့နံနက်ပိုင်းမှစတင်ကာ မလိကျွန်း တိုက်နယ်ဆေးရုံတွင်အခြေပြု၍ မလိကျွန်းနှင့်အနီးဝန်းကျင်မှ ဒေသခံပြည်သူ ၄၉၉ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၄၅ ဦး၊ ခွဲစိတ်ရောဂါ ၃၃ ဦး၊ သားဖွားမီးယပ်ရောဂါ ၂၅ ဦး၊ ကလေးရောဂါ ၅၉ ဦး၊ အရိုးရောဂါ ၅၇ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၂၂ ဦး၊ မျက်စိရောဂါဦးရေ ၈၀ နှင့် သွားနှင့်ခံတွင်းရောဂါ ၇၈ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ခြောက်ဦး၊ မျက်စိခွဲစိတ်လူနာ သုံးဦး၊ ဓာတ်မှန်ရိုက်လူနာနှစ်ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ကိုးဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ဦးရေ ၂၀ နှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၃၃ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (ဧဝ၁)

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေး



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ် ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၇**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)တို့၌ တက်ရောက်ကုသမှု ခံယူလျက်ရှိသော အရာရှိ စစ်သည်၊ မိသားစုများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို မေးမြန်းအားပေး စကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

---

☆ **ကျောဖုံးမှအဆက်**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင် ဒုတိယမြို့တော်ဝန်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို MSME များ၏ ထုတ်ကုန်နှင့် ဝန်ဆောင်မှုများကို စဉ်ဆက်မပြတ် မြှင့်တင်နိုင်စေရန်နှင့် တန်ဖိုးမြှင့် ထုတ်ကုန်အသစ်များကို ပြည်တွင်းမှ ပိုမိုသုံးစွဲနိုင်ရန်နှင့် ပြည်ပသို့ ဈေးကွက်ချဲ့ထွင်နိုင်ရန်၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ MSME များ ပူးပေါင်းဆောင်ရွက်မှုတိုးတက်လာစေပြီး ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် ဒေသတစ်ခု၏ လိုအပ်ချက်ကို အခြားဒေသမှ ဖြည့်ဆည်းလာရန်နှင့် အားသာချက်၊ အားနည်းချက်များကို သိမြင်ဖော်ထုတ်လာစေရန်၊ ဒေသအလိုက် OROP ဒေသတစ်ခု ထုတ်ကုန်တစ်ခု အောင်မြင်ရေးအတွက် အားပေးမြှင့်တင်ရန်၊ MSME များနှင့် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူများ ပိုမိုချိတ်ဆက် ပူးပေါင်းဆောင်ရွက်လာစေရန်၊ ပြည်ထောင်စုအဆင့် အသိအမှတ်ပြု MSME စံပြထုတ်ကုန်ဆုများ ပေးအပ်နိုင်စေရန်နှင့် MSME လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း။

ထို့ပြင် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲတွင် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် ထုတ်လုပ်လျက်ရှိသည့် ဒေသထုတ်ကုန်ပစ္စည်းများအပေါ် အားသာချက်၊ အားနည်းချက်များကိုလေ့လာပြီး လိုအပ်သည်များ ပြုပြင်နိုင်စေရန်နှင့် ပြိုင်ပွဲကျင်းပခြင်းမှ နိုင်ငံတော်အဆင့် ထုတ်ကုန်အမှတ်တံဆိပ်ရရှိမှုအတွက် မိမိထုတ်ကုန်အမှတ်တံဆိပ်အတွက် အာမခံချက်အရည်အသွေးကို စားသုံးသူများ သိရှိခြင်းမှတစ်ဆင့် အကျိုးရလဒ်ရရှိနိုင်စေရန် ပြပွဲနှင့် ပြိုင်ပွဲတွင်ပါဝင်ပြသကြမည့် ဝန်ကြီးဌာနများ၏ ခင်းကျင်းပြသထားရှိမှုများမှတစ်ဆင့် သက်ဆိုင်ရာအေဂျင်စီများ၊ လုပ်ငန်းရှင်များအနေဖြင့် MSME နှင့် ဆက်စပ်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများထံသို့ လိုအပ်သလိုချိတ်ဆက်နိုင်ရေး၊ အဆိုပါဝန်ကြီးဌာနနှင့် ဆက်စပ်အဖွဲ့အစည်းများထံမှ လုပ်ငန်းရှင်များ ရယူနိုင်မည့် အခွင့်အရေးများ၊ နည်းလမ်းများ၊ လုပ်ထုံးလုပ်နည်းများ စသည့်အခွင့်အလမ်းများရရှိစေရန် ကျင်းပခြင်းလည်းဖြစ်ကြောင်း။

**ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်တောင်ဘက် တပေါင်းကွင်း၌ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက်ထိ ပြခန်းစုစုပေါင်း ၈၀ ခန့်ဖြင့် စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ရောင်းချပေးသွားမည်ဖြစ်ပြီး ထုတ်ကုန်အမျိုးအစားများအတွက် ဆုအမျိုးအစား ၃၁ မျိုး ပေးအပ်ချီးမြှင့်သွားမည်ဖြစ် . . .**

MSME ထုတ်ကုန်ပစ္စည်းများနှင့် စပ်လျဉ်း၍ ထုတ်လုပ်မှုလုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများအနေဖြင့် နိုင်ငံတကာနှင့် မိမိတို့နိုင်ငံတို့တွင် Customer Behavior Changes၊ Technology၊ Information၊ Investment၊ Market Trend များပြောင်းလဲလာမှုကိုလည်း သိရှိနားလည်နိုင်ရန် ဆွေးနွေးပွဲများ ထည့်သွင်းပေးခြင်း၊ Digital စနစ်ကူးပြောင်းနေမှု၊ Online Banking စနစ် ဆောင်ရွက်နေမှုတို့ကို သိရှိနားလည်လာစေပြီး ကုန်ပစ္စည်း ဝယ်ယူ၊ ရောင်းဝယ်မှုတွင်လည်း ယခင်ဆိုင်များတွင် လူကိုယ်တိုင်ပစ္စည်းဝယ်ယူမှုစနစ်မှ Online Marketing စနစ်သို့ ပြောင်းလဲလာမှုအခြေအနေများ၊ ထုတ်ကုန်ပစ္စည်းအပေါ် ဒေသအလိုက်ပြည်သူများ၏ နှစ်သက်မှုနှင့်သုံးစွဲမှုအခြေအနေများ စသည်တို့ကို သိရှိနိုင်အောင် ကြိုးစား ဆောင်ရွက်နေကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် ဈေးကွက်ပြောင်းလဲလာမှုကိုသိရှိပြီး လိုက်ပါဆောင်ရွက်နိုင်ရေး လုပ်ဆောင်သွားမည်ဆိုပါက Online Marketing နှင့် Online Payment စနစ်များကိုလည်း ယခုထက်ပို၍ ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနိုင်မည်ဖြစ်ကြောင်း။

ထို့ပြင် MSME ပြပွဲ၊ ပြိုင်ပွဲများမှတစ်ဆင့် ထွက်ရှိလာသည့် အဆင့်မြင့်ထုတ်ကုန်ပစ္စည်းအမည်သစ်များ ထွက်ပေါ်လာပြီး အဆိုပါထွက်ပေါ်လာသည့် အရည်အသွေးမီ ကုန်ပစ္စည်းများကို ပြည်ပသို့ပို့ဆောင်ခြင်းဖြင့် နိုင်ငံခြားငွေရရှိလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် MSME လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ထုတ်ကုန်ပစ္စည်းများကို ပြည်ပသို့ တင်ပို့နိုင်ရေးဆောင်ရွက်ရာတွင် တင်ပို့မည့်နိုင်ငံများ၏ ကုန်ပစ္စည်းလိုအပ်ချက်နှင့် တင်ပို့မှုစည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များ၊ နိုင်ငံတကာက လက်ခံနိုင်မည့် ကုန်သွယ်မှုဆိုင်ရာ အချက်အလက်များ ဥပမာအားဖြင့် တရုတ်နိုင်ငံသို့ မိမိထုတ်ကုန်ပစ္စည်းတင်ပို့မှုတွင် General Adminis-tration of Customs of the People's Republic of China(GACC) ရရန်လိုအပ်မှုအပြင် အလားတူ အခြားနိုင်ငံများ၏ ကုန်သွယ်မှုဆိုင်ရာ ကန့်သတ်ချက်များကိုလည်း သိရှိနိုင်ရေး ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ သက်ဆိုင်ရာဝန်ကြီးဌာနများက သတင်းအချက်အလက်နှင့် နည်းပညာများကို အချိန်နှင့်တစ်ပြေးညီ လုပ်ငန်းရှင်များ သိရှိနိုင်အောင် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

ယခုကျင်းပသည့် MSME ပြပွဲ၊ ပြိုင်ပွဲသည် လုပ်ငန်းကော်မတီက ဦးစီးကျင်းပသည့်အခမ်းအနားတစ်ခုဖြစ်ပြီး သက်ဆိုင်ရာလုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများအနေဖြင့် ယခင်ကျင်းပပြုလုပ်ခဲ့သည့် အတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး ချို့ယွင်းချက်၊ အားနည်းချက်နှင့် အခက်အခဲများ မဖြစ်ပေါ်စေရန်အတွက် အချင်းချင်း ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားရန်နှင့် ကျန်းမာရေး၊ လုံခြုံရေးကို အထူးဂရုစိုက်စိစစ်ပြီး သေသေချာချာတိတိကျကျ စစ်ဆေးဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားအစီအစဉ်၊ ဝန်ကြီးဌာနများ၊ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြခန်းများ၊ ပါဝင်ပြသကြမည့် ထုတ်ကုန်အမျိုးအစားများ၊ ပြိုင်ပွဲအမျိုးအစားများနှင့် ဆုချီးမြှင့်မည့် အစီအစဉ်များ ဆောင်ရွက်ထားရှိမှု၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ ခရီးစဉ်များတွင် လမ်းညွှန်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်က ဆပ်ကော်မတီများ ဖွဲ့စည်းထားရှိမှုနှင့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ ကျင်းပနိုင်ရေး စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လုံခြုံရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေး၊ နေရာချထားရေးနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီ၊ မုခ်ဦးနှင့်ပြခန်းများ တည်ဆောက်ရေးဆပ်ကော်မတီ၊ ပြခန်းနေရာချထားရေးနှင့် ခင်းကျင်းပြသရေးဆပ်ကော်မတီ၊ ဖွင့်ပွဲအခမ်းအနား၊ ဆုချီးမြှင့်ရေးနှင့် ဖျော်ဖြေရေးဆပ်ကော်မတီ၊ ပြိုင်ပွဲကျင်းပရေး၊ ဆုရွေးချယ်ရေးနှင့် ဆုချီးမြှင့်ရေးဆပ်ကော်မတီ၊ လုပ်ငန်း၊ စီးပွားချိတ်ဆက်မှုဆပ်ကော်မတီ၊ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များဆပ်ကော်မတီ၊ လျှပ်စစ်မီးရရှိရေးဆပ်ကော်မတီ၊ သတင်းနှင့် ပြန်ကြားရေးဆပ်ကော်မတီနှင့် ဘဏ္ဍာရေးဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ကော်မတီများအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသူများက MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော် တောင်ဘက် တပေါင်းကွင်း၌ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက်ထိ ဝန်ကြီးဌာနပြခန်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ်ပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာ ရောင်းချဆိုင်ခန်းများ၊ လုပ်ငန်း၊ စီးပွားချိတ်ဆက်မှုများ(B2B)၊ နည်းပညာပြခန်းများ၊ ပြည်ပစက်ပစ္စည်းနှင့် ထုတ်ကုန်ပြခန်းများ၊ အသေးစား စက်မှုလက်မှုလုပ်ငန်းနှင့် ကုန်ထုတ်သမဝါယမပြခန်းများ အပါအဝင် ပြခန်းစုစုပေါင်း ၈၀ ခန့်ဖြင့် စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ရောင်းချပေးသွားမည်ဖြစ်ပြီး ထုတ်ကုန်အမျိုးအစားများအတွက် ဆုအမျိုးအစား ၃၁မျိုး ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး လဟယ်မြို့ရှိ ဌာနဆိုင်ရာများ၊ နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် ခန္တီးမြို့ရှိ ဌာနဆိုင်ရာများကို တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၇

လဟယ်မြို့တွင် ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့် အဖွဲ့ဝင်များသည် ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းတွင် လဟယ်မြို့ ထေရဝါဒဗုဒ္ဓသာသနာပြု (ဗဟို) ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ တောင်တန်းသာသနာပြု ဗဟိုခေါင်းဆောင် မြို့နယ်သံဃနာယက အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တ သုမနအား ဖူးမြော်ကြည်ညိုကာ ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ထို့အတူ လဟယ်မြို့ နှစ်ခြင်းခရစ်ယာန်အသင်းသို့ သွားရောက်ခဲ့ပြီး သိက္ခာတော်ရဆရာတော် ဦးအထွန်းနှင့် တာဝန်ရှိသူများကို တွေ့ဆုံ၍ စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး လဟယ်မြို့နယ်ရှိ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးပြောကြားစဉ်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် နာဂယဉ်ကျေးမှုပြတိုက် ခန်းမ၌ လဟယ်မြို့နယ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်၊ ပြည်ထောင်စုဝန်ကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ နာဂရိုးရာ စာပေနှင့်ယဉ်ကျေးမှုအဖွဲ့များ တက်ရောက်ကြသည်။

ရှေးဦးစွာ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက နာဂဒေသ၏ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးနှင့် စီမံကိန်းလုပ်ငန်းများဆိုင်ရာ အခြေအနေများကိုလည်းကောင်း၊ နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှုကော်မတီများက ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ပေးစေလိုမှုအခြေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ တင်ထွဋ်တို့က လိုအပ်သည်များကိုရှင်းလင်း ဆွေးနွေးပြောကြားသည်။

ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြမှုများအပေါ် တာဝန်ရှိသူ များနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဒေသအဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများကို လက်ဆောင်ပစ္စည်းများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် တွေ့ဆုံပွဲ တက်ရောက်လာသည့် ဌာနဆိုင်ရာများ၊ နာဂရိုးရာ စာပေနှင့်ယဉ်ကျေးမှုအဖွဲ့ဝင်များကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် လဟယ်မြို့မှ ခန္တီးမြို့သို့ ထွက်ခွာခဲ့ရာ မွန်းလွဲပိုင်းတွင် ရောက်ရှိပြီး ခန္တီးမြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများကို တွေ့ဆုံခဲ့ရာတွင် ခန္တီးခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုးက အုပ်ချုပ်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ဒေသဆိုင်ရာအခြေအနေများကို ရှင်းလင်းတင်ပြပြီး နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှုကော်မတီ၊ ရှမ်းစာပေနှင့် ယဉ်ကျေးမှုကော်မတီတို့က ဆောင်ရွက်ပေးစေလိုသည်များကို တင်ပြကြသည်။

ဆက်လက်၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ တင်ထွဋ်တို့က လိုအပ်သည်များကိုရှင်းလင်း ဆွေးနွေးပြောကြားသည်။

ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြမှုများအပေါ် တာဝန်ရှိသူ များနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ် အဆင့်ဌာနဆိုင်ရာများကို လက်ဆောင် ပစ္စည်းများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး တက်ရောက်လာသူများ ကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့်အတူ နယ်မြေခံတပ်နယ် ခန်းမသို့သွားရောက်၍ တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံနှုတ်ဆက် အားပေးစကားပြောကြားပြီး စားသောက် ဖွယ်ရာများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ တွေ့ဆုံပွဲအပြီးတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးနှင့် အဖွဲ့သည် တက်ရောက်လာ သည့် အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်း ရရှိသည်။ (၅၀၁)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး နယ်မြေခံတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်အတွင်းမှ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၉/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို သွားရောက်တွေ့ဆုံ



ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၉/၂၀၂၄)သို့တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၉/၂၀၂၄)သို့တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၇**

ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၉/၂၀၂၄)သို့ တက်ရောက်ရန် ဘားအံမြို့ နယ်မြေခံတပ်ရင်းသို့ ရောက်ရှိနေသည့် ကရင်ပြည်နယ်အတွင်းမှ နိုင်ငံ့သားကောင်းရတနာများကို ယနေ့နံနက်ပိုင်းတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်တွေ့ဆုံသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၉/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၉/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၉/၂၀၂၄)သို့ တက်ရောက်ရန် မော်လမြိုင်မြို့ နယ်မြေခံသင်တန်းကျောင်းသို့ရောက်ရှိလာသည့် မွန်ပြည်နယ်အတွင်းမှ နိုင်ငံ့သားကောင်းရတနာများကို ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်တွေ့ဆုံသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၉/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၉/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားပြီး လိုအပ်သည်များကိုပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၈-၁-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၇၅ | ၃၀၉၀ | ၃၀၅၅ | ၃၀၉၀ | ၃၀၉၅ | ၃၂၁၀ | ၃၂၃၀ | ၃၀၄၅ | ၄၅၀၅ | ၃၄၄၀ | ၃၀၆၅ | ၃၀၆၅ | ၃၂၃၅ | ၃၂၀၀ | ၃၂၂၀ | ၃၄၈၀ | ၄၀၀၀ |
| 95 Ron | ၃၁၄၀ | ၃၂၅၀ | ၃၂၂၀ | ၃၁၅၅ | ၃၂၆၀ | ၃၂၇၅ | ၃၂၉၀ | ၃၂၁၀ | ၄၅၆၀ | ၃၅၀၀ | ၃၂၂၅ | ၃၂၃၀ | ၃၃၀၀ | ၃၂၆၀ | ၃၂၈၅ | ၃၅၄၀ | ၄၂၅၀ |
| HSD (500 ppm) | ၂၇၄၀ | ၂၈၅၅ | ၂၈၂၀ | ၂၇၅၅ | ၂၈၆၀ | ၂၈၇၅ | ၂၈၉၀ | ၂၈၁၀ | - | ၃၁၀၅ | ၂၈၂၅ | ၂၈၃၀ | ၂၉၀၀ | ၂၈၆၅ | ၂၈၈၅ | ၃၁၄၅ | ၄၁၀၀ |
| HSD (50 ppm) | ၃၃၆၅ | ၃၄၇၅ | ၃၄၄၅ | ၃၃၇၅ | ၃၄၈၅ | ၃၅၀၀ | ၃၅၁၅ | ၃၄၃၅ | ၄၈၃၀ | ၃၇၂၅ | ၃၄၅၀ | ၃၄၅၅ | ၃၅၂၀ | ၃၄၈၅ | ၃၅၁၀ | ၃၇၆၅ | - |
| HSD (10 ppm) | ၃၃၆၅ | ၃၄၇၅ | ၃၄၄၅ | ၃၃၇၅ | ၃၄၈၅ | ၃၅၀၀ | ၃၅၁၅ | ၃၄၃၅ | - | ၃၇၂၅ | ၃၄၅၀ | ၃၄၅၅ | ၃၅၂၀ | ၃၄၈၅ | ၃၅၁၀ | ၃၇၆၅ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၀၄ | ၂၉၉၆ |
| 95 Ron | ၂၉၆၅ | ၃၀၅၇ |
| HSD (500 ppm) | ၂၅၇၈ | ၂၆၅၉ |
| HSD (50 ppm) | ၃၁၈၂ | ၃၂၇၅ |
| HSD (10 ppm) | ၃၁၈၂ | ၃၂၇၅ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်မမှန်စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**



## ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးဖြတ်သန်းသယ်ယူပို့ဆောင်ရေး စကြံ့စီမံကိန်း၏ စစ်တွေဆိပ်ကမ်းသို့ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး သွားရောက်ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇန်နဝါရီ ၁၇**

မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး Abhay Thakur၊ India Ports Global Ltd(IPGL) ၏ မန်နေဂျင်းဒါရိုက်တာ Shri Sunil Mukundan နှင့် အိန္ဒိယနိုင်ငံသံရုံး ရန်ကုန်မြို့နှင့် အိန္ဒိယနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံး စစ်တွေမြို့တို့မှ တာဝန်ရှိသူများသည် ဇန်နဝါရီ ၁၆ ရက်မှ ၁၇ ရက်ထိ ရခိုင်ပြည်နယ် စစ်တွေမြို့သို့ သွားရောက်ကြသည်။

ခရီးစဉ်တွင် အိန္ဒိယနိုင်ငံအစိုးရ၏ အကူအညီအထောက်အပံ့ဖြင့် ဆောင်ရွက်သော ကုလားတန်မြစ်ကြောင်းဘက်စုံသုံး ဖြတ်သန်းသယ်ယူပို့ဆောင်ရေးစကြံ့(KMMTTC)စီမံကိန်း၏ စစ်တွေဆိပ်ကမ်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

စစ်တွေဆိပ်ကမ်းသည် ၂၀၂၃ ခုနှစ် မေလတွင် စတင်ဖွင့်လှစ်ပြီးချိန်မှစ၍ စားနပ်ရိက္ခာ၊ စိုက်ပျိုးရေးသုံးကုန်ပစ္စည်းများ၊ ဆေးဝါးများ၊ စက်သုံးဆီ၊ မော်တော်ယာဉ်များ၊ ဆောက်လုပ်ရေးသုံးပစ္စည်းများနှင့် စက်ယန္တရားများတင်ဆောင်လာသည့် သင်္ဘောအစီး ၁၅၀ ကျော် ဆိုက်ကပ်ကာ ကုန်တင်ကုန်ချလုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့ပြင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးသည် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် သွားရောက်တွေ့ဆုံ၍ နှစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး စီမံကိန်းများ၊ ရခိုင်ပြည်နယ်ရှိ ပြည်သူများကိုအကျိုးပြုရန်အတွက် ဒေသ၏လိုအပ်ချက်နှင့် ဦးစားပေးမှုများနှင့်အညီ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်ဖြင့် စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် လူသားချင်းစာနာထောက်ထားမှုအကူအညီများဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

လာမည့်နှစ်များတွင် အိန္ဒိယ-မြန်မာချစ်ကြည်ရေးစီမံကိန်းဖြစ်သော စစ်တွေဆိပ်ကမ်းသည် ကမ်းရိုးတန်းဒေသတွင်းနှင့် နိုင်ငံတကာနှင့် ချိတ်ဆက်ဆောင်ရွက်မှုတို့တွင် ပိုမိုအားကောင်းလာပြီး အထောက်အကူပြုမည်ဖြစ်ကြောင်းနှင့် ခရီးသွားလာရေးအပြင် အထူးသဖြင့် ရေးပဝေသဏီကတည်းကရှိခဲ့သော ပြည်သူအချင်းချင်းကြားဆက်နွယ်မှုအရ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း နှစ်ဖက်စလုံးက သဘောတူညီကြသည်။ ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးဖြတ်သန်းသယ်ယူပို့ဆောင်ရေးစကြံ့(KMMT-TC) စီမံကိန်း၏အကျိုးရှိမှုများကို အပြည့်အဝအသုံးချနိုင်ရန်အတွက် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးသို့ အမြန်ဆုံးပြန်လည်ရောက်ရှိရေးသည် အရေးကြီးကြောင်းဖြင့် သံအမတ်ကြီးက ပြောကြားခဲ့သည်။

ထို့နောက် စစ်တွေမြို့ရှိ Sri Sri Moha Dev Bari ဘုရားကျောင်းသို့ သွားရောက်ခဲ့ပြီး အိန္ဒိယနွယ်ဖွားအသိုက်အဝန်းမှ အဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ အိန္ဒိယနွယ်ဖွားများအတွက် ကောင်စစ်ဆိုင်ရာ ဝန်ဆောင်မှုများအကြောင်းနှင့် အိန္ဒိယနှင့် ၎င်းတို့၏ဆက်သွယ်ဆောင်ရွက်မှုများ အားကောင်းလာစေရန်အတွက် ပံ့ပိုးကူညီမှုဆိုင်ရာကိစ္စရပ်များကို ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ဆေးဝါးတက္ကသိုလ်(မန္တလေး) ဆေးဝါးသိပ္ပံပညာပထမနှစ်(၁၁ / ၂၀၂၄)သင်တန်း မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပ

**မန္တလေး ဇန်နဝါရီ ၁၇**

ဆေးဝါးတက္ကသိုလ်(မန္တလေး)ဆေးဝါးသိပ္ပံပညာပထမနှစ်(၁၁/၂၀၂၄)သင်တန်း မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့်ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အမရပူရမြို့နယ် အဆိုပါတက္ကသိုလ်ရှိဘက်စုံသုံးခန်းမဆောင်တွင် ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးများ၊ ဆေးဝါးတက္ကသိုလ်(မန္တလေး)ပါမောက္ခချုပ်၊ ပါမောက္ခနှင့်ဆေးဘက်ဆိုင်ရာတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ ဖိတ်ကြားထားသည့်ဌာနဆိုင်ရာများ၊ ပထမနှစ်သင်တန်းမှကျောင်းသား၊ကျောင်းသူများတက်ရောက်ကြပြီး အခမ်းအနားကို "ဂုဏ်ယူဝင့်ကြွားတို့ဆေးဝါး"သီချင်းဖြင့် သီဆိုဖွင့်လှစ်ခဲ့သည်။





ဦးစွာ မန္တလေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ဆေးဝါးတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာသိန်းမေစောက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ ဆေးဝါးသိပ္ပံသင်တန်းကျောင်းသား၊ကျောင်းသူများ ကိုယ်စား ကျောင်းသူတစ်ဦးက ကြိုဆိုနှုတ်ဆက်စကားပြောကြားပြီး ဆေးဝါးသိပ္ပံပညာပထမနှစ်သင်တန်းမှ မောင်မယ်သစ်လွင်များ ကိုယ်စား ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် ဝန်ကြီးများက တိုင်းဒေသကြီးအစိုးရအဖွဲ့က ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၀ သိန်းကို ဆေးဝါးတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ်ပါမောက္ခထံသို့ ပေးအပ်ချီးမြှင့်ခဲ့ပြီး မောင်မယ်သစ်လွင် ကျောင်းသား၊ကျောင်းသူများ၏ ရိုးရာယဉ်ကျေးမှုအက၊ တိုင်းရင်းသားရိုးရာအကအလှများ၊ခေတ်သီချင်းများဖြင့် ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကာ ဆရာ၊ဆရာမများနှင့်ကျောင်းသား၊ကျောင်းသူများကို ရင်းနှီးစွာလိုက်လံနှုတ်ဆက်ခဲ့ပြီး ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို အစီအစဉ်များအတိုင်း ဆက်လက်ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| | အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးထက်အောင်<br>ညွှန်ကြားရေးမှူးချုပ်<br>လူငယ်ရေးရာဦးစီးဌာန<br>အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အခွန်အယူခံခုံအဖွဲ့ရုံး<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၃) |
| ( ခ ) | ဦးကျော်စိုးမိုး<br>ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>လူငယ်ရေးရာဦးစီးဌာန<br>အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာန |

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးသက်ထွန်း<br>ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်း<br>စွမ်းအင်ဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်း<br>စွမ်းအင်ဝန်ကြီးဌာန |
| ( ခ ) | ဦးမျိုးကျော်သူ<br>ကာကွယ်ရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာန |

## ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၇ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၄၂၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ထူးခြားသည့် ညအပူချိန်များ

(၁၇-၁-၂၀၂၅)

| | | | |
|---|---|---|---|
| ဟားခါး | ၁ | ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| နမ့်စန် | ၁ | ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုး | ၃ | ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| ပြင်ဦးလွင် | ၃ | ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၄ | ဒသမ ၃ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၄ | ဒသမ ၃ | ဒီဂရီဆဲလ်စီးယပ် |
| ပင်လောင်း | ၄ | ဒသမ ၈ | ဒီဂရီဆဲလ်စီးယပ် |
| မိုင်းယန်း | ၅ | ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| ပူတာအို | ၆ | ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် |
| မြစ်ကြီးနား | ၇ | ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| မချမ်းဘော | ၇ | ဒသမ ၈ | ဒီဂရီဆဲလ်စီးယပ် |
| တောင်ကြီး | ၈ | ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |

# တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ မအူပင်ခရိုင် မအူပင်မြို့နယ် ကျုံစုတ်ကျေးရွာရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁၇**

ရေဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွားဆေးရုံ ရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူလိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ဆေးမှူးများ၊သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် ရေဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ် ကျုံစုတ်ကျေးရွာ လောကသရဖူသွန်းဘုရားကြီး ရာပြည့်ဓနသိဒ္ဓိတန်ဆောင်းတော်တွင် အခြေပြု၍ အဆိုပါမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၃၅၄ ဦးကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် နယ်လှည့်အထူးကုဆေးအဖွဲ့က ဆေးကုသမှုဆိုင်ရာရောဂါ ၉၂ ဦး၊ခွဲစိတ်ရောဂါ ၁၅ ဦး၊ သားဖွားမီးယပ်ရောဂါ ၁၀ ဦး၊ ကလေးရောဂါ၂၄ ဦး၊ အရိုးရောဂါ ၇၂ ဦး၊ နား၊နှာခေါင်း၊လည်ချောင်းရောဂါ ၅၁ ဦး၊ မျက်စိရောဂါ ၅၃ ဦး၊ သွားရောဂါ ၃၇ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

ထို့ပြင် အထွေထွေခွဲစိတ်လူနာ ခြောက်ဦး၊ မျက်စိခွဲစိတ်လူနာ ၁၀ ဦးတို့ကို ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဓာတ်မှန်ရိုက်လူနာ ၁၆ ဦး၊ အာလထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၃၄ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၉ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၅၆ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်လူနာ ခြောက်ဦးတို့ကို နီးစပ်ရာ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)









တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့မှ နယ်လှည့်အထူးကုဆေးအဖွဲ့က မအူပင်ခရိုင် မအူပင်မြို့နယ် ကျုံစုတ်ကျေးရွာရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

# ယင်းမာပင်မြို့နယ် ကျောက်မှော်ကျေးရွာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ပြည်သူ နှစ်ဦး ထိခိုက်ဒဏ်ရာရရှိပြီး နေအိမ် ငါးလုံးပျက်စီးခဲ့ကြောင်း မဟုတ်မမှန်သတင်းမှားများရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် ကျောက်မှော်ကျေးရွာတွင် လုံခြုံရေးတပ်ဖွဲ့များက ဇန်နဝါရီ ၁၅ ရက်တွင် လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ပြည်သူ နှစ်ဦး ထိခိုက်ဒဏ်ရာရရှိပြီး နေအိမ် ငါးလုံးပျက်စီးခဲ့သည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာများကမဟုတ်မမှန်သတင်းတု၊သတင်းမှားများရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ နယ်မြေခံလုံခြုံရေးတာဝန်ရှိသူတစ်ဦးနှင့် ဆက်သွယ်မေးမြန်းချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အဆိုပါမြို့နယ်အတွင်း တည်ငြိမ်အေးချမ်းမှုရှိစေရေး လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများဆောင်ရွက်နေစဉ် အကြမ်းဖက်သမားများက လုံခြုံရေးတပ်ဖွဲ့ဝင်များကို ထိခိုက်စေရန်နှင့်နယ်မြေတည်ငြိမ်အေးချမ်းမှုမရှိစေရန် အဝေးမှနေ၍ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်ခြင်းများကြောင့် အဆိုပါ လက်နက်ကြီးကျည်များသည် ကျေးရွာများအတွင်း ကျရောက်ပေါက်ကွဲခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်အချို့နှင့်ဒေသခံပြည်သူအချို့ထိခိုက်ဒဏ်ရာများရရှိခဲ့ခြင်းဖြစ်ကြောင်း၊အကြမ်းဖက်အားပေးပြည်ဖျက်မီဒီယာများသည် အကြမ်းဖက်သမားများ၏လုပ်ရပ်များကိုဖုံးကွယ်ရန်နှင့်လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများအထင်အမြင်လွဲမှားစေရန်အတွက် ယခုကဲ့သို့ဖြစ်စဉ်လွဲမှားနေသည့် သတင်းများဖြင့် လုပ်ကြံရေးသား ဝါဒဖြန့်ခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)




# ခရမ်းမြို့နယ် အထက်ခမက်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁၇**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် ခရမ်းမြို့နယ် အထက်ခမက်ကျေးရွာနှင့်ပတ်ဝန်းကျင်ကျေးရွာများမှသံဃာတော်များနှင့်ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိအောင်သာသီရိဘုန်းတော်ကြီးကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် နှစ်ပါးနှင့် ဒေသခံပြည်သူ ၁၃၄ ဦးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

**လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။**

**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDFအမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

# EU ၏ လေကြောင်းဆိုင်ရာ လေထုညစ်ညမ်းမှုလျှော့ချရေးဥပဒေကိုလိုက်နာရန် အဆင်သင့်မဖြစ်သေးကြောင်း A4E က ထုတ်ပြန်



**ဘရပ်ဆဲလ် ဇန်နဝါရီ ၁၇**

ဘယ်လ်ဂျီယံနိုင်ငံတွင် အခြေစိုက်သည့် ဥရောပသမဂ္ဂ(EU) က ထုတ်ပြန်ထားသော လေထုညစ်ညမ်းမှုလျှော့ချရေး ဥပဒေတွင် ကုန်းကြောင်းနှင့် ရေကြောင်းကဏ္ဍကဥပဒေများအတိုင်း လိုက်နာဆောင်ရွက်သွားရန် အဆင်ပြေသော်လည်းလေကြောင်းပိုင်းအနေဖြင့် EU ၏ ဥပဒေများကို လိုက်နာရန် အဆင်သင့်မဖြစ်သေးကြောင်း ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့တွင် အခြေစိုက်သည့် Airlines for Europe (A4E) အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

လေကြောင်းကဏ္ဍတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များအသုံးမပြုနိုင်သေးသည့်အတွက် EU ၏ ဥပဒေပြဋ္ဌာန်းချက်ပါ လေယာဉ်များမှ ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေး၊ နိုက်ထရိုဂျင်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေးနှင့် ရေငွေ့ပြန်မှုလျှော့ချရေးများကို ဆောင်ရွက်နိုင်ရေးမှာ အခက်အခဲများရှိနေသည့်အတွက် ဥပဒေများကိုလိုက်နာရန် အချိန်ယူရမည်ဖြစ်ကြောင်း Airlines for Europe (A4E) အဖွဲ့အစည်း က ထုတ်ပြန်ခဲ့သည်။

Airlines for Europe (A4E) အဖွဲ့အစည်းဝင် လေကြောင်းလိုင်းများတွင် ပြင်သစ်နိုင်ငံ အခြေစိုက် Air France-KLM Group၊ အင်္ဂလန်နိုင်ငံ အခြေစိုက် easyJet နှင့် International Airlines Group၊ ဂျာမနီနိုင်ငံ အခြေစိုက် Lufthansa Group နှင့် အိုင်ယာလန်နိုင်ငံ အခြေစိုက် Ryanair Holdings လေကြောင်းလိုင်းတို့ ပါဝင်ကြောင်း၊ ဥရောပသမဂ္ဂ(EU) အနေဖြင့် သစ်တောပြုန်းတီးမှုနှင့် ဆက်စပ်သော ကုန်သွယ်မှုများကို ကန့်သတ်သည့် ဥပဒေကိုလည်း ပြဋ္ဌာန်းရန်ဆိုင်းငံ့ခဲ့ရပြီး ယခုတစ်ဖန် လေကြောင်းလိုင်းဆိုင်ရာ လေထုညစ်ညမ်းမှု လျှော့ချရေး ဥပဒေများကိုပါ ဆိုင်းငံ့ပေးရမည့်အခြေအနေ ဖြစ်နေကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

# ကမ္ဘာပေါ်တွင် မိုးခေါင်ရေရှားမှုဖြစ်စဉ် အဖြစ်များလာပြီး နှစ်စဉ် စိုက်ပျိုးမြေ စတုရန်းကီလိုမီတာ ၅၀၀၀၀ ခန့် ထိခိုက်ပျက်စီး

**ဂျီနီဗာ ဇန်နဝါရီ ၁၇**

ကမ္ဘာပေါ်တွင် မိုးခေါင်ရေရှားမှုဖြစ်စဉ် အဖြစ်များလာပြီး နှစ်စဉ် စိုက်ပျိုးမြေ စတုရန်းကီလိုမီတာ ၅၀၀၀၀ ခန့် ထိခိုက်ပျက်စီးလာကြောင်း ဆွစ်ဇာလန်နိုင်ငံ သစ်တော၊ နှင်းနှင့် ရှုခင်းများဆိုင်ရာ သုတေသနအဖွဲ့က ဇန်နဝါရီ ၁၆ ရက်တွင် ထုတ်ပြန်သော အစီရင်ခံစာကို ကိုးကား၍ ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ကမ္ဘာပေါ်တွင် မိုးခေါင်ရေရှားမှုဖြစ်စဉ်များသည် နှစ်စဉ်စတုရန်းကီလိုမီတာ ၅၀၀၀၀ ခန့် ကျယ်ပြန့်လာခဲ့ပြီး အလွန်ပြင်းထန်သော အဆင့်သို့ ရောက်ရှိလျက်ရှိရာ စိုက်ပျိုးရေးနှင့် ဂေဟစနစ်ကို ထိခိုက်ပျက်စီးစေလျက်ရှိသည်ဟု အဆိုပါအစီရင်ခံစာတွင် ဖော်ပြထားကြောင်း သိရသည်။

ဆွစ်ဇာလန်နိုင်ငံ သစ်တော၊ နှင်းနှင့် ရှုခင်းများဆိုင်ရာ သုတေသနအဖွဲ့၏ လေ့လာမှုများအရ ၁၉၈၀ ပြည့်နှစ်နောက်ပိုင်းမှစတင်၍ ကမ္ဘာပေါ်တွင် မိုးခေါင်ရေရှားမှု ပိုမိုပြင်းထန်လာပြီး ရာသီဥတုပြောင်းလဲမှုနှင့် ဆက်စပ်နေသော အပူချိန်မြင့်တက်လာခြင်းကြောင့် မိုးခေါင်မှုအခြေအနေကို ပိုမိုဖြစ်ပေါ်စေကြောင်း ဖော်ပြထားသည်။

အဆိုပါအဖွဲ့၏လေ့လာမှုများအရ ၁၉၈၀ ပြည့်နှစ်နှင့် ၂၀၁၈ ခုနှစ်ကြားကာလများတွင် မိုးခေါင်ရေရှားမှုဖြစ်စဉ်ပေါင်း ၁၃၀၀၀ ကျော်ကို မှတ်တမ်းတင်နိုင်ခဲ့ပြီး နှစ်စဉ်ပြင်းထန်သော မိုးခေါင်ရေရှားမှုဖြစ်စဉ်ပေါင်း ၅၀၀ ခန့်မှ မြေအကျယ်ပေါင်း စတုရန်းကီလိုမီတာ ၅၀၀၀၀ ခန့် ပိုမိုဖြစ်ပေါ်လျက်ရှိကာ အဆိုပါဧရိယာသည် ဆွစ်ဇာလန်နိုင်ငံ၏ ဧရိယာထက်ပင် ပိုမိုကျယ်ပြန့်ကြောင်း သိရသည်။

မိုးခေါင်ရေရှားမှု အခြေအနေများသည် တောင်အမေရိကနှင့် မြောက်အမေရိက ဒေသများတွင် ပိုမိုကျယ်ပြန့်လာကြောင်း အဆိုပါအဖွဲ့၏ အစီရင်ခံစာ၌ ထည့်သွင်း ဖော်ပြထားကြောင်း သိရသည်။

Ref : Russia Today
Trs : AZH

# အင်ဒိုနီးရှားနိုင်ငံ မြောက်မာလူကူပြည်နယ်တွင် အိုင်ဘူမီးတောင်ပေါက်ကွဲမှုကြောင့် ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းပေးလျက်ရှိ

**ဂျကာတာ ဇန်နဝါရီ ၁၇**

အင်ဒိုနီးရှားနိုင်ငံ မြောက်မာလူကူပြည်နယ်တွင် အိုင်ဘူမီးတောင် ပေါက်ကွဲမှုကြောင့် ဒေသခံများကို ဘေးလွတ်ရာ ရွှေ့ပြောင်းပေးလျက်ရှိကြောင်း သက်ဆိုင်ရာ အာဏာပိုင်များက သတင်း ထုတ်ပြန်ထားသည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မြောက်မာလူကူပြည်နယ် ဟယ်မာဟီရာကျွန်းပေါ်ရှိ အိုင်ဘူမီးတောင်သည် ဇန်နဝါရီ ၁၁ ရက်က ပေါက်ကွဲမှုစတင်ဖြစ်ပွားခဲ့ပြီး ပေါက်ကွဲမှုများ ဆက်လက်ဖြစ်ပွားနေသဖြင့် အင်ဒိုနီးရှားဘူမိဗေဒအေဂျင်စီက မီးတောင်ဆိုင်ရာ သတိပေးချက်ကို အမြင့်ဆုံးအဆင့်သို့ မြှင့်တင်ခဲ့ပြီး အနီးအနားတွင် နေထိုင်သူ ဒေသခံ ၃၀၀၀ ကျော်ကို ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းက ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးလျက်ရှိကြောင်း၊ ဒေသခံများ ဘေးလွတ်ရာရွှေ့ပြောင်းရေးအစီအစဉ်ကို တာဝန်ရှိသူများက ဇန်နဝါရီ ၁၅ ရက် ညနေပိုင်းက စတင်ခဲ့သော်လည်း မိုးရွာသွန်းခြင်းနှင့် အုပ်ချုပ်ပံ့ပိုးမှုဆိုင်ရာအခက်အခဲများကြောင့် ဇန်နဝါရီ ၁၆ ရက်မှ စတင်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

"မီးတောင်အနီးတစ်ဝိုက်က ဒေသခံတွေကို ဘေးလွတ်ရာ ရွှေ့ပြောင်းပေးဖို့ နေရာတွေကို အုပ်ချုပ်ရေးပိုင်း တာဝန်ရှိသူတွေက ပြင်ဆင်ထားပြီးပါပြီ။ ကျေးရွာခြောက်ရွာမှာနေထိုင်တဲ့ ဒေသခံအားလုံးကို ဘေးလွတ်ရာရွှေ့ပြောင်းပေးမှာပါ"ဟု သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ အာဖန်အိုင်ဒရပ်စ်က ပြောကြားခဲ့ကြောင်း သိရသည်။



အိုင်ဘူမီးတောင်သည် ယခုနှစ် ဇွန်လမှစ၍ လျှော်လှုပ်ခတ်မှုများ မကြာခဏဖြစ်ပွားပြီး မီးတောင်လှုပ်ရှားမှုလည်း သိသိသာသာတိုးလာခဲ့ကာ ယခုနှစ် ဇန်နဝါရီလ ပထမပတ်အတွင်းမှာပင် ပေါက်ကွဲမှုပေါင်း ကိုးကြိမ်ထိ ဖြစ်ပွားခဲ့ကြောင်း သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေး အေဂျင်စီ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားကြောင်း သိရသည်။

Ref : Sputnik News
Trs : AZH

# ဂျပန်နိုင်ငံတွင် လာမည့်နှစ်ပေါင်း ၃၀ အတွင်း ငလျင်အန္တရာယ်ကို ကပ်ဘေးသဖွယ်ရင်ဆိုင်ရဖွယ်ရှိ

**တိုကျို ဇန်နဝါရီ ၁၇**

ဂျပန်နိုင်ငံတွင် နှစ်စဉ်နှစ်တိုင်း ငလျင်အန္တရာယ်ဖြင့် ရင်ဆိုင်နေရပြီး လာမည့်နှစ်ပေါင်း ၃၀ အတွင်း ငလျင်အန္တရာယ်ကို ကပ်ဘေးသဖွယ် ရင်ဆိုင်ရဖွယ်ရှိကြောင်း Japan Meteorological Agency က သတိပေးချက်ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ခန့်မှန်းတိုင်းတာချက်များအရ လာမည့် နှစ်ပေါင်း ၃၀ အတွင်း ငလျင်လှုပ်ခတ်မှု အကြိမ်ရေစိပ်နိုင်ကြောင်း၊ ငလျင်အန္တရာယ်ကို ကပ်ဘေးသဖွယ် ရင်ဆိုင်ရနိုင်သည့် ရာခိုင်နှုန်းမှာလည်း ၈၂ ရာခိုင်နှုန်းထိ ရှိနေကြောင်း၊ ငလျင်လှုပ်ခတ်မှုသည် ပြင်းအား ၈ မဂ္ဂနီကျုမှ ၉ မဂ္ဂနီကျုထိ ရောက်ရှိသွားနိုင်ပြီး ဆူနာမီလှိုင်း အန္တရာယ်များဖြင့် ရင်ဆိုင်ရဖွယ်ရှိနေသည့် လက္ခဏာများ တိုင်းတာတွေ့ရှိကြောင်း Japan Meteorological Agency က ထုတ်ပြန်ခဲ့သည်။

"လာမဲ့ နှစ်ပေါင်း ၃၀ အတွင်းမှာ ဂျပန်နိုင်ငံအနေနဲ့ ငလျင်အန္တရာယ်ကို ကပ်ဘေးသဖွယ် ရင်ဆိုင်ရနိုင်ပါတယ်။ ငလျင်လှုပ်ခတ်မှု အကြိမ်ရေစိပ်နိုင်ပြီးတော့ ငလျင်ပြင်းအားတွေကလဲ ၈ မဂ္ဂနီကျုကနေ ၉ မဂ္ဂနီကျုထိ မြင့်တက်သွားနိုင်တယ်။ ငလျင်အန္တရာယ်ကို ကပ်ဘေးသဖွယ် ရင်ဆိုင်ရနိုင်တဲ့ ရာခိုင်နှုန်းက ၈၂ ရာခိုင်နှုန်းထိ ရှိပါတယ်။ ဆူနာမီလှိုင်းအန္တရာယ်တွေနဲ့လဲ ရင်ဆိုင်ရနိုင်တယ်။ ပစိဖိတ်သမုဒ္ဒရာ ကမ်းခြေတစ်လျှောက် ငလျင်အများဆုံး လှုပ်ခတ်နိုင်ပါတယ်"ဟု Japan Meteorological Agency မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

# တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ ငလျင်ဒဏ်သင့်ပြည်သူများ နေရပ်ပြန်ခွင့်ရသော်လည်း ရေလှောင်တမံများ၏ အန္တရာယ်ရှိနေဆဲဖြစ်

**ပေကျင်း ဇန်နဝါရီ ၁၇**

တရုတ်နိုင်ငံ တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ဇန်နဝါရီ ၇ ရက်က ပြင်းအား ၆ ဒသမ ၈ မဂ္ဂနီကျုရှိသည့် ငလျင်လှုပ်ခတ်ခဲ့ပြီး ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသော ငလျင်ဒဏ်သင့်ပြည်သူများ နေရပ်ပြန်ခွင့်ရသော်လည်း ရေလှောင်တမံများ၏ အန္တရာယ်ရှိနေဆဲဖြစ်ကြောင်း တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ Emergency Management Department က ထုတ်ပြန်ခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ငလျင်ကြောင့် ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရပြီး ယာယီကယ်ဆယ်ရေးစခန်းများ၌ နေထိုင်ခဲ့ရကြောင်း၊ တရုတ်အစိုးရက ပျက်စီးခဲ့သောနေအိမ်များမှ ဒေသခံများအတွက် ယာယီနေအိမ်များဖြင့် ပြန်လည် နေရာချထားပေးပြီး ဒေသခံများကို ကယ်ဆယ်ရေးစခန်းမှ နေရပ်သို့ ပြန်ခွင့်ပြုထားပြီးဖြစ်ကြောင်း၊ ယာယီနေအိမ် ၁၃၀၀၀ ကျော်ထိ တရုတ်အစိုးရ အစီအစဉ်ဖြင့် ဆောင်ရွက်ပေးထားကြောင်း သိရသည်။


ထို့ပြင် ငလျင်ဒဏ်သင့်ဧရိယာအတွင်းရှိ ရေလှောင်တမံ ၁၄ ခုကိုလည်း စစ်ဆေးမှုများပြုလုပ်ခဲ့ရာ ရေလှောင်တမံတချို့မှာ ရေထိန်းစနစ်များ ပျက်စီးသွားသည့်အတွက် သတိထားရမည့်အခြေအနေဖြစ်ကြောင်း၊ အန္တရာယ်ရှိသည့် ရေလှောင်တမံများတွင် လာအန်းရေလှောင်တမံ ပါဝင်နေပြီး ၎င်းရေလှောင်တမံသည် ပျက်စီးမှုအများဆုံးဖြစ်ခဲ့ကြောင်း၊ လာအန်းရေလှောင်တမံရှိ ရေထိန်းစနစ်ပျက်စီးသွားခဲ့ပြီး ရေနုတ်မြောင်းစနစ်တချို့လည်း ပိတ်ဆို့နေသည့်အတွက် ရေလှောင်တမံမှ ရေလျှံကျမှုများအချိန်မရွေးဖြစ်ပေါ်လာနိုင်ကြောင်း Emergency Management Department က သတိပေးချက် ထုတ်ပြန်ခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

ဝတ္ထုတိုကဏ္ဍ

# အဖေပေးတဲ့ အမွေစစ်

**ကျွန်းစဉ်မြေစောခက်**



(၁)

သည်တစ်ခေါက် မောင်တိုးရဲ့ စပါးသယ်ယူမှုဟာ စက်လှေရဲ့ ဦးတည်ရာအရပ်ဆီက မြောက်လေကြမ်းကော ရေကြီးရေထရက်ရေကျချိန်နဲ့ပါ ပက်ပင်းတိုးနေတော့ ပုရွက်ဆိတ်ကလေး ထမင်းတုံးကို ကိုက်ချီနေတာနဲ့လဲတူရဲ့။ ဖောင်ပြေမြစ်ကနေ ကန်ပြင်ကျွန်းကမ်းခြေကိုရောက်လာခဲ့တယ်။ ခရီးတစ်ဝက်ကျိုးခဲ့ပေါ့။ မောင်တိုးမှာ စပါးသယ်ကြတဲ့လယ်သမားတွေကို ရက်စွဲလေးနဲ့ ဘယ်နေ့မှာ ဘယ်လယ်ကွင်းက ဘယ်သူ့စပါးဆိုတာကိုစာရင်းမှတ်ပြီး အလှည့်ကျ စပါးသယ်ပေးရတာလေ။ ဒီနေ့မှာ မောင်တိုးပိုပြီး စိတ်လှုပ်ရှားနေတယ်။ မနက်ဖြန်ဆို နီမောင်တို့တလင်းပြင်က စပါးကို သယ်ပေးရမဲ့အခေါက်လေ။ နီမောင်က ခပ်စွာစွာဆိုတော့ လူတွေက သူနဲ့သိပ်အဖက်မလုပ်ချင်ကြဘူးလေ။ ဒါကြောင့် မနက်ဖြန်မှာ နီမောင်တို့တလင်းက စပါးကိုသယ်နိုင်ရေး အာရုံမှာ စီးမိုးနေတယ်။ ဒီကျရေဟာ တစ်ဝက်လောက်ခန်းသွားပြီမို့ ရေစီးအားပိုပြင်းလာတယ်။ စက်လှေမှာ ရှေ့ကို ဟုတ်တိပတ်တိမတိုးနိုင်တော့ဘဲ ဒီရေအကျနဲ့ ခက်ခက်ခဲခဲစီးချင်းထိုးနေရတယ်။ လှေရှေ့ကိုရွေ့စေလိုတာကြောင့် လှေကို လက်ယာဘက် မြစ်ကမ်းဘက်သို့ ပိုပြီးတိုးကပ်ပေးလိုက်တယ်။

"ဂလွမ်း...ဂလွမ်း... ဖြောင်း...ဖြောင်း...ဒိုင်း" စပါးသယ်လှေက ရေအောက်ခိုင်ကျသစ်ငုတ်နဲ့ထိမိပြီး တက်မရိုးကျိုးခဲ့လေပြီ။ ပဲ့ကိုင်မဲ့တဲ့လှေဟာ အထိန်းမဲ့ဖြစ်သွားပြီးတော့ ချာလပတ်လည်ကာ နောက်ဘက်သို့ ရွေ့ဆင်းသွားပါတော့တယ်။ မောင်တိုးက မြန်လွန်းတယ်။ လှေဝမ်းဗိုက်ဆီ ချက်ချင်းပြေးတက်ပြီး စက်ကိုရပ်ပစ်လိုက်တယ်။ လှေဦးပိုင်းဆီပြေးသွားပြီး လှေကြိုးကိုဆွဲကိုင်လျက် မြစ်ရေပြင်ထဲ ဆင်းကူးလိုက်တယ်။ ကမ်းခြေအရောက်မှာ လှေကြိုးကို သစ်ပင်မှာချည်ပြီး လှေကို ထိန်းလိုက်တယ်။

"မတတ်နိုင်တော့ဘူးဗျာ။ တက်မရိုး ရေအောက်က သစ်ငုတ်နဲ့ထိမိတာကျိုးသွားပြီဗျာ။ ရေပြန်တက်မှ လှော်ခတ်သွားရမှာပဲ"

"ရတယ်လေ ရေပြန်တက်မှပဲ ဝိုင်းလုပ်ကြတာပေ့ါကွယ်"

စပါးရှင်လယ်သမားကြီးက ဖြစ်လာတဲ့အခြေအနေကို အဆင်ပြေသလိုစီစဉ်ကြမယ်ဆိုတဲ့သဘောသည်းခံခြင်းစကားကို ဆိုရှာတယ်။

"မောင်တိုးရေ ဆောင်းညကြီးမှာရေစိုအဝတ်တွေနဲ့ သိပ်အေးနေပြီ။ ရော့ဒီမှာ မင်းအစ်ကိုအဝတ်တွေလဲဝတ်လိုက်ပါ"

လယ်သူမကြီး ဒေါ်ဖြူမေကလဲ အားပေးစကားပြောပြီး သူ့သားအဝတ်တစ်စုံ ထုတ်ပေးလိုက်တယ်။

"အောက် အီး အီး အွတ်"

စပါးလှေပေါ်ပါလာတဲ့ကြက်ဖကြီးက တောင်ပံခတ်ပြီး တွန်သံပေးလိုက်တာဟာ လင်းအရုဏ်ရောက်ခဲ့ပြီဆိုတာ အချက်ပြလိုက်သလိုပါပဲ။ ပင်လယ်ဒီရေပြန်တက်လာခဲ့ပြီမို့ လှေပေါ်ပါလာကြတဲ့ လယ်သမားတွေ သူလှော်ကိုယ်ခတ် ကြိုးစားလိုက်ကြတဲ့အခါမှာတော့ စပါးလှေဟာ ပုံမှန်ပြေးနေပါတော့တယ်။ ခက်တက်တစ်ချောင်းကိုတော့ ပဲ့ကိုင်တက်မအဖြစ်အသုံးပြုကာ မောင်တိုး ပဲ့ကိုင်ပေးလိုက်တယ်။ မောင်တိုးတို့ စပါးသယ်လှေဟာ သရက်တောင်ရွာကို ရောက်ခဲ့ပါလေတော့တယ်။

ရွာဆိပ်ကမ်းကိုလှေဆိုက်သည်ဆိုရင်ပဲ မောင်တိုး အိမ်ကို ခပ်သွက်သွက်ပြေးတက်လိုက်ပါတော့တယ်။

"သားလှေ သစ်ငုတ်မှာထိမိလို့ တက်မရိုးကျိုးလာခဲ့တယ်။ ရေပြန်တက်လာတော့မှ လယ်သမားတွေ ဝိုင်းကူလှော်ခတ်ပေးကြလို့ ရောက်လာခဲ့တာပါ။ အဖေ့ကိုပြောပေးပါ အမေရယ်။ သားဖျားလာတယ် အမေ။ အအေးမိပြီး အဖျားဝင်သွားတာပါ"

"ဟင်...သား အဲလိုဆို အိမ်ပေါ်တက်လိုက်လေ အမေ ဆေးဆရာသွားပင့်လိုက်မယ်"

ဒေါ်မြနှင်း သားလေးရဲ့အဖြစ်အပျက်ကို ဆရာကြီး ဦးအောင်ကျော်ကို ပြောပြလိုက်တယ်။ အဖေကလဲ လက်သမားဆရာသွားခေါ်ပြီးပြင်ခိုင်းရာ လက်သမားဆရာကြီး ကြိုးစားလုပ်ဆောင်လိုက်တဲ့အခါ နေ့လယ်လောက်မှာပင် တက်မတစ်ချောင်း ကောင်းကောင်းဆောင်ရွက်ပေးလိုက်နိုင်ပါတော့တယ်။

"ဆရာကြီးခင်ဗျား ဆရာကြီးကို အားလဲနာပါတယ်။ ဒီနေ့ညနေ ကျွန်တော်တို့ တလင်းပြင်က စပါးကိုသယ်ပေးဖို့ မောင်တိုး စာရင်းမှတ်ထားတာ ရှိပါတယ်။ အဲဒါ ညနေ မဖြစ်မနေဆင်းရမှာနော် ဆရာကြီး။ အခု မောင်တိုးဖျားနေပြီကြားတယ်။ ဘယ်လိုလုပ်ကြမလဲ"

"မောင်နီမောင်ရေ ဆရာကြီး အကုန်နားလည်တယ်။ ညနေရေကျရင် မဖြစ်မနေဆင်းပေးမယ်လေ"

ဆရာဦးအောင်ကျော်ဟာ လှေကို နေ့လယ်ကတည်းကပင် ရေနေချောင်းကြီးကို ဆုတ်ထားလိုက်တယ်။

(၂)

"အဖေကြီးကိုယ်တိုင် ဆောင်းတွင်းကြီးမှာ ရေထဲဆင်းလို့ဖြစ်ပါ့မလား။ ချောင်းခြောက်ဆိုးနေတာလဲ နှစ်ပတ်တောင်ရှိပြီ"

"ရပါတယ်ကွာ ကိုယ့်သားအလုပ်ကို ကိုယ်မလုပ်ရင် ဘယ်သူလုပ်မလဲ။ ဒီလိုဆောင်းညကြီးမှာ အချိန်မတော် ရေထဲဆင်းပြီး ဘယ်သူလုပ်နိုင်မလဲ"

လမိုက်ညမို့ မှောင်နေတယ်။ လှေဆိပ်အရောက်မှာအသစ်လုပ်ထားတဲ့တက်မကိုလှေကလေးပေါ်တင်ပြီး ရေနေချောင်းကြီးထဲရောက်နေတဲ့ စပါးသယ်လှေဆီ လှော်ထွက်လာခဲ့ကြတယ်။ ရေနေချောင်းကြီးအရောက်မှာ တက်မတင်ထားတဲ့လှေကလေးကို စပါးသယ်လှေမှာတွဲချည်လိုက်ပြီး ဇနီးဖြစ်သူဒေါ်မြနှင်းကို လှေပေါ်သို့တက်ခိုင်းလိုက်တယ်။ ဦးအောင်ကျော်က ဒေါ်မြနှင်းကို ပဲ့စင်တက်မပေါက်မှတစ်ဆင့် ကြိုးတစ်ချောင်းကို ထိုးချခိုင်းလိုက်ပြန်တယ်။ ဆရာကြီး ဦးအောင်ကျော် ကြိုးကိုဆွဲယူပြီး လှေကလေးပေါ်ရောက်နေတဲ့ တက်မသပ်ရိုက်ပေါက်မှာ ချည်ထားလိုက်တယ်။ ကြိုးချည်ပြီးတာနဲ့ တက်မကို ရေထဲလိမ့်ချလိုက်ရာ မြုပ်ဆင်းသွားပါတော့တယ်။ ဒါပေမဲ့ စက်လှေပေါ်ရောက်နေတဲ့ ဒေါ်မြနှင်းဟာ ကြိုးစကို စက်လှေအမိုးတိုင်မှာ ချည်ထားတာကြောင့် အဝေးကို လွင့်စဉ်မသွားတော့တာလေ။

ဦးအောင်ကျော်ဟာ လှေကလေးပေါ်ကနေ ချောင်းရေပြင်ထဲဆင်းလိုက်တဲ့အခါမှာ အအေးဒဏ်ကို ဆိုးဆိုးရွားရွား ခံစားလိုက်ရပါတော့တယ်။ သားသမီးဆိုတဲ့ သံယောဇဉ်ကြောင့်ပေမို့လားမသိ ဆရာကြီးဦးအောင်ကျော်ဟာ အထွေအထူးတုန်လှုပ်ခြင်းမရှိဘဲ ချောင်းရေပြင်ထဲကူးခပ်ကာ တက်မရိုးသွင်းမဲ့အလုပ်ကို ကြိုးစားလိုက်တယ်။ ဒေါ်မြနှင်းချည်ကြိုးကို ဆွဲတင်လိုက်တဲ့အခါမှာ တက်မရိုးမြင့်တက်လာတာကြောင့် ဦးအောင်ကျော် လှမ်းကိုင်လိုက်တယ်။ ခဏအကြာမှာ ကူးခပ်လျက်ပဲ တက်မပေါက်ကို ထိုးသွင်းလိုက်နိုင်တော့တယ်။ ဒီရေကခပ်ပြင်းပြင်းတက်နေတာကြောင့် အပေါက်ဝနဲ့လွဲပြီး ချော်ထွက်နေတယ်။ သုံးကြိမ်တိတိကြိုးစားလိုက်မှ အောင်မြင်သွားတော့တယ်။ ဒေါ်မြနှင်းကလဲ အသက်ငါးဆယ်ကျော်နေပေမဲ့ အားကောင်းမောင်းသန်အာဂမိန်းမသားမို့ တက်မရိုးကို လှေပဲ့စင်ထိရောက်အောင် ဆွဲယူလိုက်နိုင်ပါတော့တယ်။

"အဟွတ် ဟွတ် ဟွတ်"

"အဖေကြီး တအားမောနေပြီ"

"မောတော့မောတာပေ့ါဟာ ဖြစ်အောင်ကြိုးစားရတာပဲ။ အဆင်မပြေရင် ပြဿနာဖြစ်မှာလေ"

ဆရာကြီးဦးအောင်ကျော် စပါးသယ်လှေပေါ်ကို ရောက်လာပြီး တက်မရိုး ခါးလယ်လောက်က သပ်ရိုက်ပေါက်မှာ ထူထူပြားပြား သပ်ချောင်းကို ထိုးထည့်လိုက်ခြင်းဖြင့် တက်မရိုးကို ထိန်းချုပ်သွားနိုင်ပါတော့တယ်။ တက်မရိုးရဲ့ထိပ်ပိုင်း သပ်လျှိုပေါက်မှာ သစ်သားပြားထူထူကို ထည့်သွင်းတဲ့အခါမှာ လှေကို ဘယ်ညာလှည့်ကာ ထိန်းချုပ်နိုင်တဲ့ တက်မတစ်ချောင်းကို ကောင်းကောင်းအကောင်အထည်ဖော်လိုက်နိုင်ပါတော့တယ်။

(၃)

"အဖေရယ် သားနေထိုင်မကောင်းတုန်း အဖေပဲနေမကောင်းရာကနေ ကိုယ်တိုင်လှေလိုက်ပေးတာ ကျေးဇူးတင်လိုက်တာဗျာ။ ဘယ်လိုပြောရမှန်းတောင်မသိတော့ဘူး"

"အထွေအထူး ဘာမှပြောနေဖို့မလိုဘူး။ မိဘနဲ့ သားသမီးဒီလိုပဲ။ ဖြစ်ပျက်မှုအကြောင်းတရားပေါ်မူတည်ပြီး ကျေးဇူးတင်၊ ကျေးဇူးဆပ်ဆိုတာ ဖြစ်လာရတာပေ့ါကွယ်။ သားကို အဖေတစ်ခုပြောကြည့်မယ်"

"ပြောပါ အဖေ"

"သားဆယ်တန်းအောင် ဘွဲ့ရဆိုတဲ့ဘဝမျိုးရအောင် ကြိုးစားစေချင်တယ်ကွယ်။ ဒါမှ အဖေ၊ အမေတို့လဲ သားကိုပြုစုပေးရာရောက်မယ်။ သားလဲ အဖေ၊ အမေတို့ကျေးဇူးတရားကို တန်ဖိုးထားရာရောက်တာပေ့ါကွယ်"

"စိတ်ချပါအဖေ သားဖြစ်အောင်ကြိုးစားပါ့မယ်။ သားအားတဲ့အချိန်တိုင်း စာတွေကို လေ့လာဖတ်ရှုနေပါတယ်။ တကယ် စာမေးပွဲပြန်ဖြေမယ်ဆို ပြန်နွှေးလိုက်ရုံပဲ အဖေ"

(၄)

မောင်တိုး လယ်ကွင်းပြင်ရောက်ရင်လဲ စာဖတ်တယ်။ စက်လှေပေါ်ရှိနေလဲ တွက်ချက်တယ်။ အောင်မြင်မှုအတွက်ကြိုးစားတာဟာ အခရာပဲလေ။ အခြေအနေပေးတဲ့ ကာလတစ်ခုမှာ မြေပုံစာစစ်ဌာနမှာ (အပြင်ဖြေ)နဲ့ဝင်ဖြေလိုက်တဲ့အခါ အခြေခံပညာအထက်တန်းစာမေးပွဲကို မောင်တိုး (ခ)အဆင့်နဲ့ အောင်မြင်ခဲ့ပါလေတော့တယ်။

ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၊ မူလတန်းပြ ကျောင်းဆရာ(ဆွဲခန့်) ခန့်စာလေးကို မောင်တိုးဟာ အဖေကျောင်းအုပ်ဆရာကြီး ဦးအောင်ကျော် လက်ထဲထည့်ပေးလိုက်ပါတော့တယ်။

''ဒါမှ အဖေ့သားကွ။ ဒါက အဖေပေးတဲ့ အမွေစစ်ပဲ"

အရယ်အပြုံးချမ်းသာတဲ့ ဆရာကြီးကတော် ဒေါ်မြနှင်း သွားတက်လေးပေါ်အောင် ပြုံးရယ်ရင်း မိသားစုဘဝအလှတရားတွေ ဖြာဝေနေပါတော့တယ်။

# ကန်ကြီးထောင့်မြို့နယ်တွင် မိုးစပါး ၁၃၁၈၅၆ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ် တစ်ဧက စပါးတင်းရေ ၉၉ ဒသမ ၇၅ တင်းထွက်ရှိ



**ပုသိမ် ဇန်နဝါရီ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့် မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးထားသည့် စပါး ၁၃၁၈၅၆ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန်ကြီးထောင့်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၄၃၉၇၁ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သည့် စပါးခင်းများကို အောက်တိုဘာလ ပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ စပါး ၁၃၁၈၅၆ ဧကရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း၊ အဆိုပါရိတ်သိမ်းခဲ့သည့်စပါး တစ်ဧကလျှင် ၉၉ ဒသမ ၇၅ တင်းထိ ထွက်ရှိခဲ့ကြောင်း သိရသည်။

"ကန်ကြီးထောင့်တစ်မြို့နယ်လုံးအနေနဲ့ စပါးဧက ၁၄၃၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနက စပါးတွေကို အခက်အခဲမရှိ စိုက်ပျိုးနိုင်စေဖို့ စိုက်နည်းစနစ်တွေ မှန်ကန်စေဖို့နဲ့ မြေဆီလွှာပြုပြင်တဲ့လုပ်ငန်းတွေကို ကွင်းဆင်းသရုပ်ပြခြင်း၊ ရွှေခရု ကာကွယ်နှိမ်နင်းခြင်း လုပ်ငန်းတွေဆောင်ရွက်ပေးခြင်း၊ ဓာတ်မြေဩဇာအသုံးပြုနည်းစနစ်များမှန်ကန်စေရန် ဆောင်ရွက်ပေးခြင်းစတဲ့ နည်းပညာပေးလုပ်ငန်းတွေကို ကြိုတင်စီမံဆောင်ရွက်ပေးခဲ့ပါတယ်။ မိုးစပါးစိုက်ပျိုးရာသီမှာ အရည်အသွေးနဲ့ ဈေးကွက်ဝင် စပါးမျိုးတွေကို အဓိက စိုက်ပျိုးခဲ့ပါတယ်။ စပါးတွေ စောစောစိုက်ပျိုးနိုင်ခဲ့လို့ မိုးလွတ်လေလွတ်နဲ့ ပြန်လည်ရိတ်သိမ်းဆောင်ရွက်နိုင်ခဲ့တာပါ" ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

ကန်ကြီးထောင့်မြို့နယ်၌ စပါးစိုက်ပျိုးရာတွင် စပါးများကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံအတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပြည်ပပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ပြီး ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပြီး ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မား တိုးတက်လာမည်ဖြစ်သည့်အတွက် စပါးများအထွက်နှုန်း တိုးတက်ကောင်းမွန်စေရေး ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးထုတ်လုပ်ရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ကလေးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၉၁၅၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ကလေး ဇန်နဝါရီ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၉၁၅၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ဧက ၁၃၆၆၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၉၁၅၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကလေးမြို့နယ်မှာ ပဲတီစိမ်းဧက ၁၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၉၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့နဲ့ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ပညာပေးတာတွေ ရှိပါတယ်"ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထွန်းဝင်းက ပြောပြသည်။

ကလေးမြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ပဲတီစိမ်းသီးနှံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်သဖြင့် လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းများ အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထွန်းဝင်းထံမှ သိရသည်။ (၂၀၆)

# စလင်းမြို့နယ် မဲရွာကျွန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စလင်း ဇန်နဝါရီ ၁၇**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မဲရွာကျွန်းကျေးရွာ၌ အဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဇန်နဝါရီ ၁၆ ရက် မွန်းလွဲ ၁ နာရီက အဆိုပါကျေးရွာဓမ္မာရုံ၌ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်း လည်ပတ်ဆောင်ရွက်ပုံအဆင့်ဆင့်၊ စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ အရင်းအတိုးပေးဆပ်ရမည့် ကာလများနှင့် ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၉ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက မဲရွာကျွန်းကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၁ ဦးကို ငွေကျပ် ၃၉ သန်း ထုတ်ချေးပေးခဲ့ကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်ထံမှ သိရသည်။

**သန်းသန်းစိုး**

## တန်ဖိုးထားလေ မြန်မာ့စာပေ

\- စာပေမြင့်မှ လူမျိုးတင့်
ဇမ္ဗူတစ်ရိုးဝင့်တဲ့ တို့စာပေ၊
ဗျည်း၊ သရတွေ ပေါင်းစပ်လို့
ကောင်းမြတ်တဲ့ခြေ၊
စာတစ်လုံးချင်းက အဓိပ္ပာယ်တွေ
မဆိတ်ကွယ်စေအောင် အလေးထား၊
မြန်စာကို မြန်အမျိုးချစ်မှ
မြန်တန်ခိုးသစ်ပွား။

\- ခုတော့လျှင် တလွဲမှား
မျက်နှာလွှဲထားလို့ ခဲပစ်သလို၊
အလွယ်တကူ အလေးမထား
ရေးသားပေသကို၊
စနောက်လို့ အလျှိုလျှို
လိုသလို သုံးကာစွဲ၊
သတ်ပုံတွေ အများရှက်အောင်
မှားလျက်နေဆဲ။

\- ပြုံးစရာ ဟာသပဲရယ်လို့
စာအလှတလွဲ မဆင်စေချင်၊
မြန်မာ့စာဂုဏ် အပြည့်အဝလို့
သိကြဖို့ပင်၊
တို့ဘိုးဘွား ဘီဘင်
တီထွင်တဲ့ မြန်မာစာအလှ၊
ခေတ်တိုင်းမှာ တစ်ထီးတစ်နန်း
စည်းကမ်းကျန။

\- ကိုလိုနီ နယ်ချဲ့သမျှ
ကွယ်ခဲ့အလှ မြန်မာ့စာ၊
အင်္ဂလိပ်လို အရေးအဖတ်နဲ့
မြန်မာဆို မတွေးအပ်သလို
အလေးမြတ်မယူပါ၊
မျိုးချစ်တဲ့ တိုင်းမြန်မာ
လှိုင်းပမာ တလိမ့်လိမ့်ကြိုး၊
မြန်စာပေ ဘုံတစ်လျှောက်
ဂုဏ်မြောက်ခဲ့ တန်ခိုး။

\- ဘိုးဘွားတွေ အဆင့်ဆင့်ပျိုးလို့
အမြင့်ဝင့်မိုးတဲ့ မြန်မာ့စာပေ၊
တို့ခေတ်မှာ တန်ခိုးပျောက်ဖို့
မညှိုးခြောက်သင့်ချေ၊
လက်ဆင့်ကမ်း ထမ်းကြလေ
နန်းအလှပြည့် စာပေအကျိုး၊
စည်းကမ်းတကျ သင်
နည်းလမ်းတကျ ထွင်လို့
မြန်မာ့စာလျှင် မပျက်ရအောင်
အိုကွယ်...
အသက်တမျှ မြတ်နိုး။ ။

**လွမ်းလေးကို(သရက်)**

# ဆရာကြီးသခင်ကိုယ်တော်မှိုင်းနှင့် မဟာလေးချိုးကြီးကဗျာများ (၂)

**ပြေအေးသက်**

မစ္စတာမောင်မှိုင်းအမည်ဖြင့် ရေးသားသည့် ဗိုလ်ဋီကာဆောင်းပါးများတွင် ဇာတိသွေး ဇာတိမာန်များ စိမ့်ဝင်နေသည်ဟု ဆိုရပေမည်။ အဘယ်ကြောင့်ဆိုသော် ၁၈၂၄ ခုနှစ် အင်္ဂလိပ်-မြန်မာပထမစစ်ကစ၍ တစ်ပါးကျွန်ဖြစ်ခဲ့ရာ ထိုမှသည် ၁၉၁၃-၁၉၁၄ ခုနှစ်ခန့် နှစ်ပေါင်း ၉၀ ခန့်အကြာတွင် ဇာတိသွေး ဇာတိမာန်တို့ပါးလျှန္တမ်းယွဲ့လာပြီဖြစ်သည်။ ထို့ပြင် လက်ရုံးရည်တို့လည်း နည်းပါးလာကာ နှလုံးရည်ကိုပါ ထိခိုက်လာပြီး အမျိုးဘာသာ သာသနာတို့ပါ ယိုယွင်းလာသည့် အခြေအနေမို့ ဆရာကြီးက အဆိုပါဗိုလ်ဋီကာဖြင့် ဇာတိသွေးဇာတိမာန်ကို နှိုးနေရခြင်းဖြစ်သည်ဟု ဆိုရပေမည်။ ဆရာကြီးက ဗိုလ်ဋီကာတွင် ဆောင်းပါး၊ အကြောင်းအရာ၊ ပေးစာ၊ ပြောကြားချက်၊ ရေးသားချက်၊ ဖြေကြားချက်များ ၂၈ စောင်ကို စကားပြေတစ်လှည့် ကဗျာတစ်လှည့်ဖြင့် ရေးသားဖွဲ့နွဲ့ခဲ့ရာ ကဗျာအလှည့်တွင် ကိုယ်တိုင်စပ်ဆိုသည်ရော အခြားစာဆိုများစပ်ဆိုထားသည်ကို ထည့်သွင်းခဲ့သည့်အပြင် မဟာလေးချိုးကြီးကဗျာများကိုမူ ကိုယ်တိုင်စပ်ဆိုခဲ့သည်။

**ဗိုလ်ဋီကာ**

ဗိုလ်ဋီကာစာအုပ်တွင် ဆရာကြီးကိုယ်တိုင်ရေး မဟာလေးချိုးကြီး ကိုးပုဒ်၊ လေးချိုးသဖြန် ကိုးပုဒ်၊ လေးချိုး ခြောက်ပုဒ်၊ ဒွေးချိုး ရှစ်ပုဒ်၊ တေးထပ် ၁၁ ပုဒ်၊ ငိုချင်း တစ်ပုဒ်နှင့် စုစုပေါင်း ကဗျာ ၄၄ ပုဒ်ပါဝင်ရေးစပ်သီကုံးထားသည့်အပြင် ရေးစာဆိုများ၏ လေးချိုးသဖြန် နှစ်ပုဒ်၊ လေးချိုး ရှစ်ပုဒ်၊ တေးထပ် ၂၆ ပုဒ်၊ အိုင်ချင်း နှစ်ပုဒ်၊ လွမ်းချင်း နှစ်ပုဒ်၊ ဒုံးချင်း တစ်ပုဒ်၊ သီချင်းကြီး တစ်ပုဒ်၊ မေတ္တာစာ နှစ်ပုဒ် စုစုပေါင်း ၄၄ ပုဒ် ထည့်သွင်းထားသဖြင့်စာကဗျာများဖြင့် ထုံမွမ်းနေသော ဋီကာကြီးဟု ခေါ်ရပေမည်။ ထိုထဲတွင် ခေတ်အခြေအနေ၊ လတ်တလော မျိုးချစ်စိတ်နှင့် ဇာတိမာန်စိတ်တက်ကြွဖွယ်ရာ ဖော်ထုတ်ချက်များ၊ ဗဟုသုတရဖွယ်ရာများနှင့် ဒေသန္တရဆိုင်ရာအချက်များ စုံလင်စွာ ပါဝင်ပေသည်။ ဗိုလ်ဋီကာထဲမှ အညာမင်္ဂလာဆောင်ဖွဲ့ စာထောင့်လေးချိုးကြီးသည် ယခုအခါ ဒွာဒသမတန်း မြန်မာစာတွင် ပြဋ္ဌာန်းသင်ကြားနေပေသည်။ ထို့ပြင် ဗိုလ်ဋီကာမှ ထုတ်နုတ်ထားသည့် "အညာမြေဌာနဟောင်းဆီက" ဟူသည့် စကားပြေမှာလည်း နဝမတန်းမြန်မာစကားပြေတွင် ပြဋ္ဌာန်းသင်ကြားနေပေသည်။

**အညာမင်္ဂလာဆောင်ဖွဲ့ စာထောင့်လေးချိုးကြီး**

အဆိုပါ စာထောင့်လေးချိုးကြီးသည် ကိုလိုနီခေတ်တွင် အထက်အညာဒေသနေ တောင်သူလယ်သမားများဘဝ၊ အဘိုးအဘွား၊ မိဘဆွေမျိုး ညာတကာတို့၏ မေတ္တာနှင့် ထိုခေတ်ထိုအခါက အကြွေးသံသရာကြောင့် မြေလွတ်ယာလွတ် ဖြစ်ကြရပုံကို မီးမောင်းထိုးပြရေးဖွဲ့ထားပေသည်။ "ကျုပ်တို့အညာမှာ မင်္ဂလာတစ်မျိုးသာပ၊ အဟုတ်ဗျို့ ဓမ္မတာအစဉ်အလာ မညှိုးခဲ့ပေဘု၊ အရိုးသမကျရှေးလိုပ အဘွားကလဲ ကျီတစ်ဆောင်၊ (ကိုမင်းရာရယ်) အမျိုးကလဲ မသေးပေဘု၊ အဘိုးအဖနှင့်တကွ မေးကြပါတော့၊ တစ်မျိုး ငါ့မြေးဖို့ရယ်လို့(အိုကွယ်) အဘိုးက ပေးလိုက်ပါတဲ့ နွားညီနောင်။ ဩော် အမိအဖတို့ကလဲ၊ ပြည့်ပြည့်ဝဝတွေမို့၊ ရှိသမျှကုန်ချင်ကုန်ရှော့လို့၊ မယုံရင် ကြုံလျှင်မေးပါတော့၊ အလုံတစ်ခွင်မှာ ဂုဏ်အင်ကလဲ မသေးပါဘု၊ မုံရွေးကြေးမုံ ချောင်းဦးနယ် တစ်လွှားဆီက၊ အလုံကျေးအကုန်မှာ ပြောင်းဖူးသည်တွေက များလိုက်ပါဘိသနှင့်၊ ဆွေသားရင်းချာ ညာတကာမိတ်တို့ကိုလ၊ အဖေသွားရင်းသာ လာစရာဖိတ်ခဲ့တာနှင့်၊ ညအိပ်ညနေခြံစရာ အကွက်ဖျင်စောင် နှစ်ခုငဲ့ပြင်၊ ဂုံပဝါပါတဘက်နှင့် ခြင်ထောင်ကလဲ တစ်ခုစီပေ့ါ၊ လုပ်မှုကိုင်ဖွယ် တောလယ်ယာတစ်ခင်းငဲ့ပြင်၊ ပြောင်းခင်းတစ်စလယ်ဝင်နှင့် လယ်တစ်ရှင်စပါးနှစ်ဆယ်ထွက်ကိုလ၊ (ကိုမင်းရာရယ်) ရှေးအဆက်ဆက် အကြွေးတက်တက်ပြီး၊ အဝေးမထွက်ရအောင်လို့တဲ့ ကွယ်၊ ပေး လက်ဖွဲ့နှောင်။

လမ်းချိုးအရှေ့က စမ်းရိုးအကွေ့ ခယောင်းယာမှာ၊ (ဟောသည်က) အထုပ်တွေ့ဖြေဖြေပြီး၊ အကုန်သာ ကြွဲလေရှော့ဟဲ့လို့ ခရမ်းမျိုးစေ့၊ ကောင်းစွာရေတ် ဂျုံ ကုလားပဲသာပ နှမ်းမျိုးသွေ့သွေ့ ပြောင်းဝါပြေပြုပ် ဖရုံပါ ဖရဲငဲ့ပြင် ထမ်းပိုး၍ရောင်းစရာ အထုပ်မုန့်လာ ခဝဲတွေနှင့် အလုပ်စုံစရာကပဲရယ်လို့ များလက်ဆောင်၊

**❖ဗိုလ်ဋီကာစာအုပ်တွင် ဆရာကြီးကိုယ်တိုင်ရေး မဟာလေးချိုးကြီး ကိုးပုဒ်၊ လေးချိုးသဖြန် ကိုးပုဒ်၊ လေးချိုး ခြောက်ပုဒ်၊ ဒွေးချိုး ရှစ်ပုဒ်၊ တေးထပ် ၁၁ ပုဒ်၊ ငိုချင်း တစ်ပုဒ်နှင့် စုစုပေါင်း ကဗျာ ၄၄ ပုဒ်ပါဝင် ရေးစပ်သီကုံးထားသည့်အပြင် ရေးစာဆိုများ၏ လေးချိုးသဖြန် နှစ်ပုဒ်၊ လေးချိုး ရှစ်ပုဒ်၊ တေးထပ် ၂၆ ပုဒ်၊ အိုင်ချင်း နှစ်ပုဒ်၊ လွမ်းချင်း နှစ်ပုဒ်၊ ဒုံးချင်း တစ်ပုဒ်၊ သီချင်းကြီး တစ်ပုဒ်၊ မေတ္တာစာ နှစ်ပုဒ် စုစုပေါင်း ၄၄ ပုဒ် ထည့်သွင်းထားသဖြင့် စာကဗျာများဖြင့် ထုံမွမ်းနေသော ဋီကာကြီးဟု ခေါ်ရပေမည်။ ❖**

**စာထောင့်လေးချိုးကြီး**

လေးချိုးကြီးတွင် ရှေးလေးချိုးကြီးနှင့် ကာလပေါ်လေးချိုးကြီးတို့ရှိပေသည်။ ကာလပေါ်လေချိုးကြီးတွင် စာထောင့်လေးချိုးကြီးနှင့် စာဖြောင့်လေးချိုးကြီးတို့ခွဲထားရာ ဤအညာမင်္ဂလာဆောင် စာထောင့်လေးချိုးကြီးကဗျာတွင် လေးချိုး(စတုချိုး) တို့၏ထုံးစံအတိုင်း အချိုးလေးချိုးပါကာ ပထမအပိုဒ်နှင့် တတိယအပိုဒ်တို့တွင် စာကြောင်းရေသုံးကြောင်းမှ ခုနစ်ကြောင်းခန့် ဖွဲ့ကြပြီး ဒုတိယအပိုဒ်နှင့် စတုတ္ထအပိုဒ်တို့တွင်သာ စာကြောင်းရေများစွာ အလိုရှိသ၍ ဖွဲ့နိုင်သော်လည်း စတုတ္ထအပိုဒ်ကမူ ဒုတိယအပိုဒ်ထက် စာကြောင်းရေ ပိုများစွာထား၍ ဖွဲ့လေ့ရှိကြသည်။ စာကြောင်းများတွင် အက္ခရာစာလုံးရေအားဖြင့် ဒုတိယအပိုဒ်အဆုံး၌ စာလုံးရေလေးလုံးနှင့် စတုတ္ထအပိုဒ်အစတွင် စာလုံးရေ သုံးလုံး သို့မဟုတ် လေးလုံးထားကြပြီး ကျန်အပိုဒ်များရှိ စာကြောင်းများတွင် စာလုံးရေအား ခြောက်လုံးမှ ၁၆ လုံးခန့်ထိထား၍ ရေးဖွဲ့ကြသည်။ အပိုဒ်အဆုံး၌ နှစ်ထပ်ကျော့၍ချခြင်းကို စာထောင့်ဟုခေါ်ပြီး နှစ်ထပ်ကျော့လေးချိုးဟုလည်း ခေါ်ကြသေးသည်။ ထိုကဲ့သို့ နှစ်ထပ်မကျော့တော့ဘဲ ရေးရိုးရေးစဉ်အတိုင်း တစ်ထပ်တည်းသာချလျှင် စာဖြောင့်လေးချိုးကြီး ဖြစ်ပေသည်။

**ဂုဏတ္တပကာသနီလေးချိုးကြီး**

ဗိုလ်ဋီကာထဲတွင်ပါဝင်သော ဤလေးချိုးကြီးသည်လည်း ချက်ကျလက်ကျဖြင့် ပြသနာရှင်းပြပုံက ထိမိလှပေသည်။ ဆရာကြီး၏လေးချိုးကြီးများသည် နဘေကလည်း ပြောစရာမလို ထပ်ဟပ်နေသဖြင့် ဘယ်လိုပင်ဖတ်ဖတ် ဌာန်ကရိုင်းကျကျနှင့် ရွတ်ဆို၍ကောင်းလှပေသည်။ "ကောင်မလေးနှယ် ရိုးပုံနှင့်လှသူရဲ့၊ တတောင်က မဝေးသဟယ် တမျိုးတဖုံထပြန်ပေ့ါ၊ ဆိုးဂုဏ်မပြချင်နှင့် (တင်)၏ သဘွယ်၊ (မယ်တင့်ရယ်) ဟောသည် ပုဆိုးခပုံ မပါလို့ ပြင်မိတယ်။ ...မင်းတို့ ဉာဏ်အမြင် တမိုက်တထွာရယ်နှင့်၊ ငြင်းဖို့ဖန်လျှင် မိုက်ရာကျလိမ့်မယ်၊ စရိုက်သဘာဝရယ်က ကျမ်းဂန်နှယ်၊ အို...မန်းသံထယ်ထယ်နှင့် မာနတက်စရာအများ၊ (တင်တင်ရယ်) အရမ်းထန်မဟယ်ဖြင့် ဗာလ လက္ခဏာတစ်ပါး။ ....အမယ်မင်း ဓမ္မောသထ သူ့အခြေ ရတနာတစ်ပါးပေမို့ ဟောရလိမ့်မကွဲ့ သုတေသနအများတို့ရဲ့၊ အိုမယ်တင့်ရဲ့ စောဒကတို့ရဲ့ ထုချေလွှာတွေ သနားလှချည်ရဲ့၊ သဘောမကျရှာတဲ့ ဥပဒေ ဘာဝနာသမားတွေနဲ့၊ (တင့်တင့်ကိုကွယ်) (law)လောပြလို့ ယခုဖြေစရာတွေအများ။"

**စီးပွားရေးကဗျာ မဟာသီချင်းကြီး**

"မရေးတာ ရှည်ကြာလှသော်လဲ၊ ဘေးဘယာ ထွေရာဖြင့် မခပေဘု၊ မအေသဟာတွေကို သေသေချာချာပြလိုက်မယ်ပ၊ တပြေတရွာမှ ငွေအသပြာ ရစေဖို့၊ မနေသာသပ ဖွေရှာရပေမဲ့ (ဘိုးညာဏရယ်) အဆွေသဟာယတို့ရယ်တဲ့ မမေ့ပါ။ (ဩော်) မယားချစ်လိုက်ရတာကလဲ၊ မသွားဖြစ်နိုင်ဘု အနားမှာ ရစ်ရစ်ပြီးတော့၊ တဖဝါးမှ မပစ်ချင်ပေမဲ့လည်း၊....တန်ခိုးကြွေ့ကြွေ့ ဖြိုးလွေ့လွေ့နှင့်၊ မညှိုးမသွေ့ရအောင်တဲ့၊ (မမကလေးရယ်) ကြိုး၍ဖွေရှာ။ .....ပိုးဖဲကတ္တီပါတွေရယ်နဲ့ ခဏခဏယဉ်စေသတည်း၊ (မကြီးရေ) မိုးထဲက ဘရဏီလိုပ လှစေချင်အပြီး။ ...မိုးသဲသဲ ရွာသနဲ့ မြူမှောင်တွေကလဲ ဆီးပြန်တော့၊ တမျိုးမျိုး ဘာနဲ့ဘဲတဲ့တဲ့ဟဲ့လို့ မက်သည့် သူယောင်အသီးတို့ကြောင့်၊ ဩော် ပုဆိုးမှလဲ မလဲနိုင်ဘု အကွက်မရှိတဲ့ အဖြူနှစ်တောင်ဆီးပါလို့(ဟောဒီက ကိုမှိုင်းမှာကွယ်)ထိုးရပါသကွဲ့ အဂ္ဂိ ပူလောင်လောင်မီး။"ဟူ၍ ဖွဲ့နွဲ့ထားရာ ဤကဗျာ မဟာသီချင်းတွင် ဆရာကြီးသည် ပုတ္တဒါရဿ သင်္ဂဟောဆိုသည်နှင့်အညီ သားမယားတို့ကို ပံ့ပိုးခြင်းသည် မင်္ဂလာမည်ကြောင်း ရည်ညွှန်းဖွဲ့ဆိုထားသည်ဟု ဆိုရပေမည်။

**အဖြူအဝါလမ်း လေးချိုးကြီး**

"မက်လည်းမက်စရာ လူတကာကို ဖမ်းနေကျ၊ လက်ဝဲ လက်ယာ အဖြူအဝါ နှစ်လမ်းရယ်ကြောင့်၊ ရှက်လည်းရှက်ပကွာ လူမှာဖြင့် နွမ်းလှပေ့ါ၊ အမျိုးမျိုး အခမ်းခမ်းကြိုးကြိုးပမ်းပမ်းရယ်နှင့်၊ ထိုးထိုးစမ်းပေမဲ့(မမကလေးရယ်)မိုးကြိုးလမ်းကိုမှ မဖြစ်ပါ။.... ဂနိုင်တစ်ခွင် မဟီလေ ဝနာကဘားဆီက၊ ဝိုင်အမ်ဘီအေ ဆရာဘွားတို့ကိုလ၊ မကြာမကြာဘဲ သနားလိုက်ပါတဲ့ မိတ်ကလျာကို၊ အို အတိတ်အခါလိုဖြင့် ဂုဏ်ရည်မလန်း၊ (ဦးသူတော်ရယ်) စိတ်မပါတပါနှင့် အလုံဆီကိုလွမ်း" ဟူ၍ရေးဖွဲ့ခဲ့ရာ ဆရာမှိုင်းအနေဖြင့် အဂ္ဂိရတ်ထိုးသော်လည်း မိုးကြိုးမှမဖြစ်၍ စိတ်ညစ်ရကြောင်း၊ ဝိုင်အမ်ဘီအေက ဆရာဘွားလည်း အရင်လို ဂုဏ်ရည်မလန်းကြောင်း၊ ရွှေဖြစ်အဝါလမ်းနှင့် ငွေဖြစ်အဖြူလမ်းတို့လည်း အလုပ်လျှင်မဖြစ်ကြောင်းကို ဖော်ပြထားသည်။

**ဒဂုံသူဖွဲ့ လေးချိုးကြီး**

"ကွန့်လှိုင်း ဂယက်ရေ သမုဒ္ဒအဏ္ဏဝါကမ်းတွင်မှ၊ ဝန့်သိုင်းစက်ရဝေ အချုပ်အချာစခန်းပေပ၊ မွန့်တိုင်းကျက်သရေ ဥက္ကလာကြွနန်းပေမို့၊ သို့အရာရာမှန်းလိုက်တော့၊ တချို့မြာတွေကလည်းဆန်းပေမဲ့၊ (ကျော်ရွှဲ့ရေ) ငါတို့အညာမန်းလိုဖြင့် နန်းလေ့ထီးမဘွယ်။ (ဩော်) သို့လော သို့လောတွေနှင့်၊ အန္တိ ပြောပါရစေအုံ့၊ တို့တောရွာ အညာဆီမတော့၊ မြန်မာပီပီ ပွဲတက်အခန်းတွင်ဖြင့်၊ နသာကြည်ကြည် မကြဲမပြက်ဖြန်းတဲ့ပြင်၊ ပုဝါရှည်ရှည် မဲတဘက် ပန်းပါလို့၊ ဗလာထမီရဲအကွက်အဆန်းတွေနှင့်၊ (အိုမယ်တင့်ရယ်) မကြမ်းသပ်ရပ် မဆန်းတတ်ရှာပေမဲ့၊ ခန်းနဝရတ်ကယ်သို့၊ (ကွယ်တို့ရယ်) မန်းခပ်နွယ်နွယ်။ .....(အို သိကြားတို့နတ်တို့ရဲ့) ကြွားတားတားများ ရပ်လိုက်မှဖြင့်၊ ဘုရား ဘုရားနှင့် အနားမှလဲ မကပ်ဝံ့နိုင်ဘု၊ (အမယ်မင်း) ပါးပါးလှပ်ဟာမို့၊ အရပ်ကတို့ ကူပါကယ်ပါတွေနှင့်နှော၊ မူယာများတဲ့ အကြွားအယဉ် အချောကလေးတို့ရဲ့၊ ရထားတင်သော အမှုတည်းဟူသော၊ (အကြွင်သဘောရှုလိုက်က) ရှင်စောပုက ကနဦးပထမဆုံး။" ဟု မွန်မိန်းမပျိုများကို ဥပမာထား၍ အမျိုးသမီးများ အညာလို နန်းဓလေ့ နန်းဟန်မဆန်တော့ကြောင်းကို ဆရာကြီးမှ ဤလေးချိုးကြီးဖြင့် ပြောရှာပေသည်။

**ဗိုလ်ဋီကာ၏ အဆုံးသတ်လေးချိုး**

ဆရာကြီးသည် အသက်၃၈နှစ်အရွယ် သူရိယသတင်းစာ၌ ရေးသားခဲ့သည့် ဗိုလ်ဋီကာ ဆောင်းပါးများသည် နိုင်ငံ၏ အမျိုးသားရေး၊ ဘာသာရေး၊ သာသနာရေးတို့သာမက ဇာတိမာန်တက်ကြွဖွယ်အရေးတို့ကို ရှေ့ဆောင်လမ်းပြအသိပေး၍ သတိပေးနေပေသည်။ မြန်မာဆိုတာသည်လို ကိုယ့်ထီးကိုယ့်ကြငှာန်းနှင့် နေသူဖြစ်ကြောင်း၊ နယ်ချဲ့တိုင်းတစ်ပါးကုလားဖြူတို့၏ လက်အောက်တွင် နေထိုင်လိုသူများ မဟုတ်ကြောင်းကို ဗိုလ်ဋီကာ အဆုံးသတ် ဤလေးချိုးဖြင့် ယခုလိုပြောခဲ့ရာ "တားရက်နှင့်သာ၊ မှားဘက်တဘေပါလို့၊ ရွှေမြန်မာ ဇမ္ဗူရစ်တို့ကိုလ၊ မအေစာလျှင် ဘယ်သူမှ မဖြစ်ကြပေဘုရယ်လို့၊ ဇွတ်နှစ်ကာ တစ်ဉာဏ်ခြယ်တော့၊ ကံဖယ်လျှင် ကြံတယ် အလကားပါဘဲ၊ မြန်နယ်မှာ နံမည်မထွားခင်က၊ သူ့ရန် ခုခံတဲ့ အမှားတွေကြောင့်၊ (အမယ်မင်း) သကြားလက်နက်ကဲ့သို့ ချုပ်သမို့ အာဏာအဟိန်းတွေနှင့်၊ (ဩော်) တရားပျက်ကွက်လို့ ပြုတ်ဖို့ဓမ္မတာကိန်းပေထင့်၊ (ဝန်မင်းရယ်) ကုလားတက်လို့၊ ကျုပ်တို့အညာကိုသိမ်း။"

**အလင်းဖွင့်**

မစ္စတာမောင်မှိုင်း၏ ဗိုလ်ဋီကာကလောင်စွမ်းကြောင့် မြန်မာ့စာပေလောကသည် ရုတ်တရက်ဆိုသလို အချိုးအကွေ့နှင့် ကြုံရပြီး ယခင်ကဖွဲ့နွဲ့ခဲ့သည့် ကဗျာပုံသဏ္ဌာန်၊ အကြောင်းအရာ၊ အနှစ်သာရနှင့် ရည်ရွယ်ချက်တို့ ပြောင်းလဲလာကာ အသစ်တွေ ဖြစ်ထွန်းလာ၍ နိုင်ငံရေးအရရော ကဗျာဖွဲ့ပုံနည်းအရပါ တစ်ပြိုက်နက် အလင်းဖွင့်လိုက်သလိုဖြစ်သွားကြသည်။ နိုင်ငံသူ၊ နိုင်ငံသားတို့သည် အမှောင်ရပ်ဝန်းအတွင်း နှစ်ပေါင်း ၉၀ ခန့် နစ်မွန်းနေရာမှ ရုတ်တရက်လှုပ်နှိုး အလင်းထွန်းလိုက်သလိုဖြစ်ကြကာ လွတ်လပ်ရေးဆိုသည်ကို ရှေးရှုလာကြသည်။ ဆရာကြီးသည်လည်း သူ၏ကလောင်စွမ်းကို ရှေးကထက် ပိုမိုယုံကြည် သက်ဝင်လာကာ ဗိုလ်ဋီကာမှသည် ဒေါင်းဋီကာဆီသို့ ရွေ့လျားရေးသားပေသည်ဟု ဆိုရပေမည်။ ထိုမှသည် ဆက်၍ဆက်၍ ဆရာကြီး၏ ကလောင်စွမ်းသည်လည်း မြန်မာ့စာပေလောကစင်မြင့်တွင် တင့်၍တင့်၍လာသလို မြန်မာ့နိုင်ငံရေးသည်လည်း နိုင်ငံလွတ်လပ်ရေးဆီသို့ ဆင့်၍ ဆင့်၍ ချီနေပေတော့သည်။

**ကိုးကား**

- **မစ္စတာမောင်မှိုင်း၏ ဗိုလ်ဋီကာ။**
- **မင်းသုဝဏ်၏ ပန်းနှင့် ပင်စည်။**
- **အရှင်ကုမာရ၏ ကဗျာ့အုတ်မြစ် စနစ်သစ်။**
- **သူရဇော်၏ အချိုးကဗျာလေ့လာချက်။**

# ကသာမြို့နယ်တွင် မိုးစပါး ၂၅၄၀၁ ကေရိတ်သိမ်းပြီးစီး တစ်ကေလျှင် ၈၂ ဒသမ ၁၆ တင်းထွက်ရှိ



**ကသာ ဇန်နဝါရီ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်တွင် မိုးစပါး ၂၅၄၀၁ ကေ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၈၂ ဒသမ ၁၆ တင်း ထွက်ရှိကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၃၈၄၉၀ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများကို ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၂၅၄၀၁ ကေ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၈၂ ဒသမ ၁၆ တင်း ထွက်ရှိကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီ ကသာမြို့နယ်မှာ မိုးစပါး ကေ ၃၈၀၀၀ ကျော်ထိ စိုက်ပျိုးထားပါတယ်။ လက်ရှိမှာတော့ အဲဒီစိုက်ပျိုးထားတဲ့ မိုးစပါးစိုက်ခင်းတွေ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ မိုးစပါး ကေ၂၅၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မိုးစပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့ နည်းပညာ၊ မျိုးတွေ ဆောင်ရွက်ပေးပါတယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ပါတယ် " ဟု ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြသည်။

စပါးသီးနှံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ ပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည် ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကိုလေးထံမှ သိရသည်။

(၂၀၆)

# မိုင်းယန်းမြို့နယ် မိုင်းလွေခေတ်မီစံပြကျေးရွာ၌ အခြေခံစက်ချုပ်သင်တန်းဆင်းပွဲ ကျင်းပ

**မိုင်းယန်း ဇန်နဝါရီ ၁၇**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယန်းခရိုင် မိုင်းယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေ အမျိုးသမီးများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံ စက်ချုပ်သင်တန်းဆင်းပွဲကို ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းယန်းခရိုင် ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမန်ကိုဟောက သင်တန်းဆင်း အမှာစကား ပြောကြားသည်။

ဆက်လက်၍ မိုင်းယန်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်ကျော်က သင်တန်းတွင် ထူးချွန်သူများနှင့် သင်တန်းပြီးဆုံးအောင် တက်ရောက်ခဲ့သည့် သင်တန်းသူများကို အလုပ်အကိုင်များရရှိစေရန် ချိတ်ဆက်ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း၊ ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်မည့် သင်တန်းသူများကိုလည်း ဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများမှ အရင်းအနှီးများ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း ပြောကြားပြီး တာဝန်ရှိသူများက ထူးချွန်ဆုများနှင့် သင်တန်းဆင်းလက်မှတ်များကို သင်တန်းသူများထံ ချီးမြှင့်ပေးအပ်ခဲ့ပြီး သင်တန်းသူများမှ ချုပ်လုပ်ထားသော အဝတ်အထည်များကို ကြည့်ရှုအားပေးသည်။

အဆိုပါသင်တန်းကို မိုင်းယန်းမြို့နယ်အတွင်းရှိ မိုင်းလွေခေတ်မီစံပြကျေးရွာမှ သင်တန်းသူ ၁၀ ဦး တက်ရောက်ခဲ့ပြီး ကျွမ်းကျင်နည်းပြဆရာမ နှစ်ဦးက အခြေခံစက်ချုပ်သင်တန်းနှင့် သက်ဆိုင်သည့် သင်ခန်းစာများကို လုပ်ငန်းထူထောင်နိုင်သည်ထိ စာတွေ့၊ လက်တွေ့ နှစ်မျိုးဖြင့် ၄၅ ရက်ကြာ အခမဲ့သင်ကြားပို့ချပေးခဲ့ကြောင်း မိုင်းယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်ကျော်ထံမှ သိရသည်။

ချိုသန်းညွန့်

# ဇမ္ဗူသီရိမြို့နယ် ဂုဏ်မင်းအင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၁၇**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားခရိုင် ဇမ္ဗူသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဂုဏ်မင်းအင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပျဉ်းမနားခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခိုင်ရွှေဝါ၊ ဇမ္ဗူသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေဇင်လှိုင်နှင့် တာဝန်ခံ အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ ဂုဏ်မင်းအင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ရာသီမရွေး သောက်သုံးရေ ဖူလုံစွာ သုံးစွဲနိုင်ရေးအတွက် ဆောင်ရွက်ပြီးစီးသည့် ကျေးလက်ရေရရှိရေးလုပ်ငန်းများကို ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ဇမ္ဗူသီရိမြို့နယ် ဂုဏ်မင်းအင်းကျေးရွာ၌ အနက် ပေ ၂၀၀၊ အကျယ် လေးလက်မခွဲရှိ စက်ရေတွင်းတူးဖော်ခြင်း၊ 3HP Sub-mersible Pump တပ်ဆင်ခြင်း၊ 6.3 kW Solar စနစ် တည်ဆောက်ခြင်းလုပ်ငန်းများကို နေပြည်တော်ကောင်စီရန်ပုံငွေကျပ် ၂၈ ဒသမ ၈၁၆ သန်းဖြင့် ၂၀၂၄ ခုနှစ် ဇွန် ၃၀ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ဇမ္ဗူသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေဇင်လှိုင်က ပြောပြ၍ သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)



# ညောင်ရွှေမြို့နယ် ကန်ခေါင်းကျေးရွာ၌ VDP စီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ညောင်ရွှေ ဇန်နဝါရီ ၁၇**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးပေါခုံကျေးရွာအုပ်စု ကန်ခေါင်းကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကလောခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်း၊ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ကန်ခေါင်းကျေးရွာ၌ VDP စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်းက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့်ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ကန်ခေါင်းကျေးရွာ၌ သစ်သားမီးတိုင်မှ ကွန်ကရစ်မီးတိုင်လဲလှယ်ခြင်း (10M ၂၄ တိုင်) လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)ဖြင့် နိုင်ငံတော်ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀ ဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာပံ့ပိုးကူညီကာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီများမှ ဦးဆောင်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဒီဇင်ဘာလ ပထမပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ကလောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်းထံမှ သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

# ဖျာပုံမြို့နယ်မှ ထွက်ရှိသည့် ဒေသထွက် ငါးကွမ်းရှပ်ငါးခြောက်များ အရောင်းအဝယ်ကောင်းမွန်နေ

**ဖျာပုံ ဇန်နဝါရီ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ထွက်ရှိသည့် ဒေသထွက် ငါးကွမ်းရှပ်ငါးခြောက်များ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဖျာပုံမြို့နယ် ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဇာဇာမြင့်က ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်တွင် ငါးကွမ်းရှပ်ငါးခြောက်များအပါအဝင် ငါးခြောက်များကို စနစ်တကျထုတ်လုပ်ရောင်းချလျက်ရှိပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ပထမပတ်မှ ယနေ့ထိ ငါးကွမ်းရှပ်ငါးခြောက်များ ဝယ်ယူမှု များပြားနေခြင်းကြောင့် အရောင်းအဝယ် ကောင်းမွန်လျက်ရှိကြောင်း၊ အဆိုပါဒေသမှ ထုတ်လုပ်ရောင်းချသည့် ငါးကွမ်းရှပ်ငါးခြောက်များ လက်ရှိ တစ်ရက်လျှင် ပိဿာချိန် ၁၀၀ မှ ၂၅၀ ထိ အရောင်းအဝယ် ဖြစ်နေကြောင်း သိရသည်။

" ငါးကွမ်းရှပ်ငါးခြောက်တွေ အရောင်းအဝယ် ကောင်းနေပါတယ်။ ဇန်နဝါရီလ ပထမပတ်လောက်ကတည်းက စတင်အရောင်းအဝယ် ကောင်းမွန်ခဲ့တာပါ။ ဒေသထွက် ငါးကွမ်းရှပ်ငါးခြောက်တွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများပြားနေပါတယ်" ဟု ဖျာပုံမြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဇာဇာမြင့်က ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်တွင် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် ငါးပိ၊ ငါးခြောက်များကို ပြုလုပ်ပြီး ဒေသထွက် ငါးကွမ်းရှပ်ငါးခြောက်များအပါအဝင် ငါးခြောက်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးကွမ်းရှပ်ငါးခြောက် ၁၀ ပိဿာလျှင် ငွေကျပ် ၃၀၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း ဒေါ်ဇာဇာမြင့်က ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

# လူငယ်ဘဝဖွံ့ဖြိုးမှ အနာဂတ်ပြည်ရွာလှပ

မြမဥ္ဇူဝေ(ကျုံမငေး)

ယနေ့လူငယ်များသည် နိုင်ငံတော်၏ အနာဂတ်ကာလကို ကောင်းစွာစောင့်ရှောက်ကြမည့်သူများဟု ဆိုရပါမည်။ အထူးသဖြင့် အနာဂတ်နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုတွင် အဓိကပါဝင်ကြမည့်သူများ ဟုလည်း ဆိုနိုင်ပါသည်။ ကမ္ဘာ့နိုင်ငံအသီးသီးကို လှမ်းမျှော်ကြည့်လိုက်လျှင် လူငယ်များသည်

- စိတ်ဓာတ်စည်းကမ်းကောင်းမွန်ခြင်း၊
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ခြင်း။
- အတွေးအခေါ်မှန်ကန်ခြင်း။
- အသိပညာ အတတ်ပညာမြင့်မားခြင်း၊
- ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်ဖွံ့ဖြိုးခြင်း။

ဆိုသော အခြေခံအချက်များနှင့် ပြည့်စုံရန်လိုအပ်ပါသည်။ သို့မှသာ တိုင်းပြည်အတွက် အားကိုးအားထားနိုင်မည့်သူများဖြစ်ပေမည်။ ထိုလူငယ်များသည် မူဝါဒကောင်းများ လေ့ကျင့်ပျိုးထောင်မှုကောင်းများကို လိုက်နာကျင့်သုံးမည်ဆိုလျှင်လည်း တိုင်းပြည်အတွက် အားထားနိုင်မည့်လူငယ်များ ကေန်ဖြစ်မှာလည်း သေချာပါသည်။

လူငယ်တိုင်းသည် ကောင်းမွန်သောဘဝရပ်တည်မှုဖြင့် မိမိတို့ဘဝကို မြှင့်တင်နိုင်ကြမှသာ လူ့ဘောင်ဘဝတွင် ဘဝဖွံ့ဖြိုးရှင်သန်ခြင်းကို ခံစားနိုင်ကြမည်ဖြစ်သည်။ အခြေအနေ အချိန်အခါအရ ကောင်းသောရပ်တည်မှု၊ ကောင်းသောသင်ယူမှုသည် မိမိတို့၏ မျှော်မှန်းနေသော အနာဂတ်ကာလသို့ ကောင်းစွာသွားရောက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် လူငယ်တိုင်း ဖွံ့ဖြိုးသောဘဝကိုခံစားနိုင်ရန် လုပ်ငန်းစဉ်များ၊ မူဝါဒများ ရေးဆွဲအကောင်အထည်ဖော်ကြရန်လည်းလိုသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ လူမှုရေးဦးတည်ချက် ၃ ရပ်အနက် “နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး"ဟူ၍ ချမှတ်ထားရှိပြီး လူငယ်ကဏ္ဍကို ဘက်စုံဖွံ့ဖြိုးတိုးတက်ရန် အလေးထားဆောင်ရွက်မှုများကို ဦးစားပေးလုပ်ဆောင်နေသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ပူးပေါင်းကာ လူငယ်ဖွံ့ဖြိုးရေးဆိုင်ရာအစီအစဉ်များကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့် လူငယ်များ နိုင်ငံသားကောင်းများဖြစ်လာစေရေးကို အလေးထားဆောင်ရွက်မှုများလည်း ပြုလုပ်နေသည်။ လူငယ်တိုင်းအတွက် လိုအပ်သည်က အတွေးအခေါ်မှန်ကန်ရေးနှင့် ကိုယ်စွမ်းဉာဏ်စွမ်းအားကို ကောင်းမွန်စွာ တည်ဆောက်နိုင်ရေးသာဖြစ်သည်။

ထို့ကြောင့် လူငယ်များ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုသည် လူငယ်များနှင့်သာ သက်ဆိုင်သည်မဟုတ် ပူးပေါင်းချိတ်ဆက်ရမည့် လူမှုရေးအဖွဲ့အစည်းများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ လူငယ်ဖွံ့ဖြိုးရေးဆိုင်ရာ အစီအစဉ်များကို ရေးဆွဲခြင်းဖြင့် စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းစဉ်များကိုပါ အလေးထားလုပ်ကိုင်ကြရမည်ဖြစ်သည်။

မိမိတို့နိုင်ငံအတွင်းရှိ လူငယ်များသည် နိုင်ငံ၏အနာဂတ်အရေးကို ကောင်းစွာစောင့်ရှောက်နိုင်မည့် မျိုးဆက်သစ်များဟု ကြီးမားသောမျှော်လင့်ချက်များနှင့် ဂုဏ်ယူနေတတ်ကြ၏။ လူငယ်တစ်ဦးချင်းစီကလည်း မိမိတို့၏ အသိဉာဏ်ပညာများ၊ ကိုယ်ရည်ကိုယ်သွေးများမြင့်မားလာစေရန်၊ စိတ်ဓာတ်ကြံ့ခိုင်စေရန်၊ အမှန်တရားကို တန်ဖိုးထားနိုင်ရန် ကောင်းမွန်သော ဆင်ခြင်တုံတရားကို မွေးမြူကြရန် လိုသည်။ ထိုမှတစ်ဆင့် ဖွံ့ဖြိုးတိုးတက်ခြင်းနှင့် မိမိတို့ဘဝအရှည်ခရီးကို လျှောက်လှမ်းနိုင်ရန် အဓိပတိတရားကို နှလုံးသွင်းဆင်ခြင်ကြရန်လိုပါသည်။ အဓိပတိတရားဆိုသည်ကား-

- အလုပ်ကိစ္စတစ်ခုအတွက် ပြင်းထန်သော ဆန္ဒရှိရန် “ဆန္ဒာဓိပတိ"ကို မွေးမြူကြရမည်။
- လုပ်ကိုင်ကြမည့် အလုပ်အကိုင်အတွက် ပြင်းထန်သော ဖွဲ၊ လုံ့လ၊ ဝီရိယရှိရန် "ဝီရိယဓိပတိ"နှင့်လည်း ပြည့်စုံကြရပါမည်။
- မိမိလုပ်ကိုင်နေသော အလုပ်အပေါ်၌လည်း စိတ်နှလုံးစွဲမြဲစွာ ထားကြရမှာဖြစ်သောကြောင့် "စိတ္တာဓိပတိ"ကိုလည်း ပွားများစွာထားနိုင်ရပါမည်။
- အစစအရာရာ ကောင်းသောအသိဉာဏ်ကို အားကောင်းစေရန်အတွက် “ဝီမံသာဓိပတိ" နှင့်လည်း ဆင်ခြင်သတိပြုကြရပါမည်။

ထိုအဓိပတိတရားများကို ပွားများနိုင်ပြီဆိုလျှင် ဤလူငယ်များသည် နောင်အနာဂတ်ကာလတွင် လူတော်လူကောင်းများအဖြစ် တာဝန်များထမ်းဆောင်နေကြရမည်ဖြစ်သည်။ မိမိတို့ဘဝအတွက်လည်း ဖွံ့ဖြိုးတိုးတက်မှုစိတ်အစဉ် ကြံ့ခိုင်တည်ကြည်ဖြောင့်မတ်မှုများနှင့် မိမိကိုယ်၌လည်း ဖွံ့ဖြိုးချင်သည့် "ဆန္ဒ"၊ ဖွံ့ဖြိုးရန်မောင်းတင်ထားရမည့် “ဝီရိယ”၊ အမှားအမှန်ကိုဉာဏ်ဦးစီးပြီး ဆုံးဖြတ်ရမည့် "ပညာ"၊ တစိုက်မတ်မတ် စွဲမြဲစွာရှိရမည့် "စိတ်"၊ ရှောင်သင့်ဆောင်သင့်သည်ကိုခွဲခြားနားလည်လိုက်နာရမည့်"စည်းကမ်း" နှင့် ပြည့်စုံသောလူငယ်များဖြစ်လာပြီဟုဆိုနိုင်ပြီး မိမိဘဝ၊ မိမိ မိသားစု၊ မိမိနိုင်ငံတော်ကို စောင့်ရှောက်ကူညီနိုင်သော လူတော်လူကောင်းများဖြစ်မည်။

လူငယ်များတွင် ပညာရေးဖွံ့ဖြိုးခြင်း၊ ကျန်းမာရေးဖွံ့ဖြိုးခြင်း၊ လူမှုရေးဖွံ့ဖြိုးခြင်း၊ စီးပွားရေးဖွံ့ဖြိုးခြင်း၊ စာရိတ္တမဏ္ဍိုင်ဖွံ့ဖြိုးခြင်း စသောအခြေခံအချက်များရှိရန်လိုသည်။

သို့ပါ၍ အနာဂတ်ပုံရိပ်ကို ပုံဖော်မည့် “လူငယ်” များအတွက် ဆောင်ရန်ရှောင်ရန် တာဝန်ယူရန်ကိစ္စများသည် လူငယ်များ၏ မှန်ကန်သောအတွေး၊ အသိ၊ သတိများနှင့် ကြိုးစားလျှောက်လှမ်းကြရမည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်သည် လူငယ်ထု၏စွမ်းပကားသည် အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်နေပြီး ထိုနိုင်ငံ၏ အနာဂတ်အကောင်းအဆိုးသည် လူငယ်များ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့်စွမ်းရည်များအပေါ် တည်မှီနေသည်မှာလည်း ဖြစ်မြဲသောဖြစ်စဉ်ပင်ဖြစ်သည်။ ထို့ကြောင့် လူငယ်များသည် တိုင်းပြည်၏ အဖိုးတန်ရတနာများဖြစ်သလို အဖိုးတန်သော လူသားအရင်းအမြစ်များဖြစ်သောကြောင့် နိုင်ငံတော်က အားထားရသည့်လူငယ်များ ပေါ်ထွန်းစေရေး အလေးထားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ပါသည်။

**❖လူငယ်များတွင် ပညာရေးဖွံ့ဖြိုးခြင်း၊ ကျန်းမာရေးဖွံ့ဖြိုးခြင်း၊ လူမှုရေးဖွံ့ဖြိုးခြင်း၊ စီးပွားရေးဖွံ့ဖြိုး ခြင်း၊ စာရိတ္တမဏ္ဍိုင်ဖွံ့ဖြိုးခြင်း စသောအခြေခံအချက် များရှိရန်လိုသည်။ သို့ပါ၍ အနာဂတ်ပုံရိပ်ကို ပုံဖော်မည့် “လူငယ်”များအတွက် ဆောင်ရန်ရှောင်ရန် တာဝန်ယူရန်ကိစ္စ များသည် လူငယ်များ၏ မှန်ကန်သောအတွေး၊ အသိ၊ သတိများနှင့် ကြိုးစားလျှောက်လှမ်းကြရမည်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုး တက်ရန်သည် လူငယ်ထု၏စွမ်းပကားသည် အရေးကြီးသည့်အခန်း ကဏ္ဍမှပါဝင်နေပြီး ထိုနိုင်ငံ၏ အနာဂတ်အကောင်းအဆိုးသည် လူငယ်များ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့်စွမ်းရည်များအပေါ် တည်မှီနေသည် မှာလည်း ဖြစ်မြဲသောဖြစ်စဉ်ပင်ဖြစ်သည်။ ❖**

## မုံရွာမြို့နယ်တွင် ဆောင်းသီးနှံမြေပဲ ၆၇၇၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ ဇန်နဝါရီ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၆၇၇၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။

ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မုံရွာမြို့နယ်တွင် မြေပဲဧက ၆၈၅၀ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၆၇၇၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ မုံရွာမြို့နယ်မှာ မြေပဲဧက ၆၈၅၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၆၇၇၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ အောင်မြင်ဖြစ်ထွန်းလျက်ရှိပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာ ရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

မုံရွာမြို့နယ်တွင် မြေပဲစိုက်ပျိုးရာတွင် တစ်ဧကကို မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့်မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများအပါအဝင် ငွေကျပ်နှစ်သိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း သိရသည်။

မုံရွာမြို့နယ်တွင် မြေပဲစိုက်ခင်းများကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ပြည်တွင်းဆီစားသုံးမှုသာမက ပြည်ပသို့ပါ ပို့ကုန်အဖြစ် တင်ပို့နိုင်မည်ဖြစ်သောကြောင့် မြေပဲကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း မုံရွာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။

(၂၀၆)

## ကျိုက်မရောမြို့နယ် ခြံကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းနေမှု စစ်ဆေး

**ကျိုက်မရော ဇန်နဝါရီ ၁၇**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေဖြင့် ခြံကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်နိုင်ဦး၊ ကျိုက်မရောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးသိန်းစိုးနှင့်ဝန်ထမ်းများက ခြံကုန်းကျေးရွာကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ခြင်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်းဖြင့် ၂၀၂၄ ခုနှစ် ဇွန်လတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး ကျေးရွာမှထွက်ရှိလာသော ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်သို့ အချိန်နှင့်တစ်ပြေးညီ ပေးပို့နိုင်တော့မည်ဖြစ်ကြောင်း၊ ယခင်ကထက်လူနေမှု အဆင့်အတန်းပိုမိုမြင့်မားတိုးတက်လာတော့မည် ဖြစ်ကြောင်း သိရသည်။

သုတ

M L

# တနင်္ဂနွေနေ့ညမှာ ယှဉ်ပြိုင်ကစားမဲ့ ပွဲစဉ်တွေထဲက ဆယ်တာဗီဂိုအသင်း၊ အော်ဇေးအသင်း၊ ဖီအိုရင်တီးနားအသင်းတို့ကို ရွေးချယ်ရမှာပါ




ဒီတစ်ပတ်တနင်္ဂနွေနေ့ညမှာလဲ ဥရောပပွဲစဉ်တွေအားလုံး ပုံမှန်အတိုင်း ယှဉ်ပြိုင်ကစားကြမှာဖြစ်ပြီး စပိန်လာလီဂါမှာဆိုရင် ရီးရဲလ်မက်ဒရစ်အသင်းအနေနဲ့ ဒီရာသီခြေစွမ်းအတက်အကျမမှန်တဲ့ လက်စ်ပါးမက်အသင်းကို အိမ်ကွင်းမှာ ယှဉ်ပြိုင်ကစားရမှာဖြစ်တာကြောင့် လာလီဂါအမှတ်ပေးဇယားမှာ ထိပ်ဆုံးက အေတီကိုအသင်းကို ဖိအားပေးနိုင်ဖွယ်ရှိနေပါတယ်။ ပြင်သစ်လီဂူးပွဲစဉ်အနေနဲ့ကလဲ အမှတ်ပေးဇယားထိပ်ဆုံးက ပီအက်စ်ဂျီအသင်းက ရမှတ် ၄၃ မှတ်နဲ့ အဆင့်(၁)နေရာကို ရပ်တည်နေပြီး အဆင့်(၂)နေရာက မာဆေးအသင်းကို ခုနစ်မှတ်ထိ ဖြတ်ထားနိုင်ပါတယ်။ စီးရီးအေမှာတော့ အမှတ်ပေးဇယားအဆင့်(၁)နေရာက နာပိုလီ၊အဆင့်(၂)နေရာက အင်တာမီလန်အသင်းနဲ့ အဆင့်(၃)နေရာက အတ္တလန်တာအသင်းတို့ ရမှတ်ကွာဟမှုကျဉ်းမြောင်းနေသေးတာကြောင့် သူတို့အသင်းတွေအနေနဲ့လဲ ချန်ပီယံဆုအတွက် လာမဲ့ပွဲစဉ်တွေဟာ ပြိုင်ဆိုင်မှုပြင်းထန်လာနေအုံးမှာပါ။ ဒ့ါပြင် ဂျာမန်ဘွန်ဒက်စ်လီဂါမှာတော့ ဘိုင်ယန်မြူးနစ်အသင်းက အဆင့်(၁)နေရာမှာ ရမှတ် ၄၂ မှတ်ရထားပြီး လေဗာကူဆင်က ရမှတ် ၃၈ မှတ်နဲ့ အဆင့်(၂)နေရာကနေ လေးမှတ်ကွာဖိအားပေးကစားနေတာကို တွေ့ရပါတယ်။ လေဗာကူဆင်အသင်းရဲ့နောက်ပိုင်းပွဲစဉ်တွေမှာ ခြေစွမ်းပိုင်းနဲ့ရလဒ်ပိုင်း အကောင်းဆုံးပုံစံမှာရှိနေသလို အဆင့်(၃)နေရာက ဖရန့်ဖတ်၊ အဆင့်(၄)နေရာက လိုက်ပ်ဇစ်အသင်းတို့ကြောင့်လဲ ဂျာမန်ဘွန်ဒက်စ်လီဂါပွဲစဉ်တွေအနေနဲ့ ပရိသတ်စိတ်ဝင်စားစရာဖြစ်လာအုံးမှာပါ။ ဒါကြောင့် ဒီတစ်ပတ်မှာလဲ အကောင်းဆုံးဖြစ်မဲ့ ပွဲစဉ်တစ်ချို့ကို လေ့လာသုံးသပ်ရွေးချယ်ပေးလိုက်ရပါတယ်။

## ဆယ်တာဗီဂိုအသင်းကို ရွေးချယ်ရမှာပါ

တနင်္ဂနွေနေ့ညမှာ ယှဉ်ပြိုင်ကစားမဲ့ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ စပိန်လာလီဂါပွဲစဉ်တွေထဲက ဆယ်တာဗီဂိုအသင်းနဲ့ ဘီလ်ဘာအိုအသင်းတို့ရဲ့ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းဟာ စပိန်လာလီဂါပွဲစဉ်(၂၀)အဖြစ် ယှဉ်ပြိုင်ကစားကြမှာဖြစ်ပြီး ပထမအကျော့မှာဆိုရင် ဘီလ်ဘာအိုအသင်းက သုံးဂိုး တစ်ဂိုးနဲ့ အိမ်ကွင်းမှာ အနိုင်ရခဲ့ပါတယ်။ လက်ရှိအမှတ်ပေးဇယားမှာတော့ ဆယ်တာဗီဂိုအသင်းအနေနဲ့ အဆင့်(၁၂)နေရာမှာ ရပ်တည်နေပြီး ပွဲစဉ်(၁၉) ပြီးဆုံးချိန်မှာတော့ ခုနစ်ပွဲနိုင် သုံးပွဲသရေ ကိုးပွဲရှုံးရလဒ်ကို ရရှိထားပါတယ်။ သူတို့အသင်းအနေနဲ့ အမှတ်ပေးဇယားတန်းဆင်းဇုန်နဲ့ ရမှတ်ကွာမှုကြီးမားနေတယ်ဆိုပေမဲ့လဲ ဒီရာသီမှာတော့ အိမ်ကွင်းနှစ်ပွဲသာ ရှုံးနိမ့်ထားတာကို တွေ့ရပါတယ်။ ဆယ်တာဗီဂိုအသင်းဟာ အိမ်ကွင်းဆိုရင် တိုက်စစ်ပိုင်းနဲ့ အသင်းလိုက်စွမ်းဆောင်ရည်ပိုင်း အကောင်းဆုံးပုံစံမှာရှိနေတာကို တွေ့ရပါတယ်။ ဒ့ါပြင် အိမ်ကွင်းနောက်ဆုံးလေးပွဲမှာ တစ်ပွဲသာ သရေကျထားပြီး သုံးပွဲထိ နိုင်ပွဲရယူထားနိုင်တာကြောင့် အခုပွဲစဉ်မှာ ဘီလ်ဘာအို အသင်းအနေနဲ့ ရလဒ်ကောင်းအောင် ရုန်းကန်ကစားရပါလိမ့်မယ်။

ဘီလ်ဘာအိုအသင်းကတော့ ပွဲစဉ်(၁၉)ပွဲကစားပြီးမှာ ၁၀ ပွဲနိုင်၊ ခြောက်ပွဲသရေ၊ သုံးပွဲရှုံးရလဒ်ရရှိထားပြီး အမှတ်ပေးဇယားအဆင့်(၄)နေရာမှာရပ်တည်နေတဲ့အသင်းပါ။ သူတို့အသင်းအနေနဲ့ လက်ရှိဘောလုံးရာသီမှာ အကောင်းဆုံးစွမ်းဆောင်ထားနိုင်တယ်ဆိုပေမဲ့ နောက်ဆုံးပွဲစဉ်နှစ်ပွဲဖြစ်တဲ့ ဆော်ဒီမှာကျင်းပတဲ့ စူပါကပ်ပြိုင်ပွဲဆီမီးဖိုင်နယ်ပွဲစဉ်မှာ ဘာစီလိုနာအသင်းကို ရှုံးနိမ့်ခဲ့သလို ပြီးခဲ့တဲ့ကြားရက် စပိန်ကိုပါဒယ်ရေးဖလားပွဲစဉ်မှာလဲ အိုဆာဆူနာအသင်းကို နှစ်ဂိုး သုံးဂိုးနဲ့ရှုံး နိမ့်ထားတာကို တွေ့ရပါတယ်။ ဒ့ါကြောင့် သူတို့အသင်းအနေနဲ့ ကစားသမားတွေရဲ့ ပွဲပန်းမှုနဲ့ နှစ်ပွဲဆက်ရှုံးနိမ့်မှုကြောင့် အခုလိုလာလီဂါပွဲစဉ်မှာ နိုင်ပွဲပြန်ရရှိဖို့ အခက်တွေ့နိုင်ပါတယ်။ ဒ့ါပြင် ဆယ်တာဗီဂိုအသင်းရဲ့ အိမ်ကွင်းနောက်ဆုံးနှစ်ကြိမ်တွေ့ဆုံမှုမှာလဲ ဘီလ်ဘာအိုအသင်း နှစ်ကြိမ်စလုံးရှုံးနိမ့်ထားတာကြောင့် အခုပွဲစဉ်မှာလဲ ဆယ်တာဗီဂိုအသင်းကို ရွေးချယ်ရမှာပါ။

### ဆယ်တာဗီဂိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဆီဗီလာ | ၁ | - | ၀ | ဆယ်တာဗီဂို |
| ဆယ်တာဗီဂို | ၂ | - | ၀ | ဆိုစီဒက် |
| ရေဆင်း | ၂ | - | ၃ | ဆယ်တာဗီဂို |
| ဗယ်ကာနို | ၂ | - | ၁ | ဆယ်တာဗီဂို |
| ရီးရဲလ်ဒရစ် | ၅ | - | ၂ | ဆယ်တာဗီဂို |

### ဘီလ်ဘာအိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အလာဗက်စ် | ၁ | - | ၁ | ဘီလ်ဘာအို |
| အိုဆာဆူနာ | ၁ | - | ၂ | ဘီလ်ဘာအို |
| လီဗွန်နက်စ် | ၀ | - | ၀ | ဘီလ်ဘာအို |
| ဘီလ်ဘာအို | ၀ | - | ၂ | ဘာစီလိုနာ |
| ဘီလ်ဘာအို | ၂ | - | ၃ | အိုဆာဆူနာ |

## အော်ဇေးအသင်းကို အားပေးရမှာပါ

ဒီတစ်ပတ်ပွဲစဉ်တွေမှာ နောက်ထပ်အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ ပြင်သစ်လီဂူးပွဲစဉ်တွေထဲက အန်ဂါအသင်းနဲ့ အော်ဇေးအသင်းတို့ရဲ့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ပြီးခဲ့တဲ့ကြားရက်မှာ ပြင်သစ်လီဂူးအသင်းတွေအားလုံး ပြည်တွင်းကိုပါဖလားယှဉ်ပြိုင်ထားရပြီး အန်ဂါးအသင်းက ပြင်သစ်အောက်တန်းကလပ် ကွီဗယ်လီအသင်းကို နှစ်ဂိုး သုံးဂိုးနဲ့အနိုင်ရရှိခဲ့ပြီး အော်ဇေးအသင်းကတော့ ပါဝင်ယှဉ်ပြိုင်ခွင့်မရှိတော့တာကြောင့် ကြားရက်မှာ အနားရထားတဲ့အသင်းပါ။ ဒီနှစ်သင်းမှာ အန်ဂါးအသင်းက လက်ရှိဘောလုံးရာသီမှာ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိတာကို တွေ့ရပါတယ်။ သူတို့အသင်းအနေနဲ့ နောက်ဆုံးလေးပွဲဆက်အနိုင်ရထားတယ်ဆိုပေမဲ့ အဲဒီထဲက နှစ်ပွဲဟာ ပြင်သစ်ကိုပါဒယ်ရေးဖလားပွဲစဉ်တွေသာဖြစ်ပြီး ကျန်နှစ်ပွဲကတော့ တန်းဆင်းဇုန်အောက်ဆုံးက မောင့်ပယ်လီယာအသင်းနဲ့ အဝေးကွင်းတစ်ပွဲသာအနိုင်ရထားတဲ့ ဘရက်အသင်းတို့ကို အနိုင်ရရှိခဲ့တာပဲဖြစ်ပါတယ်။ ဒ့ါပြင် အန်ဂါးအသင်းအနေနဲ့ ဒီရာသီ ပြင်သစ်လီဂူးပွဲစဉ်မှာ အိမ်ကွင်းစွမ်းဆောင်ရည်ဒုတိယဆိုးရွားတဲ့အသင်းအဖြစ် ရပ်တည်နေပြီး အိမ်ကွင်းနိုင်ပွဲကလဲ နှစ်ပွဲသာ ရရှိထားတာကို တွေ့ရပါတယ်။

လက်ရှိဘောလုံးရာသီမှာ တန်းတက်လာတဲ့အော်ဇေးအသင်းရဲ့ ခြေစွမ်းကတော့ အသိအမှတ်ပြုရမှာဖြစ်သလို အမှတ်ပေးဇယားအဆင့်(၁၀)နေရာမှာ ရမှတ်၂၂မှတ်နဲ့ ရပ်တည်နေပါတယ်။ သူတို့အသင်းဟာ ပွဲစဉ်(၁၇)ကစားပြီးချိန်မှာ ခြောက်ပွဲနိုင်၊ လေးပွဲသရေ၊ ခုနစ်ပွဲရှုံးနိမ့်ထားပေမဲ့ ပြီးခဲ့တဲ့ပွဲစဉ်တွေမှာ ပီအက်စ်ဂျီနဲ့ လိုင်လီလိုအသင်းကို ဂိုးမရှိသရေကစားထားနိုင်တဲ့အတွက် သူတို့အသင်းရဲ့လက်ရှိခံစစ်ပိုင်းက အကောင်းဆုံးပုံစံမှာရှိနေတယ်လို့ ဆိုရမှာပါ။ ဒ့ါပြင် နောက်ဆုံးငါးပွဲမှာ နိုင်ပွဲပျောက်ဆုံးနေတယ်ဆိုပေမဲ့ သုံးပွဲသရေစွမ်းဆောင်ထားနိုင်တဲ့သူတို့အသင်းကစားစွမ်းဆောင်နိုင်မှုက အခုပွဲစဉ်မှာလဲ အန်ဂါးအသင်းကို အခက်တွေ့နေအုံးမှာပါ။ သူတို့နှစ်သင်းရဲ့ပထမအကျော့ပွဲစဉ်မှာ အော်ဇေးအသင်းက အိမ်ကွင်းမှာ တစ်ဂိုးဂိုးမရှိနဲ့အနိုင်ရထားတာကို တွေ့ရပါတယ်။ ဒ့ါပြင် ဒီနှစ်သင်းနောက်ဆုံးတွေ့ဆုံမှု ငါးကြိမ်မှာလဲ အန်ဂါးအသင်း အနိုင်ရယူထားနိုင်ခြင်းမရှိတာကြောင့် အခုပွဲစဉ်မှာ အော်ဇေးအသင်းကို အားပေးရမှာပါ။

### အန်းဂါးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ရင်းနက်စ် | ၂ | - | ၀ | အန်ဂါး |
| ဘာဂိုလက် | ၀ | - | ၁ | အန်ဂါး |
| အန်ဂါး | ၂ | - | ၀ | ဘရက်စ် |
| မောင့်ပယ်လီယာ | ၁ | - | ၃ | အန်ဂါး |
| ကွီဗယ်လီ | ၂ | - | ၃ | အန်ဂါး |

### အော်ဇေးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အော်ဇေး | ၀ | - | ၀ | ပီအက်စ်ဂျီ |
| အော်ဇေး | ၂ | - | ၂ | လန်းစ် |
| အော်ဇေး | ၀ | - | ၁ | ဒန်ကာကွတ် |
| စထရာဘော့ | ၃ | - | ၁ | အော်ဇေး |
| အော်ဇေး | ၀ | - | ၀ | လိုင်လီ |

## ဖီအိုရင်တီးနားအသင်း ရလဒ်ကောင်းမှာပါ

နောက်ထပ်ရွေးချယ်ပေးချင်တဲ့အသင်းကတော့ ဖီအိုရင်တီးနားအသင်းနဲ့ တိုရီနိုအသင်းတို့ရဲ့ စီးရီးအေပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းဟာ ဒီတစ်ပတ်မှာ စီးရီးအေပွဲစဉ်(၂၁)အဖြစ် ယှဉ်ပြိုင်ကစားကြမှာဖြစ်ပြီး ပြီးခဲ့တဲ့ပထမအကျော့ပွဲစဉ်မှာတော့ တိုရီနိုအသင်းက အိမ်ကွင်းမှာ တစ်ဂိုး ဂိုးမရှိနဲ့ ရှုံးနိမ့်ထားပါတယ်။ လက်ရှိအမှတ်ပေးဇယားမှာ ဖီအိုရင်တီးနားအသင်းဟာ ရမှတ် ၃၂မှတ်နဲ့ အဆင့်(၆)နေရာမှာ ရပ်တည်နေပြီး အဆင့်(၅)နေရာက ဂျူဗင်တပ်အသင်းနဲ့ တစ်ပွဲလျော့ နှစ်မှတ်သာကွာဟနေတာကြောင့် သူတို့အသင်းအနေနဲ့ ဥရောပဝင်ခွင့်အတွက်မျှော်လင့်လို့ရနေတာကို တွေ့ရပါတယ်။ ဖီအိုရင်တီးနားအသင်းဟာ ၁၉ ပွဲကစားပြီးချိန်မှာ ကိုးပွဲနိုင်၊ ငါးပွဲသရေ၊ ငါးပွဲအနိုင်ရထားပြီး အိမ်ကွင်းနိုင်ပွဲကတော့ ငါးပွဲထိရှိထားပါတယ်။ သူတို့အသင်းဟာ စီးရီးအေနောက်ဆုံးငါးပွဲဆက် နိုင်ပွဲပျောက်ထားပြီး တစ်ပွဲသရေ၊ လေးပွဲထိရှုံးနိမ့်ထားတာကြောင့် အခုလိုအိမ်ကွင်းပွဲစဉ်မှာ နိုင်ပွဲပြန်လည်ရရှိစေဖို့ အကောင်းဆုံးပြင်ဆင်လာမှာဖြစ်ပါတယ်။

တိုရီနိုအသင်းကလဲ စီးရီးအေနောက်ဆုံးငါးပွဲမှာ တစ်ပွဲသာအနိုင်ရထားပြီး လေးပွဲဆက်နိုင်ပွဲပျောက်ဆုံးထားတဲ့အသင်းပါ။ သူတို့အသင်းဟာ အမှတ်ပေးဇယားအဆင့်(၁၂)နေရာမှာရပ်တည်နေပြီး ငါးပွဲနိုင်၊ ခုနစ်ပွဲသရေ၊ ရှစ်ပွဲရှုံးထားကာ ရမှတ် ၂၂ မှတ်ရရှိထားတာကို တွေ့ရပါတယ်။ သူတို့အသင်းအနေနဲ့ အဓိကကစားသမား တီယာဂိုမေ့ဒတာ အနီကတ်နဲ့ ပွဲပယ်ခံထားရသလို ဇာပါတာ၊ အိုင်လစ်တို့ ဒဏ်ရာရရှိထားတာကြောင့် အခုလိုရလဒ်ပိုင်းမတည်ငြိမ်တာပဲဖြစ်ပါတယ်။ ဒ့ါကြောင့် အခုပွဲစဉ်မှာလဲ တိုရီနိုအသင်းအနေနဲ့ ဖီအိုရင်တီးနားအသင်းကို ဖိအားပေးကစားနိုင်ဖို့ ခက်ခဲအုံးမှာပါ။ ဒ့ါပြင် သူတို့အသင်း နောက်ဆုံးငါးကြိမ်တွေ့ဆုံမှုမှာလဲ ဖီအိုရင်တီးနားအသင်း တစ်ကြိမ်မှရှုံးနိမ့်ထားခြင်းမရှိပါဘူး။ ဒ့ါကြောင့် နိုင်ပွဲပြန်လည်ရှာဖွေလာမဲ့ ဖီအိုရင်တီးနားအသင်း ရလဒ်ကောင်းသွားမှာပါ။

### ဖီအိုရင်တီးနားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဂူမာရက်စ် | ၁ | - | ၁ | ဖီအိုရင်တီးနား |
| ဖီအိုရင်တီးနား | ၁ | - | ၂ | အူဒီးနီးစ် |
| ဂျူဗင်တပ် | ၂ | - | ၂ | ဖီအိုရင်တီးနား |
| ဖီအိုရင်တီးနား | ၀ | - | ၃ | နာပိုလီ |
| မွန်ဇာ | ၂ | - | ၁ | ဖီအိုရင်တီးနား |

### တိုရီနိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အမ်ပိုလီ | ၀ | - | ၁ | တိုရီနို |
| တိုရီနို | ၀ | - | ၂ | ဘိုလောဂ်နာ |
| အူဒီးနီးစ် | ၂ | - | ၂ | တိုရီနို |
| တိုရီနို | ၀ | - | ၀ | ပါးမား |
| တိုရီနို | ၁ | - | ၁ | ဂျူဗင်တပ် |

# ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံမတ်ပဲ ၁၁၄၀၄ ဧက စိုက်ပျိုးပြီးစီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**ယင်းမာပင် ဇန်နဝါရီ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၁၄၀၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၀၄၇၈ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၁၄၀၄ ဧက လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

" ဆောင်းသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်ခရိုင်မှာ မတ်ပဲ ၁၀၄၇၈ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၁၄၀၄ ဧက လျာထားဧကထက်ပိုပြီး စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲ စိုက်ပျိုးရာသီမှာလဲ လိုအပ်တဲ့ နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်တဲ့ နည်းလမ်းတွေကိုလဲ မြေပြင်ထိ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် မြို့နယ်အလိုက် မတ်ပဲစိုက်ပျိုးပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၆၁၁ ဧက၊ ကနီမြို့နယ်တွင် ဧက ၇၆၂၀၊ ဆားလင်းကြီးမြို့နယ်တွင် ၁၁၃ ဧက၊ ပုလဲမြို့နယ်တွင် ဧက ၃၀၆၀ စုစုပေါင်း ၁၁၄၀၄ ဧက ဖြစ်ကြောင်း၊ မတ်ပဲစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ဧက ၆၀၀၊ ကနီမြို့နယ်တွင် ဧက ၆၇၀၀၊ ဆားလင်းကြီးမြို့နယ်တွင် ဧက ၁၁၀၊ ပုလဲမြို့နယ်တွင် ၃၀၆၈ ဧက စုစုပေါင်း ၁၀၄၇၈ ဧက ဖြစ်ကြောင်း သိရသည်။

မတ်ပဲသီးနှံများကို အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံနိုင်သည့်အပြင် ပြည်ပသို့ပါ ပို့ကုန်အဖြစ် တင်ပို့နိုင်မည်ဖြစ်သောကြောင့် သီးနှံများအထွက်နှုန်း တိုးတက်စေရေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ဘားအံမြို့နယ် ကော့ဖားထော်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဘားအံ ဇန်နဝါရီ ၁၇**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကော့ဖားထော်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်က ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် လုပ်ငန်းများကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်နှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ ကော့ဖားထော်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၈ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၈ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၈ ဦးကို မြစိမ်းရောင်စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ် ၅၉၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်ထံမှ သိရသည်။

**ကိုသက်**

# လေပြင်းဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန

လေပြင်းဘေးအသိပညာပေးစာစောင်



မြန်မာနိုင်ငံအရပ်ရပ်တွင် နွေကြိုကာလ၊ နွေကာလနှင့် မိုးကြိုကာလများအတွင်း နေ့အပူချိန်များ တဖြည်းဖြည်း မြင့်တက်လာရာမှ အပူပျံ့တက်တိမ်များ ဖြစ်ထွန်း၍ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင်စိုက်ဆင်းလေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျားမိုးထစ်ချုန်းရွာခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသည်။

၁

## လေပြင်းဘေးအတွက် ကြိုတင်ပြင်ဆင်ရန် အချက်များ

၁။ မိမိအိမ်၏ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ပြုလုပ်ထားပါ။



၂။ လေပြင်းဒဏ် ခံနိုင်စေရေးအတွက် လိုအပ်သည့်နေရာများတွင် ထောက်တန်းများ/ဒေါက်တိုင်များ ထပ်မံအားဖြည့်တပ်ဆင်ပါ။

၃။ မြေဝင်အိမ်တိုင်များအား လိုအပ်လျှင် တိုင်ဖိနပ်ပတ်လည်တွင် မြေဖို့၍ သိပ်သည်းကျစ်လစ်အောင် ဆောင်ရွက်ပါ။

၄။ သွပ်အမိုးဖြစ်ပါက အစွန်းကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ/သက်ကယ်အမိုးဖြစ်ပါက ဝါးရာဇမတ်ကွက်ကြက်နင်းဖြင့် ခိုင်ခံ့စွာ အုပ်ပါ။ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာ ချည်နှောင်ပါ။



၂

၅။ အိမ်အကာအရံများ၊ တံခါးများ၊ ပြတင်းပေါက်များအား ပိုမိုခိုင်ခံ့စေရန် ကြိုတင်ဆောင်ရွက်ပါ။

၆။ အိမ်အနီးရှိ ကျိုးကျနိုင်သော သစ်ပင်/သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။



၇။ အိမ်အတွင်းရှိပြုတ်ကျ၊ ပြုတ်ကျ၊ ကွဲရှနိုင်သော ပစ္စည်းများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင် ပြုလုပ်ထားပါ။ မီးလောင်စေနိုင်သော ပစ္စည်းများကို စစ်ဆေး၍ လိုအပ်သလို ပြင်ဆင်ထားပါ။

၈။ အရေးပေါ်သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့်အရေးကြီး စာရွက်စာတမ်းများကို မိမိနှင့်အတူ ထားရှိပါ။

၉။ မိသားစုများ အရေးပေါ်ပြောင်းရွှေ့နိုင်ရန် နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ။



၃

## လေပြင်းတိုက်ခတ်နေစဉ် သတိပြုလိုက်နာရန် အချက်များ

၁။ လေပြင်းတိုက်ခတ်ချိန်တွင် အမှိုက်များနှင့် ပစ္စည်းများ လေနှင့်လွင့်ပါက အန္တရာယ်ဖြစ်စေနိုင်သောကြောင့် မလိုအပ်ဘဲ အပြင်သို့ မထွက်ပါနှင့်။



၂။ တံခါးများနှင့် ပြတင်းပေါက်များကို မြဲမြံစွာပိတ်ထားပါ။ မှန်ပြတင်းများအား တိတ်ပြားကြီးများဖြင့် ကန့်လန့်ဖြတ်ကပ်ထားပါ။



၃။ မှန်ပြတင်းပေါက်များနှင့် ဝေးရာတွင် နေထိုင်ပါ။

၄

ASEAN TOURISM AWARDS(2022) ၏ ASEAN MICE Vanue Standard အောင် Exhibition Vanue Award ရရှိခဲ့သော



" မန္တလေးမြို့၏ ဂုဏ်ကျက်သရေဆောင် "



ရတနာပုံ ခန်းမ





**ရရှိနိုင်သောဝန်ဆောင်မှုများ**

ဖိုရမ်များ၊ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊
အစည်းအဝေးများ၊ ရှင်ပြု ရဟန်းခံ နားထွင်းနားသ အလှူပွဲများ၊
မင်္ဂလာဆောင်ပွဲများ၊မွေးနေ့ပွဲများ၊အထိမ်းအမှတ်ညစာစားပွဲများ၊
ဈေးရောင်းပွဲတော်များ၊အရောင်းမြှင့်တင်ရေးပွဲများ၊ နိုင်ငံတကာကုန်စည်ပြပွဲများ၊
အငြိမ့်ပွဲ၊ ပဒေသာကပွဲ၊ ဂီတဖျော်ဖြေပွဲများ၊
အလှမာတ်ပုံရိုက်ကူးခြင်းများအတွက် ခန်းမများ ငှားရမ်းခြင်းနှင့်
ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပါသည်။

**ဆက်သွယ်ရန်လိပ်စာ**

၇၈ လမ်း နှင့် ၃၈ လမ်းထောင့်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ ။
ဖုန်း – ၀၉ ၆၉၅၀၀၈၆၈၀၊ ၀၉ ၆၆၇၈၉၉၉၉၁၊ ၀၉ ၆၆၇၈၉၉၉၉၂၊ ၀၂ ၄၀၃၀၄၃၈၊ ၀၂ ၄၀၃၀၄၃၉။



အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊
ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .

‘ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ’

ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း – ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း – ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း – ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် –မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း – ၀၉ ၆၈၅၁၉၀၇၇






5 Digits Online Lottery

E-Wallet နှင့် အွန်လိုင်းထီဝယ်ယူနည်း

၁။ Aung Bar Lay Application ကို Login ဝင်ပါ။
၂။ မိမိကံစမ်းလိုသော ထီနံပါတ်များအားရွေးချယ်ပါ။
၃။ ထီလက်မှတ် ဝယ်ယူရန်ကိုနှိပ်ပြီး ထီလက်မှတ်အား အတည်ပြုပါ။
၄။ ပေးချေလိုသော Mobile Wallet အားရွေးချယ်ပါ။
၅။ E-Wallet ဖြင့်ထီဝယ်ယူမှု အောင်မြင်ပါပြီ။

*117#

ကိုခေါ်ဆိုပြီး Mytel ဖုန်းဘောလ်ဖြင့်
5 Digits အောင်ဘာလေအွန်လိုင်းထီ
ဝယ်ယူကံစမ်းနိုင်ပါပြီ။



777 Call Center


"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ**

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

**လိပ်မူတိုင်ကြားရန် လိပ်စာ**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇–၈၁၀၃၃၄၇၊
၀၆၇–၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm
Website Address – http://www.accm.gov.mm

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

❖ သစ်တောသစ်ပင်များကို ချစ်မြတ်နိုးကြရန်၊ တစ်ပင်စိုက် တစ်ပင်ရှင်ရမည်ဟူသည့် စိတ်မွေး၍ ဆောင်ရွက်ကြရန်...

❖ အနာဂတ်တွင် စိမ်းလန်းစိုပြည်သည့် ပတ်ဝန်းကျင်ကောင်းနှင့် ကောင်းမွန်သည့် ရာသီဥတုကို လက်ဆင့်ကမ်းနိုင်ရေး သစ်ပင်များကို စနစ်တကျဖြင့် ရှင်သန်ဖြစ်ထွန်းအောင် စိုက်ပျိုးကြရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဇွန် ၇ ရက်တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ရေ၊လေ)မိသားစုများ၏ ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကျင်းပနိုင်ရေးညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကျင်းပနိုင်ရေးညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဇန်နဝါရီ ၁၇ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပရာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ စာမျက်နှာ ၁၈ ကော်လံ ၁ ☆

**တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် မလိကျွန်းနှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်** စာမျက်နှာ- ၁၇

